http://www.dhammadownload.com

# မိုးကျိုးတွင်းမှပွင့်သောကြာ

ဓမ္မဒူတအရှင်ပညာဇောတ

ဒုတိယအကြိမ်

http://www.dhammadownload.com

ဤကျမ်းစာ၌

- ကြာဟူသည် ရေကန်၌သာပေါက်သည် မဟုတ်ပါလော။
- အဘယ်ကြောင့် အဘယ်ကြာက မီးကျီးတွင်းမှပွင့်ပါသနည်း။
- အလှူခံ ပုဂ္ဂိုလ်များလျှင် အလှူအကျိုးကြီးတယ်မဟုတ်ပါလား။
- ဘယ်အလှူခံပုဂ္ဂိုလ်အားလှူရတာထက်
- ဘယ်အလှူခံပုဂ္ဂိုလ်အားလှူရတာက အကျိုးကြီးပါသလဲ။
- အဆင့်ဆင့်အကျိုးကြီးသော အလှူခံပုဂ္ဂိုလ်
- ဘယ်နှစ်မျိုးရှိပါသလဲ။ စသည်စသည် သိချင်ပါလျှင်

ဤကျမ်းစာအုပ်ကို ဖတ်ရှုကြည့်ပါ။

http://www.dhammadownload.com

# မိုးကျိုးတွင်းမှ ပွင့်သောကြာ

ဓမ္မဒူတ–အရှင်ပညာဇောတ

http://www.dhammadownload.com

http://www.dhammadownload.com

# မာတိကာ


| | |
|---|---|
| နိဒါန်း | ၁ |
| ဓမ္မဒူတ အရှင်ပညာဇောတ၏ | |
| အတ္ထုပ္ပတ္တိအချဉ်းချုပ် | ၁၅ |
| တရားအမည် | ၂၇ |
| ကျောင်းတိုက်ကြီးတည် | ၂၉ |
| နိစ္စဘတ်အလှူ | ၃၁ |
| လမ်းဆုံမှာ တူးထားတဲ့ ရေတွင်း ရေကန်ပမာ | ၃၂ |
| မိဘာအရာဌ်တည် | ၃၃ |
| ပစ္စည်းတွေ ကုန် | ၃၄ |
| ဆုတ်-တည်-တိုး | ၃၄ |
| မိစ္ဆာနတ်အကြံ | ၃၅ |
| ဩဝါဒပေးချင်လို့ | ၃၈ |
| သားကြီးထံ သွားပြန်ပြီ | ၄၁ |
| အမွန်အမြတ် မလှူနိုင် | ၄၄ |
| စိတ်မတွန့်စေလင့် | ၄၅ |
| ဝေလာမ အလှူ | ၄၈ |
| စည်လှည့်တယ် | ၄၉ |
| ရှစ်သောင်း လေးထောင် | ၅၃ |
| စင်ကြယ်စွာ လှူ | ၅၃ |

http://www.dhammadownload.com

ရှိသေစွာ လှူခြင်း ၅၇
အညံ့ အကောင်းဆိုတာ ၆၁
ကိုယ့်လက်နှင့် လှူခြင်း ၆၂
အလှူမတတ်သေး ၆၄
လက်ရှိတဲ့အခါ ၆၆
ဆွမ်းကပ်တဲ့အခါ ၆၇
မအပ်သော လှူဖွယ် ၆၈
ရှေ့ချ မလှူသင့် ၆၉
စွန့်ပစ်ပမာ မလှူပါ ၇၂
အကျိုးသိပြီး လှူခြင်း ၇၅
ဒွိဟိတ် ကုသိုလ် ၇၇
မေးသင့်တယ် ၈၁
တိဟိတ်ကုသိုလ် ၈၂
အကျိုးပေးကွာပုံ ၈၃
ချမ်းသာချင်း တူသော်လဲ ၈၄
အနာထပိဏ်နှင့် ဝိသာခါ ၈၇
ဝေလာမ အလှူ ၉၀
ဝေလာမဆိုတာ ငါ ၉၁
သောတာပန်နှင့် ဝေလာမ အလှူ ၉၆
သောတာပန်တစ်ရာ သကဒါဂါမ် တစ်ယောက် ၉၈
သကဒါဂါမ် တစ်ရာ အနာဂါမ် တစ်ယောက် ၉၉

http://www.dhammadownload.com


| | |
|---|---|
| အနာဂါမ် တစ်ရာ ရဟန္တာ တစ်ပါး | ၁၀၀ |
| ရဟန္တာ တစ်ရာ ပစ္စေကဗုဒ္ဓ တစ်ဆူ | ၁၀၁ |
| ဘုရားတစ်ဆူ ဘုရားအမှူးရှိတဲ့ သံဃာ | ၁၀၄ |
| ဆယ်ရက်စခန်း အလှူဟာ | ၁၀၉ |
| ဘုရားအမှူးရှိတဲ့ သံဃာနှင့် သံဃိကကျောင်း | ၁၁၀ |
| ပြန်ကြည့်ရင် | ၁၁၂ |
| ကျောင်းလှူခွင့်နှင့် သရဏဂုံ | ၁၁၃ |
| သရဏဂုံတင်တယ်ဆိုတာ | ၁၁၅ |
| အမှန်အတိုင်းပြောရရင် | ၁၁၅ |
| သရဏဂုံစွမ်းအင် | ၁၂၀ |
| မြွေလက်ဖွဲ့ | ၁၂၁ |
| သရဏဂုံနှင့် ပဉ္စသီလ | ၁၂၂ |
| မကိုးကွယ်သင့်တာ | ၁၂၃ |
| မ,တယ်ဆိုတာ | ၁၂၅ |
| သရဏဂုံသီလရှိ | ၁၂၆ |
| အရပ်ထဲမှာ မလွှယ်ပါ | ၁၂၈ |
| မေတ္တာဘာဝနာ | ၁၃၀ |
| မေတ္တာနှင့် ဝိပဿနာ | ၁၃၅ |
| အလှူအင်္ဂါ ၆–ပါး | ၁၃၆ |
| အချုပ်ပြမယ် | ၁၄၀ |
| ကုသိုလ် ၄–မျိုး | ၁၄၄ |

http://www.dhammadownload.com

http://www.dhammadownload.com

# နိဒါန်း

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ကျင့်ဖွယ်တရား (၄) ပါး။** ။ ရှင်တော် မြတ်ဘုရား ဟော ကြားတော်မူခဲ့သည့် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို အကျဉ်းချုပ်လိုက်သော် ကျင့်ဖွယ်ရာတရားလေးပါး နိဗ္ဗိကဏ္ဍ သုတ္တန်လာ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာဟူသော ကုသိုလ် တရားလေးပါးကို ရပါသည်။

မှန်ပါသည်၊ ရှင်တော်မြတ်ဘုရားသည် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ၌ ယင်းလေးမျိုးတို့၏အကြောင်းကို အနည်းနည်း အဖုံဖုံ အကျဉ်းတစ်မျိုး၊ အကျယ်တဖုံ စုံလင်စွာ တန်ဆာ ဆင်၍ ဟောကြားခဲ့ပါသည်။

**အများမှ အနည်းသို့။** ။ ယင်း ကုသိုလ်(၄)မျိုးတို့ တွင် ဒါနကုသိုလ်သည် ပြုဖို့ရာ အလွယ်ကူဆုံးဖြစ်ပါသည်။ မှန်ပါသည်၊ ဒါနကုသိုလ်ကို ကလေးအငယ် လူမမယ်များမှ

http://www.dhammadownload.com



စ၍ ပြုကြပါသည်။ ပြုတတ်ကြပါသည်။ အရွယ် အလယ် အလတ်နှင့်ကြီးသူများအဖို့မူ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ပြုတတ်ကြသည်ချည်းဖြစ်ပါသည်။ ပြုကြသည်ချည်း ဖြစ်ပါသည်။ ဒါနကုသိုလ်မှ တစ်ဆင့်တက်၍ သီလကုသိုလ် ဆောက်တည်သူဦးရေကား ဒါနကုသိုလ်အောက် အတော်များများ နည်းပါးသွားပါသည်။

သီလကုသိုလ်မှတစ်ဆင့်တက်၍ သမထကုသိုလ်ကို ပွား များသူ ဦးရေကား သီလကုသိုလ်အောက် အတော်များများ နည်းပါးသွားပြန်ပါသည်။

သမထကုသိုလ်မှ တစ်ဆင့်တက်၍ ဝိပဿနာကုသိုလ် ကို ပွားများသူ ဦးရေကား သမထကုသိုလ်အောက် အတော် များများ နည်းပါးသွားပြန်သည်။

**မြင့်လေ နည်းလေ။** ။ လောကဉပမာနှင့် ပြောရသော် မူလတန်းအဆင့် ကျောင်းသူကျောင်းသားဦးရေသည် များပါ သည်။ ထို့နောက် အလယ်တန်းအဆင့် ကျောင်းသူ ကျောင်း သား ဦးရေကား နည်းပါးသွားပါသည်။ ထို့အောက် အထက် တန်း အဆင့်အထိ ကျောင်းသူကျောင်းသား ဦးရေကား နည်းပါးသွားပါသည်။ ထို့အောက် ကောလိပ်ကျောင်းသား အဆင့်ဖြစ်သော ကျောင်းသူကျောင်းသား ဦးရေကား နည်းပါး သွားပါသည်။

http://www.dhammadownload.com



ယင်းကို ထောက်သော် များတဲ့နေရာတွင် အရည်အချင်း ညံ့ဖျင်းသူ ဦးရေများခြင်းကိုတွေ့ရ၍ အဆင့်ဆင့် နည်းသွားသည့်အလျောက် အရည်အချင်းလည်း မြင့်လာတာကို တွေ့ရပါသည်။

တက္ကသိုလ်အဆင့် ကောလိပ်အဆင့် ရောက်လာသူသည် အောက်အဆင့်များကို ကျော်ခဲ့ပြီဖြစ်၍ အရည်အချင်းပြည့်ပြီး အောက်အဆင့်များကို မှုစရာ ရှုစရာ မလိုတော့သလို ကုသိုလ် (၄)မျိုးတို့တွင် ဝိပဿနာကုသိုလ်အဆင့်အထိ ရောက်ပြီးသူသည် အောက်ဆင့်ဖြစ်သော ဒါန၊ သီလ၊ သမထမှုတို့ကို မမှုတော့ပါ။ အလွယ်သာ ပြုနိုင်ပါသည်။

**နှိုင်းယှဉ်ပြက။** ။ ကုသိုလ်(၄)မျိုးကို အတန်းပညာနှင့် နှိုင်းယှဉ်ပြက ဒါနကုသိုလ်သည် မူလတန်းပညာနှင့်တူ၏။ သီလကုသိုလ်သည် အလယ်တန်းပညာနှင့်တူ၏။ သမထကုသိုလ်သည် အထက်တန်းပညာနှင့်တူ၏။ ဝိပဿနာကုသိုလ်သည် တက္ကသိုလ်ကောလိပ်ပညာနှင့် တူ၏။

**အများမှ အနည်း၊ အနည်းမှ အများ။** ။ ကုသိုလ်(၄) မျိုးကို ပြုလုပ်သူတို့သည် ဦးရေအများမှ အနည်းသို့ လျော့သွားသော်လည်း ယင်းကုသိုလ်တို့၏ အကျိုးမှာမူ အနည်းမှ အများသို့ တိုးတက်သွားပါသည်။ မှန်ပါသည်။ ဒါနကုသိုလ် အကျိုးထက် သီလကုသိုလ်အကျိုးက သာလွန်မြင့်မြတ်ပါ

http://www.dhammadownload.com



သည်။ သီလကုသိုလ်အကျိုးထက် သမထကုသိုလ်အကျိုးက သာလွန် မြင့်မြတ်ပါသည်။ သမထကုသိုလ်အကျိုးထက် ဝိပဿနာကုသိုလ်အကျိုးက သာလွန်မြင့်မြတ်ပါသည်။

မည်သူ့ကိုမဆို 'အသင့်ကို ဟောဒီမှာ ပထမတန်းစားပစ္စည်း၊ ဒုတိယတန်းစားပစ္စည်း၊ တတိယတန်းစားပစ္စည်း၊ စတုတ္ထတန်းစားပစ္စည်းရယ်လို့ ပစ္စည်းလေးမျိုးရှိသည့် အနက် တစ်မျိုးပဲ ပေးမယ်၊ အဲဒီ(၄)မျိုးထဲက အသင်ကြိုက်တဲ့ တစ်မျိုးကို ရွေးယူပါ' ဆိုလျှင် ပထမတန်းစားပစ္စည်းကို ရွေးယူမှာ သေချာပါသည်။

ကုသိုလ်လေးမျိုးတို့တွင် ဒါနကုသိုလ်သည် စတုတ္ထတန်းစားပစ္စည်းနှင့် တူပါသည်။ သီလကုသိုလ်သည် တတိယတန်းစားပစ္စည်းနှင့် တူပါသည်။ သမထကုသိုလ်သည် ဒုတိယတန်းစားပစ္စည်းနှင့် တူပါသည်။ ဝိပဿနာကုသိုလ်သည် ပထမတန်းစားပစ္စည်းနှင့် တူပါသည်။

**(၁၀)ရက်စခန်းကုသိုလ်။** ။ ကုသိုလ်(၄)မျိုးတွင် (၁၀)ရက်စခန်း တရားပွဲရဲ့ အဓိက ပဓာနကုသိုလ်သည် ဝိပဿနာကုသိုလ် ဖြစ်ပါသည်။ ဝိပဿနာကုသိုလ်သည် ကုသိုလ်(၄)မျိုးတို့တွင် အမြတ်ဆုံးကုသိုလ် ဖြစ်ပါသည်။ အမြတ်ဆုံး ဝိပဿနာ ကုသိုလ်ပြုပွဲ၌ လူဦးရေသည် နည်းလှပါသည်။ ယင်းကိုထောက်သော် အမြတ်စား၊ အကောင်းစားသည်

http://www.dhammadownload.com



လူတိုင်းနှင့်မတန်၊ လူတိုင်းမရယူနိုင်သော ကုသိုလ်ဟု သိနိုင်ပါသည်။

မှန်ပါသည်၊ ဤလောက၌ ရတနာအများရှိရာ၊ တန်ဖိုးကြီးလှသော'စိန်၊ ပတ္တမြား၊ နီလာ၊ မြ' ဆိုတဲ့ အဖိုးတန်ရတနာများကို လူတိုင်း မဆင်မြန်းနိုင်၊ မသုံးစွဲနိုင်ကြပါ။ လောကီရေးအနေနှင့် ပစ္စည်းအထက်တန်းရှိသူများမှသာ သုံးစွဲနိုင် ပန်ဆင်နိုင်ကြပါသည်။

ထို့အတူပင် ကုသိုလ်လေးမျိုးတို့တွင် အမြတ်ဆုံးဖြစ်သော ဝိပဿနာကုသိုလ်ကို သူတော်ကောင်းဥစ္စာရတနာပေါကြွယ်ဝသော သူတော် သူမြတ်တို့သည်သာလျှင် ကျင့်ကြံကြိုးကုတ်အားထုတ်သောအားဖြင့် ပန်ဆင်နိုင်ကြပါသည်။ သုံးဆောင်နိုင်ကြပါသည်။ သူတော်ကောင်း ဥစ္စာရတနာအဆင့်အတန်းနည်းပါးသူများ မပန်ဆင် မသုံးဆောင်နိုင်ကြပါ။

**ဟောလိုရင်းတရား။** ။ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို အထပ်ထပ်ရှာသော် ဒါနတရားထက် သီလတရားများပါသည်၊ သီလတရားထက် သမထတရား များပါသည်၊ သမထတရားထက် ဝိပဿနာတရား များပါသည်။

မှန်ပါသည်၊ မြတ်စွာဘုရား ပွင့်ထွန်း ပေါ်ပေါက်လာပြီး သတ္တဝါအများတို့အား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးဟောကြား၍ နိဗ္ဗာန်အရောက်ပို့ဆောင်ကယ်တင်ရာ၌ ဘုရားရှင်

http://www.dhammadownload.com



မှန်ပါသည်၊ မိမိသည် တစ်နှစ်တာအတွင်း (၁၀)ရက်စခန်း တရားပွဲများ (၁၈)ပွဲလောက် ဟောကြားပြသရာ၌ အစနေ့မှ (၉)ရက်မြောက်နေ့အထိမှ ဟောကြားသော တရားများ ပုံသေမဟုတ်ဘဲ ပရိသတ်အခြေအနေကြည့်၍ ပြောင်းလဲ ဟောပြောလေ့ ရှိပါသည်။

နောက်ဆုံးနေ့ (၁၀)ရက် မြောက်တဲ့နေ့ အနုမောဒနာ တရားတော်ကိုမူကား တစ်နှစ်ပတ်လုံး (၁၈)ပွဲလုံး ဒီတစ်ပုဒ်ကိုပဲ မပြောင်းလွဲဘဲ ဟောကြားလေ့ရှိပါသည်။

ကောဇာသက္ကရာဇ် ၁၃၄၆၊ ၁၃၄၇ ခုနှစ် (၁၀)ရက်စခန်းများ၌ မိမိသည် **မီးကျီးတွင်းမှပွင့်သောကြာ** တရားတော်ကို သာလျှင် အနုမောဒနာအနေနဲ့ ဟောကြားခဲ့ပါသည်။

အဘယ့်ကြောင့် ဤ တရားတော်ကိုသာလျှင် ဟောကြားခဲ့ပါသနည်း။ ယင်းတရားတော်ဝယ် (၁၀)ရက်စခန်း တရားပွဲအတွင်း၌ လှူဒါန်းကြသော အမျိုးမျိုးသော အလှူရှင်များ၊ မည်မျှအကျိုးကြီးပုံ၊ သရဏဂုံ သီလ ဆောက်တည်သူများရဲ့ သရဏဂုံ သီလအကျိုး မည်မျှကြီးပုံ၊ မေတ္တာ၊ ဗုဒ္ဓါနုဿတိ စသော သမထဘာဝနာများ မည်မျှအကျိုးကြီးပုံ အဓိကအားဖြင့် ရှုပွားအားထုတ်နေကြသော ဝိပဿနာဘာဝနာ ကုသိုလ်ကြီးက မည်မျှအကျိုးကြီးပုံ၊ ဝေယျာဝစ္စကုသိုလ်က မည်မျှ အကျိုးကြီးပုံ စသည်ဖြင့် အကျိုးတရားများကို တစ်ကန့်စီ

http://www.dhammadownload.com



တစ်ကန့်စီ ခွဲခြားသတ်မှတ်၍ ဟောကြားထားပါသည်။ ထို့ကြောင့် ဟောကြားပါသည်။

**ကုသိုလ်လေးမျိုးစုံ။ ။ မီးကျီးတွင်းမှပွင့်သောကြာ** တရားတော်၌ ကုသိုလ်(၄)မျိုး အကျိုးကို အဆင့်ဆင့် အကျိုးကြီးပုံကို စုံလင်စွာ ဟောထားရကား မိမိဟောကြားပြသသော (၁၀)ရက်စခန်း တရားပွဲများ၌ ကုသိုလ်လေးမျိုး စုံလင်စွာ ပြုလုပ်အားထုတ်နေသူများဖြစ်၍ ယင်းကုသိုလ်တို့၏ အကျိုးအာနိသံသကို ကုသိုလ်ရှင်များ သိပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်စေလိုသောကြောင့် ဤတရားကို ဟောပါသည်။

မှန်ပါသည်၊ (၁၀)ရက်စခန်း တရားပွဲဟူသည် အဓိကအားဖြင့် 'ဓမ္မဒါန=တရားအလှူပွဲကြီး' 'အမတဒါန=အမြိုက်နိဗ္ဗာန်အလှူပွဲကြီး'ပင် ဖြစ်ပါသည်။ ဒါန အများတို့တွင် ဓမ္မဒါန၊ အမတဒါန အမြတ်ဆုံးဖြစ်သည်ကို ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တိုင်းလိုလို သိရှိကြပါသည်။ ကြားဖူးကြပါသည်။

ယင်းအလှူပွဲ၌ ဟောကြားသော တရားတော်ကို နာကြားသောအားဖြင့် အလှူခံရန် နာကြားပြီး အားထုတ်သောအားဖြင့် အလှူခံရန် ကြွရောက်လာသော ရဟန်းရှင်၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး ယောဂီ သူတော်စင်တို့အား နံနက်ဆွမ်း၊ နေ့ဆွမ်း၊ မုန့်၊ ခဲဖွယ်ဘောဇဉ်၊ ချိုချဉ်ရသာ၊ ဆေးဝါး

http://www.dhammadownload.com



ခါတ်စာများကို လှူဒါန်းရတာက 'ပစ္စယဒါန=ပစ္စည်း အလှူ' ဖြစ်ပါတယ်။ ယင်းအလှူမှာလည်း မြင့်မြတ်လှပါသည်။

အဘယ့်ကြောင့် မြတ်သနည်းဆိုသော် တရားအလှူပွဲ၊ အမြိုက်နိဗ္ဗာန် အလှူပွဲသို့ နာကြားအားထုတ်သော အားဖြင့် အလှူခံရန် ကြွရောက်လာသော ယောဂီ သူတော်စင်တို့သည် တရားပွဲ စကတည်းက သရဏဂုံသုံးပါးနှင့်တကွ ရှစ်ပါးသီလ ကုသိုလ်ကို ခံယူဆောက်တည်ပြီး သမထ၊ ဝိပဿနာ ဘာဝနာ အကျင့်များကို ကျင့်သုံးကြရသဖြင့် သီလ–သမာဓိ–ပညာ သိက္ခာသုံးပါး အကျင့်တရားများကို ကျင့်နေကြရပါသည်။

ယင်းသို့ သိက္ခာ(၃)ပါး အကျင့်တရားများ တည်နေကြ သူများကို လှူဒါန်းရသော ပစ္စည်းအလှူ ဖြစ်သောကြောင့် ပစ္စည်းအလှူ အနေနှင့်လည်း မြတ်လှပါသည်။

နေ့စဉ် ဆောက်တည်ကျင့်သုံးရသော သရဏဂုံသုံးပါးနှင့် ရှစ်ပါးသီလကုသိုလ်များလည်း ရှေးက မိမိတို့ဆောက်တည်ခဲ့ ဖူးသော သရဏဂုံသီလနှင့်မတူ၊ အလွန်တရာ ဖြူစင်သော သရဏဂုံသီလဖြစ်ပါသည်။ ဖြူစင်ကြောင်းကို ယောဂီတို့ ကိုယ်တိုင် သိကြပါသည်။

ယောဂီတို့သည် ဖြူစင်သော သရဏဂုံသီလ၌ တည်ကာ သမထ ဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို တစ်နေကုန် အချိန် ပြည့် ပွားများနေကြသဖြင့် (၁၀)ရက်စခန်းဟူသည် ဝိပဿနာ

http://www.dhammadownload.com



ကုသိုလ်ကို **အဓိကထား၍** ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ အားဖြင့် ကုသိုလ်(၄)မျိုး အစုံပြုသောပွဲပင် ဖြစ်ပါသည်။

ကုသိုလ်(၄)မျိုးတို့တွင် ဝိပဿနာကုသိုလ်သည် သာသနာတော်တည်တံ့ရေးအတွက် အရေးအကြီးဆုံးသော အဓိကအချက်အချာ အကျဆုံးသော၊ ဘုရားရှင် အကြိုက်ဆုံးသော ကုသိုလ်ဖြစ်ပါသည်။

ယင်းဝိပဿနာဘာဝနာ ကျင့်သုံးပွဲ၌ လူဦးရေ နည်းနေ **သေးခြင်းသည် သာသနာတော်အတွက်** ကောင်းသောအမှတ်လက္ခဏာ **မဟုတ်ပါ။** ယင်းကို လူ–ရှင်–ရဟန်း အများစုတို့ သဘောမပေါက်ကြသေးပါ။

မိမိသည် ဤ **မီးကျီးတွင်းမှပွင့်သောကြာ** အနုမောဒနာတရားတော်ကို ယင်းတို့အတွက် အချက်ကျကျသိရှိရန် ဟောကြား ရေးသားထားသော တရားတော်စာအုပ် ဖြစ်ပါသည်။

အို...စာရှုသူ၊ အသင်သည် ဤစာအုပ်ကိုဖတ်ရှုရသဖြင့် ကုသိုလ်(၄)မျိုးတို့၏ အကျိုးပေး အဆင့်ဆင့် ကြီးသွားပုံကို သိ၍ လည်းကောင်း၊ ကုသိုလ်ပြုသူဦးရေ နည်းသွားပုံကိုသိ၍ လည်းကောင်း၊ အများအကျိုးကြီးအောင် ဝိုင်းဝန်း၍ ရှင်တော်ဗုဒ္ဓ၏ သာသနာတော် တည်တံ့ပြန့်ပွားအောင် ပြုစုနိုင်ရန် ရည်သန်၍ ဤစာအုပ်ကို မိမိ ရေးသားပါသည်။

http://www.dhammadownload.com



**ရေးသားပုံ အခြင်းအရာ။** ။ မိမိသည် ဤ**မိုးကျိုးတွင်းမှ ပွင့်သောကြာ** တရားတော်ကို မိမိသီတင်းသုံးရာ တောင်စွန်း ဓမ္မဒူတတောရ (၅)ကြိမ်မြောက် (၁၀)ရက်စခန်း၌ စတင် ဟောကြားပါသည်။ ယင်းတရားတော်ကို အသံဖမ်း ကြိုးခွေမှ စာမူအဖြစ်သို့ရောက်အောင် သထုံမြို့မှ ဒေါ်မူမူသွယ်(အ-ဆ-၁)က ကူးယူပေးပါသည်။

မိမိသည် ယင်းစာမူကို ကြည့်ရှုကာ ထိုထို(၁၀)ရက်စခန်း များ၌ ဟောကြားခဲ့သော **မိုးကျိုးတွင်းမှပွင့်သောကြာ** တရား များနှင့် ညှိနှိုင်းကာ လိုတိုး၊ ပိုလျှော့သဘောဖြင့် (၅)ကြိမ် မြောက်ကျင်းပသော သပိတ်အိုင်တောရ (၁၀)ရက် စခန်းမှ စတင်၍ ရေးသားပါသည်။ အပြီးမသတ်ပါ။

ဆက်လက်ရေးသားရာ ရေးမြို့နယ်၊ ဇီးဖြူသောင်ရွာ ပထမအကြိမ် (၁၀)ရက်စခန်း၌ အပြီးသတ်သွားပါသည်။ ဤ နိဒါန်းကိုမူ (၄)ကြိမ်မြောက် စခန်းဖြစ်သော သထုံမြို့နယ်၊ သိမ်ဆိပ်တိုက်နယ်၊ တောင်ကြားကျေးရွာ၊ ဇောတိကာရုံ ကျောင်း (၁၀)ရက်စခန်းအရောက်မှ ရေးနိုင်ခဲ့ပါသည်။

မိမိ စာရေးရသည်မှာ စားပွဲတစ်ခုတည်း၌ ထိုင်ကာ တစ်နေရာတည်း၌ အေးဆေးစွာ ရေးရခြင်းမျိုး မဟုတ်ဘဲ နေရာအမျိုးမျိုး၊ စာပွဲအမျိုးမျိုးပြောင်းကာ ရေးသားရသော ရေးသားခြင်းမျိုး ဖြစ်ပါသည်။

http://www.dhammadownload.com



သို့ဖြစ်၍ ပမာဒလေခ သဘောဖြင့် အရေးမှားများ ပါဝင်နေတာကို တွေ့ရှိဖတ်ရှုရပါလျှင် ပြင်ဆင်ဖြည့်စွက် ဖတ်ရှုပါရန် သိစေပါသည်။

မိမိရောက်ရာအရပ်၌ စာပေရေးသားခြင်းကို သိရှိပြီး စာရေးနိုင်ရန် ပြင်ဆင်ပေးသူများ၊ စာရေးကိရိယာ လှူဒါန်းသော သထုံမှ ဦးငြိမ်းအောင်၊ ရေးမြို့မှ မအေးအေးမြင့်၊ မအင်ကြူ၊ မနန်းသူဇာ၊ စာမူကြမ်းရေးပေးသော ဒေါ်မူမူသွယ်တို့အား ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်း မှတ်တမ်းတင်ကာ ဤစာအုပ်ရေးရသောကုသိုလ်များကို 'အမျှ-အမျှ-အမျှ' ဝေသောအားဖြင့် ပြန်ဆပ်ပါ၏။ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်၍ နတ်ရွာနိဗ္ဗာန် ရောက်ကြပါစေကုန်သော်-

ဓမ္မဒူတ-အရှင်ပညာဇောတ

ဓမ္မဒူတတောရ<br>
တောင်စွန်း၊ ဘီးလင်းမြို့နယ်<br>
မွန်ပြည်နယ်<br>
၁၃၄၇-ခုနှစ်၊ ကဆုန်လဆန်း(၁၁)ရက်<br>
(၂၉-၄-၈၅)

http://www.dhammadownload.com

http://www.dhammadownload.com

# ဓမ္မဒူတ–အရှင်ပညာဇောတ

# ၏

# ထေရုပ္ပတ္တိအကျဉ်းချုပ်

**(၁) နေရပ်လိပ်စာကို ဖော်ပြခြင်း**

(က) ဘွဲ့တော်......ဓမ္မဒူတ–အရှင်ပညာဇောတ

(ခ) အသက်......(၅၈)နှစ်၊ သိက္ခာ–(၃၈)ဝါ

(ဂ) သီတင်းသုံးရာဌာန–မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊
တောင်စွန်း၊ ဓမ္မဒူတတောရ။

**(၂) ဖွားမြင်တော်မူခြင်း**

(က) ဖွားမြင်ရာဌာန–ပဲခူးစုကျေးရွာ၊ လက်ပံလှကျေးရွာ
အုပ်စု၊ ဟသ်ာတမြို့နယ်၊
ဧရာဝတီတိုင်း။

http://www.dhammadownload.com



(ခ) ခမည်းတော်– ဦးတွတ်
မယ်တော် – ဒေါ်ငွေတင်

(ဂ) ဖွားသက္ကရာဇ်–၁၂၉၆ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၄)ရက်၊ ကြာသပတေးနေ့၊ နံနက်(၁၀း၁၅)နာရီ။

(ဃ) မွေးချင်းအရေအတွက်–(၁) ဒေါ်သိန်း (၂) အရှင်သုမိတ္တာဘိဝံသ၊ (၃) ဦးသန်းမောင်၊ (၄) ဦးသောင်း၊ (၅) ဦးလှထွန်း၊ (၆) ဓမ္မဒူတ–အရှင်ပညာဇောတ၊ (၇) ဒေါ်မြင့်၊ (၈) ဦးအုံးမောင်အားဖြင့် (၈) ယောက်တို့တွင်ဓမ္မဒူတ–အရှင်ပညာဇောတသည် (၆)ယောက်မြောက် ဖြစ်ပါသည်။

(င) ငယ်နာမည် – မောင်ချစ်

**(၃) ရှင်ရဟန်းအဖြစ်သို့ရောက်ခြင်း**

(က) ရှင်ဖြစ်ရာဌာန – ဟသ်ာတမြို့နယ်၊ ရေလဲကျေးရွာစာသင်တိုက်။

ခုနှစ်၊ လ၊ နေ့ရက် - ၁၃၀၈ ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်နေ့။

(ခ) ဥပဇ္ဈာယ်ဆရာ - အရှင်ဥတ္တမ၊ ရေလဲစာသင်တိုက်။

ဒါယကာ - ဦးတွတ်-ဒေါ်ငွေတင်၊ ပဲခူးစုကျေးရွာ၊ လက်ပံလှကျေးရွာအုပ်စု၊ ဟင်္သာတမြို့နယ်။

(ဂ) ရဟန်းဖြစ်ရာဌာန - ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း၊ အောင်မင်္ဂလာ သိဒ္ဓိတိုက်, ဗဒ္ဓသိမ်။

ခုနှစ်၊ လ၊ ရက်နေ့ - ၁၃၁၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ နံနက် (၉း၁၅) နာရီ။

(ဃ) ဥပဇ္ဈာယ်ဆရာ - ဇေယျဝတီကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဥက္ကံသမဟာထေရ်။

ရဟန်းဒါယကာ - ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်း၊ သင်္ဂဟာပွဲရုံ၊ ဦးစံ-ဒေါ်တင်၊

http://www.dhammadownload.com



(င) ရှင်ဘွဲ့တော် - ရှင်ပညာဇောတ။
ရဟန်းဘွဲ့တော် - အရှင်ပညာဇောတ။

## (၄) စာပေပရိယတ္တိသင်ကြားတော်မူခြင်း

(က) ကျောင်းသားဘဝ - (၁၂)နှစ်သားမှ ကျောင်းနေ၍ မြန်မာစာ, သင်္ချာနှင့် (၁၅)စောင်တွဲမျှသင်ခဲ့သည်။ ရေလဲကျေးရွာစာသင်တိုက် အရှင်ဥတ္တမ။

(ခ) ရှင်သာမဏေဘဝ - ငယ်,လတ်,ကြီးအထိ သင်ယူခဲ့သည်။ ဆရာတော် အရှင်ဥတ္တမ (ရန်ကုန်)၊ နောင်တော် အရှင်သုမိတ္တာဘိဝံသ(ရန်ကုန်)၊ အရှင်ဇနကာဘိဝံသ(အမရပူရ)၊ အရှင် နာရဒါဘိဝံသ (မန္တလေး)တို့ဖြစ်ပါသည်။

(ဂ) ရဟန်းဘဝ - စာချတန်း အောင်သည် အထိ သင်ယူခဲ့ပြီး ခေတ်ပညာများကို သံဃတက္ကသိုလ်၌ (၃)

http://www.dhammadownload.com



နှစ် သင်ယူခဲ့သည်။ အဘိဓဇ မဟာရဋ္ဌဂုရု အရှင်သေဋ္ဌိယ၊ ဆရာကြီးဦးလှမောင်၊ ဦးဖေအောင် ဦးစဝ်ထွန်းမှတ်ဝင်း၊ အရှင် ကောဝိဒါဘိဝံသ (မန္တလေး)၊ ဆရာတော် ဦးကုလ္လာနန္ဒက(ပဗ္ဗာန်းသိပ္ပံ)၊နန်းဦး ဆရာတော်ဦးနန္ဒိယ(စစ်ကိုင်း) ပခုက္ကူ၊ အလယ်တိုက်။

(ဃ) ပဋိပတ္တိသင်ခြင်း–ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နယ်၊ ရွှေဥမင်တောရဆရာတော် အရှင်ကောသလ္လအထံ၌ (၄)ဝါတိုင်တိုင် သင်ယူကျင့်သုံးခဲ့သည်။

(င) တရားဟောနှင့်ကျမ်းပြု–အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ (အမရပူရ)၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အရှင် ဝိစိတ္တာသာရာဘိဝံသ၊ အဘိဓဇ မဟာရဋ္ဌဂုရု ပဗ္ဗာန်း

http://www.dhammadownload.com



ဆရာတော် အရှင် ဝိသုဒ္ဓါဘိ ဝံသ,အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်၊ စာရေးဆရာကြီး ဦးသော်ဇင်တို့ အထံ၌ တရား ဟောနည်း ကျမ်းပြု အတတ်ကို နည်းခံယူခဲ့ပါသည်။

(စ) အောင်မြင်ခဲ့သောစာမေးပွဲများ–(၁) အစိုးရစာချ တန်း၌ မြန်မာဂုဏ်ထူးနှင့် အောင်ခဲ့၍ 'သာသနဓဇ သိရီ ပဝရ ဓမ္မာစရိယ' ဘွဲ့တံဆိပ်၊ (၂) တိပိဋကဓရ ရွေးချယ်ပွဲ၌ သုတ်သုံးကျမ်းကို အထောက် အမလွတ်ကင်းစွာ ပြန်ဆိုနိုင်၍ 'ဗုဒ္ဓသာသန ဝိသိဋ္ဌ ဒီဃ ဘာဏက' ဘွဲ့တံဆိပ် (၃) စေတီယင်္ဂဏစာမေးပွဲ၌ သုတ် သုံးကျမ်းကို အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုနိုင်၍ 'အဘိ သိရီပဝရ သာသနာ

http://www.dhammadownload.com



လက်ာရ ဒီဃနိကာယရေ'
ဘွဲ့တံဆိပ်များ ရရှိခဲ့ပါသည်။

**(၅) စာပေကျမ်းဂန် ပို့ချသင်ကြား, ရေးသားခြင်း**

(က) စာပေကျမ်းဂန် ပို့ချသင်ကြားပေးခြင်း

ဓမ္မဒူတတောရ၌ ရှင်ရဟန်း ၉၀ကျော်, မဏိဇေယျ၌ သီလရှင်စာသင်တိုက်၌ သီလရှင် ၅၀ကျော်တို့ကို မူလ-ငယ်-လတ်-ကြီး-စာချတန်း စာဝါများပို့ချလျက်ရှိပါသည်။

(ခ) ပြုစုရေးသားသော ကျမ်းစာများ

| | |
|---|---|
| (၁) ဒါနဝတ္ထု | ၃-ကြိမ်ရိုက်ဆဲ |
| (၂) သီလဝတ္ထု | ၃-ကြိမ်ရိုက်ဆဲ |
| (၃) ဗုဒ္ဓဓမ္မပြဿများ(၁) | ၃-ကြိမ်ရိုက်ဆဲ |
| (၄) ဘာဝနာဝတ္ထု | ၃-ကြိမ်ရိုက်ဆဲ |
| (၅) ဒေါသဖြေဖျောက်နည်း | ၂-ကြိမ်ရိုက်ဆဲ |
| (၆) ဗုဒ္ဓဓမ္မပြဿနာများ(၂) | ၂-ကြိမ်ရိုက်ဆဲ |
| (၇) ဗုဒ္ဓ၏သက်သတ်လွတ် | ၂-ကြိမ်ရိုက်ဆဲ |
| (၈) ဗုဒ္ဓဓမ္မပြဿနာများ(၃) | ၂-ကြိမ်ရိုက်ဆဲ |
| (၉) ရှင်လောင်းသင်ရှင်ကျင့်ဝတ် | ၂-ကြိမ်ရိုက်ဆဲ |
| (၁၀) ဗုဒ္ဓဓမ္မပြဿနာများ(၄) | ၂-ကြိမ်ရိုက်ဆဲ |

http://www.dhammadownload.com



(၁၁) အယူဝါဒရှင်းတမ်း ၂-ကြိမ်ရိုက်ဆဲ
(၁၂) ဗုဒ္ဓဓမ္မပြဿနာများ(၅) ၂-ကြိမ်ရိုက်ဆဲ
(၁၃) ဗုဒ္ဓဓမ္မပြဿနာများ(၆) ၂-ကြိမ်ရိုက်ဆဲ
(၁၄) ငြင်းခုံပွဲမှအမြတ် ၂-ကြိမ်ရိုက်ပြီး
(၁၅) မွေးမေ့မေတ္တာ ၂-ကြိမ်ရိုက်ပြီး
(၁၆) ဗုဒ္ဓဓမ္မပြဿနာများ(၇) ၂-ကြိမ်ရိုက်ဆဲ
(၁၇) အလှူခံတစ်ကျိပ်လေး ၂-ကြိမ်ရိုက်ပြီး
(၁၈) ဗုဒ္ဓဓမ္မပြဿနာများ(၈) ၂-ကြိမ်ရိုက်ဆဲ
(၁၉) ဓမ္မာနုပဿနာသတိပဋ္ဌာန်
ရှုပွားနည်းအချုပ် ၄-ကြိမ်ရိုက်ဆဲ
(၂၀) ဝေဒနာရှုပွားနည်း ၃-ကြိမ်ရိုက်ပြီး
(၂၁) မိုးကျိုးတွင်းမှပွင့်သောကြာ ၂-ကြိမ်ရိုက်ပြီး
(၂၂) ဓမ္မအန္တရာယ်ကာကွယ်ရေး ၂-ကြိမ်ရိုက်ဆဲ
(၂၃) ဗုဒ္ဓဓမ္မပြဿနာများ(၉) ၂-ကြိမ်ရိုက်ဆဲ
(၂၄) သာသနာ့လမ်းစဉ် ၂-ကြိမ်ရိုက်ပြီး
(၂၅) မဂ္ဂင်ရှစ်ဖော်ယာဉ်ပျံတော် ၂-ကြိမ်ရိုက်ပြီး
(၂၆) အလှူသင်တန်း ၂-ကြိမ်ရိုက်ဆဲ
(၂၇) အမှောင်နှင့်အလင်း ၂-ကြိမ်ရိုက်ပြီး
(၂၈) မှူတမှ တရားရ ၂-ကြိမ်ရိုက်ဆဲ

http://www.dhammadownload.com



(၂၉) အနေကဇာတင်နည်း
(၇)နည်း ၁-ကြိမ်ရိုက်ဆဲ
(၃၀) လိုရာပြည့်ဓာရဏပရိတ်နှင့်
ဘုရားရှိခိုးများ ၁-ကြိမ်ရိုက်ဆဲ
(၃၁) သက်ရှင်ဆွမ်းကျွေး
တရားတော် ၂-ကြိမ်ရိုက်ဆဲ
(၃၂) ဗုဒ္ဓဓမ္မပြဿနာများ(၁၀) ၁-ကြိမ်ရိုက်ဆဲ
(၃၃) လိုရာပြည့်ဝဓာရဏပရိတ်နှင့်
ပါဠိဖတ်နည်းပုံသေနည်း ၁-ကြိမ်ရိုက်ဆဲ
(၃၄) ဝိဇ္ဇာနှင့်စရဏ ၁-ကြိမ်ရိုက်ဆဲ
(၃၅) မှဲ့သေပြီးသေ ၁-ကြိမ်ရိုက်ဆဲ
(၃၆) ဒဏ်ဆယ်ပါး ၁-ကြိမ်ရိုက်ဆဲ
(၃၇) အာဠဝကချုတ်ခန်း ၁-ကြိမ်ရိုက်ဆဲ

တို့ဖြစ်ပါသည်။

(ဂ) တည်ထောင်ခဲ့သောစာသင်တိုက်များ-

(၁) မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း၌ ရှင်ရဟန်း(၉၀)ကျော်ရှိ ဓမ္မဒူတတောရ။

(၂) သီလရှင် (၅၀)ကျော်ရှိ မဏိဖေယျ သီလရှင် စာသင်တိုက်။

http://www.dhammadownload.com



(၃) ကျုံပျော်မြို့နယ်၊ အင်းရဲ၌ ရှင်ရဟန်း(၁၀) ကျော်၊ သီလရှင်(၂၀)ကျော်ရှိ ဓမ္မဒီပရိပ်သာ။

(၄) မုဒုံမြို့၊ အမှတ်(၄)၊ ကန်သာယာရပ်ကွက်၌ ရှင်ရဟန်း(၂၀)ကျော်ရှိ ဓမ္မဒူတကျောင်းတိုက်။

**(၆) သာသနာရေးအားပေးဆောင်ရွက်ခြင်း**

(က) သာသနာရေးဆိုင်ရာ အဖွဲ့များ၌ ဥက္ကဋ္ဌစသည်–

(၁) ဘီးလင်းမြို့နယ်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဖြစ်၊

(၂) သမ္မုတိရ သံဃကိုယ်စားလှယ် အဖြစ် ဆောင်ရွက်ခဲ့ပြီး

(၃) ပြည်နယ် သံဃနာယကအဖွဲ့ဝင် အဖြစ် ဆောင်ရွက်ဆဲ

(ခ) တရားဟော တရားပြ၊ ပဋိပတ်သာသနာပြု လုပ်ငန်းဆောင်ရွက်ခြင်း–

ဓမ္မာနုပဿနာ သတိပဋ္ဌာန်နည်းဖြင့် (၁၀)ရက် (၇) ရက်စခန်းပေါင်း (၅၀)ကျော်ကို တရားပြသ လျက်ရှိပြီး အလှူပွဲ ဘုရားပွဲ စာပြန်ပွဲကြီးများ၌ တရားဟောကြားဆဲ ဖြစ်ပါသည်။

http://www.dhammadownload.com



(ဂ) အခြားရရှိခဲ့သော ဘွဲ့ထူးဂုဏ်ထူးများ–
၁၉၉၃–ခုနှစ်၊ လွတ်လပ်ရေးနေ့၌ နိုင်ငံတော်မှ 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ' ဟူသော သာသနာပြုဘွဲ့ ဆက်ကပ်ခံခဲ့ရပါသည်။

## (၇) ကြည်ညိုဖွယ်ရာထူးခြားသောဂုဏ်ရည်များ

(က) ထူးခြားသောဆောင်ရွက်ခြင်း–
အအားမနေ မနားမနေဘဲ စာချခြင်း၊ ဆောင်းပါးရေးခြင်း၊ ကျမ်းစာရေးခြင်း၊ တရားဟောခြင်း၊ ကမ္မဋ္ဌာန်းတရား ပြသပေးခြင်းဖြင့် အချိန်ကို ကုန်လွန်စေသည်။

(ခ) ထူးခြားသောမိန့်ကြားချက်များ–
သာသနာတော်၌နေသော သာသနာ့ဝန်ထမ်းဆိုတာ အမြဲတမ်း ပရိယတ်, ပဋိပတ် ဝန် ထမ်းနေရမယ်။ ဝန်ပေါ့နေလို့ မဖြစ်ဘူး။ သာသနာ့ တာဝန်ဆိုတာ သင်တာရယ်၊ ကျင့်တာရယ် နှစ်မျိုးပဲရှိတယ်။ သင်ယူရင်း ကျင့်ရမယ်၊ ကျင့်ရင်းလဲ သင်ယူရမယ်။ မသင် မကျင့်လျှင် သာသနာဝန်ထမ်းမဟုတ်ဘူး၊ သာသနာတော်နှင့် မထိုက်တန်ဘူး။

http://www.dhammadownload.com



မိမိတို့အတွက် သင်ပြီး,ကျင့်ပြီးလျှင် အများအတွက် သာသနာအတွက် သာသနာပြုရမယ်။ တစ်ကိုယ်ကောင်း ကြောင့်ကြမဲ့မနေရဘူး။ ဗုဒ္ဓဘုရားသည် ပရိနိဗ္ဗာန် စံဝင်သည့်တိုင်အောင် လူနတ်ဗြဟ္မာ သတ္တဝါအားလုံးအတွက် ကောင်းကျိုးဆောင်သွားသလို ရှင်ရဟန်းတွေလဲ သေသည့်တိုင်အောင် လောကအကျိုး၊ သာသနာ့အကျိုးကို သည်ပိုးဆောင်ရွက်ရမယ်။

●

http://www.dhammadownload.com

# မိုးကျိုးတွင်းမှ ပွင့်သောကြာ

နမော တေ အမတံဒဒ

## တရားအမည်

သာသနာတော်သက္ကရာဇ် ၂၅၂၈ခုနှစ် ကောဇာသက္ကရာဇ် ၁၃၄၆–ခုနှစ်၊ တော်သလင်းလပြည့်နေ့ ညတွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း၌ ဓမ္မဒူတတောရ၌ (၅)ကြိမ်မြောက် ကျင်းပအပ်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန် (၁၀)ရက်စခန်း တရားအလုပ်ပေးပွဲ နောက်ဆုံးနေ့ ဒီ(၁၀)ရက်စခန်း တရားပွဲကြီး ထမြောက်အောင်မြင်အောင် လှူဒါန်းကြ၊ ဝေယျာဝစ္စ ပြုလုပ်ကြ၊ သီလဆောက်တည်ကြ၊ တရားနာကြ၊ တရားအားထုတ်ကြသော ကုသိုလ် ရှင်အပေါင်းတို့၏ ကောင်းမှု

http://www.dhammadownload.com



အစုစုကို ရေစက်သွန်းချ အမျှဝေ ပွဲ၌ ကုသိုလ်ရှင်များ ဝမ်းမြောက်ရန် ဟောကြားအပ်သော ခုဒ္ဒကနိကာယ် ဧကနိပါတ် ဇာတ်အဋ္ဌကထာ၌လာသော **'မိုးကျိုးတွင်းမှ ပွင့်သောကြာ'** အနုမောဒနာတရားတော်။

ဘုန်းကြီးတို့ ပရိသတ်က တရားအမည်ကြားရတော့ အဆန်းထင်ကောင်း ထင်ကြပါလိမ့်မယ်။ ဆန်းလည်း ဆန်းပါတယ်။ မဖြစ်ဖူးမြဲ ထူးကဲပြီး ဖြစ်လာတာကိုး။

ဘုရားရှင်လက်ထက်က သူတော်ကောင်းတွေဟာ အဲဒီလို မဖြစ်ဖူးမြဲ ထူးကဲတဲ့အဖြစ် ကြုံရတဲ့အခါ 'အချင်းတို့ လက်ဖျစ်တီးပြီး အံ့ချီးဖွယ်ရှိပါပေစွ၊ လောက၌ မဖြစ်ဘူးတဲ့သဘောတို့ ဖြစ်ပါပေစွ' စသည်ဖြင့် ပြောပြပါတယ်။

အခုလဲကြည့်ပါ၊ ကြာပန်းဆိုတာ ရေအိုင် ရေကန်ထဲကသာ ပေါက်ရိုး၊ ပေါက်မြဲထုံးစံပါ၊ အခုပေါက်လာတဲ့ ကြာပန်းက မိုးကျိုးတွင်းမှ ပေါက်လာတဲ့ ကြာပန်းမို့ အထူးအဆန်း အံ့ဩဖွယ်ဖြစ်လို့ **'မိုးကျိုးတွင်းမှ ပွင့်သောကြာ'** လို့ ဘုန်းကြီးတို့ အမည်ပေးလိုက်ပါတယ်။

ဇာတ်တော်ရဲ့ အမည်ရင်းကတော့ **'ခဒိရင်္ဂါရဇာတ်'** လို့ ခေါ်ပါတယ်။ မြန်မာလိုကတော့ **'ရှားမီးကျိုးတွင်းဇာတ်'** လို့ အမည်ရှိပါတယ်။ အခုပေါက်လာတဲ့ ကြာပန်းဟာ အဲဒီ ရှားမီး

http://www.dhammadownload.com



ကျိုးတွင်းထဲမှ ပေါက်လာပါတယ်။ အခု အဲဒီ **'မီးကျိုးတွင်းမှ ပွင့်သောကြာ'** တရားတော်ကို ဟောကြ၊ နာကြရအောင်ပါ။

ဒီတရားတော်ကို ဘုန်းကြီးတို့ ဘုန်းတော် (၆)ပါးသခင် တရားမင်းဘုရင် ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားခဲ့တာ ဖြစ်ပါတယ်။

ဘယ်သူ့အကြောင်းပြု ဟောတာလဲဆိုရင် ဇေတဝန် ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးကို အကြောင်းပြုပြီး ဟောကြားပါတယ်။

ဘယ်အချိန်အခါမှာ ဟောသလဲမေးရင် ဘုရားရှင် အဲဒီ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းတော် မူတဲ့ အခိုက်မှာ ဟောပါတယ်။

## ကျောင်းတိုက်ကြီးတည်

ဇေတဝန် ကျောင်းဒကာ အနာထပိဏ် သူဌေးကြီးကို ဘုန်းကြီးတို့ပရိသတ်တွေ အကုန်လုံး ကြားဖူးနေကြပါတယ်။ သူဌေးကြီးဟာ ဘုရားရှင်နဲ့ ပထမဆုံး တွေ့ပြီး တရားနာရ၊ သောတာပန် ဖြစ်ပြီးတဲ့အချိန်မှာ ဘုရားရှင်ကို သာဝတ္ထိပြည်သို့ ပင့်ပါတယ်။

ဘုရားရှင်က လက်ခံလိုက်တော့ ဘုရားရှင်နှင့်သံဃာ တော်တွေ သီတင်းသုံးဖို့ (၅၄)ကုဋေ အကုန်ခံပြီး ဇေတဝန် ကျောင်းတိုက်ကြီး တည်ဆောက်ပါတယ်။

http://www.dhammadownload.com



ကျောင်းတိုက်ကြီး တည်ဆောက်ပြီးတဲ့အခါ ဘုရားရှင်နှင့် တကွ သံဃာတော် အရှင်မြတ်တွေကို ပင့်လျှောက်ပြီးကိုးကွယ် ဆည်းကပ်ခဲ့ပါတယ်။

အနာထပိဏ်သူဌေးကြီးဟာ ဘုရား၊ တရား၊ သံဃာ ရတနာ (၃)ပါးမှ တစ်ပါး၌ ရတနာအမှတ်မရှိပါဘူး၊ ရတနာ စစ် ရတနာမှန်ဟာ ဘုရား၊ တရား၊ သံဃာ (၃)ပါးပါပဲ။

ဇေတဝန်ကျောင်းတော်သို့လည်း နံနက်တစ်ကြိမ် နေ့လည် တစ်ကြိမ် ညနေတစ်ကြိမ်အားဖြင့် တစ်နေ့ (၃)ကြိမ်သွားပါ တယ်၊ ဘာသွားလုပ်လဲ၊ ဘုရားဖူးတယ်၊ တရားနာတယ်၊ သံဃာ့ဝေယျာဝစ္စလုပ်တယ်၊ လှူဒါန်းတယ်။

အဲဒီ (၃)ကြိမ် သွားတယ်ဆိုတာ ပုံမှန်သွားတာပါ၊ အဲဒီ (၃)ကြိမ်အပြင် အကြား၌လည်း အချိန်ရ ရသလို အကြောင်းရှိ ရှိသလို သွားပါသေးတယ်။ သွားတဲ့အခါမှာလည်း လက်ချည်းပဲ မသွားပါ။ နံနက်သွားတဲ့အခါ နံနက်နဲ့လျော်တဲ့ လှူဖွယ်၊ နေ့လည်သွားရင် နေ့လယ်နဲ့ပတ်သက်တဲ့လှူဖွယ်၊ ညနေသွား ရင် ညနေနဲ့ပတ်သက်တဲ့ လှူဖွယ်ကို ယူသွားပြီး လှူပါတယ်။

အဲဒီလို ပေးကမ်းလှူဒါန်းနေတဲ့ အနာထပိဏ်သူဌေးကြီးရဲ့ အလှူဒါန အကုန်အကျပမာဏဟာ ဘယ်ရွေ့ဘယ်မျှပါပဲလို့ မပြောပြနိုင်အောင် များပါတယ်။

http://www.dhammadownload.com



အနာထပိဏ်သူဌေးကြီး သောတာပန် မဖြစ်ခင် ပုထုဇဉ် ဘ၀ အရောင်းအ၀ယ်လုပ်စဉ်က သူနဲ့အတူ ကုန်သွယ်၍ အသက်မွေးသူတို့ သူဌေးကြီးထံမှာ စာရင်းတင်ပြီး ချေးထား ပြီး သူဌေးကြီးသောတာပန်ဖြစ်တဲ့အခါ အရောင်းအ၀ယ်လည်း မလုပ်တော့၊ တောင်းလည်းမတောင်းတော့၍ ပြန်မပေးဘဲ အမွေခံထားတာ (၁၈)ကုဋေ ရှိပါတယ်။

အစိရ၀တီ မြစ်ကမ်းနားမှာမြုပ်ထားတဲ့ (၁၈)ကုဋေသော ရွှေ, ငွေ ရတနာတွေဟာလည်း သူဌေးကြီးက ပြန်မကြည့် နိုင်ဘဲ ထားတဲ့အတွက် မြစ်ကမ်းပြိုလို့ မြစ်ထဲမျောပါသွား ပါတယ်။

## နိစ္စဘတ်အလှူ

သူဌေးကြီးအိမ်မှာလည်း နေ့စဉ် နေ့စဉ် နိစ္စဘတ်အနေနဲ့ သံဃာ(၅၀၀)ပင့်ပြီး လှူဒါန်းပါတယ်၊ ဘုရားရှင်လည်း ရံခါ ကြွပါတယ်။ ရှင်သာရိပုတ္တာ၊ ရှင်မဟာမောဂ္ဂလာန်တို့လည်း ရံခါ ကြွပါတယ်။ အာဂန္တုကဆွမ်း၊ ဂိလာနဆွမ်း၊ ခရီးသွား ဆွမ်း စသည်ဖြင့် ဆွမ်းအမျိုးမျိုးထားပြီး နိစ္စဘတ် လှူဒါန်းနေ ပါတယ်။

http://www.dhammadownload.com



## လမ်းဆုံမှာတူးထားတဲ့ ရေတွင်းရေကန်ပမာ

အနာထပိဏ်သူဌေးကြီးအိမ်သို့ ဝင်ထွက်သွားပြန်နေတဲ့ ရဟန်းသံဃာတွေရဲ့ အတိုင်းအတာ ပမာဏမရှိပါ။ ဗုဒ္ဓလဲရုံခါကြ၊ အသီတိသာဝကတွေလည်း ရုံခါကြ၊ ကြွင်းသာဝကတွေလည်း ရုံခါကြဆိုတော့ အရေအတွက် အတိုင်းအတာ ပမာဏက မရှိသလောက်ပါပဲ၊ အနာထပိဏ်သူဌေးကြီး အိမ်မှာ သကၤန်းရောင်တပြောင်ပြောင်၊ .သင်္ကန်းလေလေးက တည္ငင်းညင်းနဲ့ သူတော်ကောင်းတွေအဖို့ ရန့်သင်းနေပါတယ်။

အနာထပိဏ်သူဌေးကြီးရဲ့ အိမ်နေရာဟာ ရဟန်းသံဃာတော်များအတွက် လမ်းဆုံလမ်းခွ လမ်း(၄)မမှာ တူးထားတဲ့ ရေတွင်း ရေကန်ပမာ တူပါတယ်။

လမ်းဆုံလမ်းခွ လမ်း(၄)မမှာတူးထားတဲ့ ရေတွင်းရေကန်ဆိုတာက ဘယ်သူပဲဖြစ်ဖြစ် သောက်ရတယ်၊ သုံးရတယ်၊ ခပ်ရတယ်။

အခုလည်း ဒီအတူပဲ၊ အနာထပိဏ်သူဌေးကြီးအိမ်မှာရှိတဲ့ ပစ္စည်းတွေဟာ ဘယ်ရဟန်း သံဃာပဲ ဖြစ်ဖြစ် ဘုဉ်းပေး သုံးဆောင်ရတယ်၊ ဘုဉ်းပေးသုံးဆောင်လို့လည်း မြိန်ရေ ယှက်ရေ ရှိတယ်။

http://www.dhammadownload.com



အနာထပိဏ်သူဌေးကြီးကလည်း ကျောင်းဒကာ ဖြစ်ပြီးတဲ့အချိန်ကစပြီး အရောင်းအဝယ်အလုပ်အကိုင် ဘာတစ်ခုမှ မလုပ်တော့ဘဲ အလှူပေးကမ်းတဲ့အလုပ်၊ ကျောင်းသွားပြီး ဘုရားဖူး၊ တရားနာ၊ ဝေယျာဝစ္စလုပ်တဲ့အလုပ်ပဲ လုပ်နေတယ်။

## မိဘအရာ၌တည်

အနာထပိဏ်သူဌေးကြီးဟာ ရဟန်းသံဃာတို့ရဲ့ မိဘအရာ၌ တည်နေပါတယ်။ အဲဒီစကားကို ဘုန်းကြီးတို့ပရိသတ် သတိထားပါ။ အထူးသဖြင့် ကျောင်းဒကာ ကျောင်းအစ်မတွေ သတိထားပါ။ အနာထပိဏ်သူဌေးကြီးဟာ ရဟန်းသံဃာအားလုံးတို့၏ မိဘအရာ၌တည်နေသလို ကျောင်းဒကာ ကျောင်းအစ်မများလည်း ကျောင်းရှိ သံဃာအားလုံးတို့ရဲ့ မိဘအရာ၌ တည်နေရပါမယ်။

အိမ်တစ်အိမ်ရဲ့ မိဘ(၂)ပါးဟာ တစ်အိမ်သားလုံး အမိအဘဖြစ်သလို သားသမီးအားလုံးအပေါ် မေတ္တာအတူထားသလို တစ်ကျောင်းထဲရှိ ကျောင်းဒကာ–ကျောင်းအစ်မများဟာ တစ်ကျောင်းတိုက်လုံး ရဟန်း သံဃာများရဲ့ မိဘသဖွယ် ဖြစ်နေရပါမယ်။ တည်နေရပါမယ်။

အနာထပိဏ်သူဌေးကြီးကတော့ ရဟန်းသံဃာ အားလုံးတို့ရဲ့ အမိအဘအရာ၌ တည်နေပါတယ်ဆိုတော့ ဇေတဝန်

http://www.dhammadownload.com



တစ်ကျောင်းတိုက်သာမကပါ၊ သာဝတ္ထိပြည်သို့ ရောက်လာသမျှ အားလုံးသော ရဟန်းသံဃာတို့အပေါ်မှာ မိဘသဖွယ် တည်နေပါတယ်။

## ပစ္စည်းတွေကုန်

အဲဒီလို သာဝတ္ထိပြည်သို့ ရောက်လာတဲ့ သံဃာအားလုံး၊ မိမိအိမ်သို့ ကြွလာတဲ့ ရဟန်းသံဃာအားလုံးအပေါ် အမိအဘသဖွယ် ပြုစုလုပ်ကျွေးပြီးနေတယ်။ စီးပွားရေး ကြီးပွားရေးတွေဘာတစ်ခုမှ မလုပ်တော့ဘူး။ တစ်နေ့တစ်နေ့ လှူဒါန်းပေးကမ်းမှုနှင့်သာအချိန်ကုန်နေတယ်၊ ပစ္စည်းထပ်မရှာဘဲ ရှိတာတွေလှူဒါန်းပေးကမ်း စွန့်ကြဲနေတော့ ပစ္စည်းတွေဟာ ကုန်ကုန်သွားတယ်ပေါ့၊ မရှာတော့ အရမရှိဘဲ အကုန်ပဲရှိတာပေါ့။

## ဆုတ်–တည်–တိုး

လောကသဘာဝကိုကြည့်ပါ၊ သတိပြုပါ၊ ဆုတ်ယုတ်မှု၊ တည်တံ့မှု၊ တိုးပွားမှုရယ်လို့ (၃)မျိုးရှိပါတယ်။ အရာဝတ္ထုတစ်ခုဟာ တိုးပွားရင်ကောင်းပါတယ်၊ မတိုးပွားရင် တည်တံ့ရပါတယ်။ မတည်တံ့လို့ ဆုတ်ယုတ်သွားလျှင်တော့ မကောင်းတော့ဘူး။

http://www.dhammadownload.com



ဘုရားရှင်က တည်တံ့တာတောင် မချီးမွမ်းပါဘူး။ ဆုတ်ယုတ်တာဆိုရင်တော့ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ မချီးမွမ်းပါဘူး။ တိုးပွားမှု၊ တိုးတက်မှုမှ ချီးမွမ်းပါတယ်။

အခု အနာထပိဏ်သူဌေးကြီးရဲ့ ဆုတ်ယုတ်မှု ကုန်ကုန်သွားမှုဟာ ရှာရင်းဖွေရင်းနဲ့ မဟုတ်ပါဘူး။ ပစ္စည်းဥစ္စာကို လုံးဝမရှာဘဲနဲ့ ကုသိုလ်တရားသာ ရှာဖွေနေတယ်၊ ကုသိုလ်တရားတွေတော့ မတိုးပွားဘူးလားဆိုရင် တိုးပွားတယ်၊ ရှာတာကို။ တိုးပွားတာပေါ့၊ ပစ္စည်းတွေကတော့ ကုန်ကုန်သွားတယ်၊ မရှာဘဲနဲ့ ရှိတာတွေ ပေးကမ်းလှူဒါန်းနေလို့ပါ။

မြစ်ချောင်းသဘောနဲ့ပြောရရင် တစ်ဖက်သောင်ထွန်း တစ်ဖက်ကမ်းပြိုပေါ့၊ တစ်ဖက်က တိုးတယ်၊ တစ်ဖက်က ဆုတ်ယုတ်တယ်ပေါ့၊ အခုလည်း ကုသိုလ်ရေးဘက်က တိုးတယ်။ စီးပွားရေးဘက်က ဆုတ်ယုတ်ပါတယ်။

## မိစ္ဆာနတ်အကြံ

အဲဒီလို စီးပွားမရှာဘဲ လှူဒါန်းပေးကမ်းနေလို့ ကုန်သွားတာက သူဌေးကြီးအဖို့ အကြောင်းမဟုတ်ပါ၊ ဂရုမစိုက်ပါဘူး၊ စိတ်မပျက်ပါဘူး၊ လှူမြဲလှူနေပါတယ်၊ လှူတာဟာ သူတော်ကောင်းတွေအလုပ်ပါ၊ သူတော်ကောင်းတွေဟာ အလှူနဲ့

http://www.dhammadownload.com



ပျော်ပါတယ်၊ အလှူခံပုဂ္ဂိုလ်တွေ ဝင်ထွက်သွားပြန်နေတာကို ဖူးမြော်ရတာလည်း ပျော်ပါတယ်။

ပျော်တဲ့သူက ပျော်ပေမယ့် မပျော်တဲ့လူလည်း ရှိသေးတယ်၊ အဲဒါ သဘာဝပါပဲ၊ အနာထပိဏ်သူဌေးကြီး အိမ်က ဘုံ(၇)ဆင့်ရှိပါတယ်၊ တံခါးမုခ် (၇)မုခ်ရှိပါတယ်။ စတုတ္ထ တံခါးမုခ်မှာ စောင့်နေတဲ့နတ်က မိစ္ဆာဒိဋ္ဌိနတ်ပါ။

ဘုန်းကြီးတို့ ပရိသတ်က နတ်ဆိုရင် ဘာရယ် ညာရယ် မရွေးကြဘူး၊ အရမ်းအထင်ကြီးကြတယ်၊ မိစ္ဆာနတ်ဆိုတာဟာ သာသနာတော်ကို မကြည်ညိုပါဘူး။

မြတ်စွာဘုရားနှင့် ရဟန်းသံဃာတွေ ဒီအနာထပိဏ် သူဌေးကြီးအိမ်သို့ ဝင်ထွက် ကြွသွားနေတာကို ဒီနတ်က မရှုစိမ့်၊ မကြည့်စိမ့်ပါဘူး။

ဒါတင်မဟုတ်သေးပါဘူး၊ ဒီမိစ္ဆာနတ်မှာ ဘာ သီလ၊ သမာဓိ၊ ပညာ အကျင့်တရားမှ မရှိတဲ့အတွက် သီလ၊ သမာဓိ ပညာ သိက္ခာ(၃)ပါး အကျင့်တရားနဲ့ ပြည့်စုံတဲ့ ဘုရားရှင်နှင့် ရဟန်း သံဃာတွေ သူ့ဘုံအောက်ကနေပြီး ကြွသွားဝင်ထွက်နေတော့ သူက အပေါ်မှာ မနေနိုင်ဘူး၊ ပူလောင်နေတယ်။

http://www.dhammadownload.com



ပူလောင်လို့ အပေါ်မှာ မနေနိုင်တော့ ရဟန်းသံဃာတွေ ဝင်ထွက် ကြွသွားတိုင်း သူက သားသမီးတွေ လက်ဆွဲပြီး မြေကြီးမှာ ဆင်းဆင်းနေရတယ်။

ရဟန်း သံဃာတွေကလည်း နံနက်ပိုင်းလည်း ဝင်လိုက်၊ ထွက်လိုက်။ နေ့လယ်ပိုင်းလည်း ဝင်လိုက်၊ ထွက်လိုက်။ ညနေပိုင်းလည်း ဝင်လိုက်၊ ထွက်လိုက်ဆိုတော့ ဒီနတ်မိစ္ဆာမှာ ဘုံဗိမာန်ပေါ်မှာ နေရတယ်လို့ မရှိတော့ဘူး။ သံဃာတော်တွေ အဝင်အထွက် မရှိတဲ့ ညပိုင်းလောက်သာ ဘုံဗိမာန် ပေါ်မှာနေရပြီး တစ်နေ့လုံး ဘုံဗိမာန်အောက် ဆင်းနေရတယ်။

## နတ်မိစ္ဆာကြံပြီ

ဘုံဗိမာန်ပေါ်မှာ မနေရတဲ့အတွက် နတ်မိစ္ဆာဟာ မကျေမနပ်ဖြစ်နေတယ်၊ သူ့မှာ အတော်ဒုက္ခရောက်နေတာကိုး။ ဒီတော့ သူချမ်းသာရာ ချမ်းသာကြောင်း အကြံအစည်ထုတ်တယ်။

"အင်း...ဒီ ရဟန်းဂေါတမနှင့် သူ့ရဲ့ တပည့်သားသာဝကသံဃာများ ဒီအိမ်သို့ ဝင်ထွက် ကြွသွားနေသမျှကာလပတ်လုံး ငါ့မှာ ချမ်းသာသုခ မရှိဘူး။ အမြဲပဲ ဘုံဗိမာန်ပေါ်မှဆင်းနေရတယ်၊ ဒီရဟန်းဂေါတမနှင့် သူ့ရဲ့ တပည့်သားသံဃာများ ဒီအိမ်သို့ မဝင်ထွက်အောင် ငါ လုပ်သင့်တယ်။

http://www.dhammadownload.com



"ရဟန်း ဂေါတမနှင့် သူ့တပည့်များ ဒီ အနာထပိဏ် သူဌေးကြီးအိမ်ဂေဟာသို့ မဝင်မထွက်အောင် ငါဘယ်လိုလုပ် ရပါ့မလဲ"လို့ အကြံအစည် ထုတ်ပါတယ်၊ ဘုန်းကြီးတို့ ပရိသတ် မှတ်ထားပါ၊ မကောင်းတဲ့သူဟာ မကောင်းတာ ပြုတယ်၊ မကောင်းတာ ပြောတယ်၊ မကောင်းတာကြံတယ်၊ အခု ဒီနတ်ဟာ မကောင်းတဲ့ မိစ္ဆာပေါ့၊ မိစ္ဆာဆိုတော့ မိစ္ဆာ အပြု၊ အပြော၊ အကြံအစည် ထုတ်တာပေါ့။

## ဩဝါဒပေးချင်လို့

အဲဒီလို အကြံအစည်ထုတ်ပြီးတော့ 'ငါသည် သူဌေးကြီး အိမ်သို့ ရဟန်းဂေါတမနှင့် သူ့တပည့်သား သာဝက သံဃာ တွေ မဝင်အောင်၊ မထွက်အောင် လုပ်မှပဲ'လို့ အကြံအစည် ကို ဆုံးဖြတ်ချက် ချပါတယ်။

အဲဒီ ဆုံးဖြတ်ချက်ချပြီးတော့ တစ်နေ့သော ညဥ့် သန်းခေါင်ယံ အချိန်အခါမှာ အိပ်ရာဝင် အိပ်မောကျနေသော အနာထပိဏ် သူဌေးကြီးရဲ့ ကိုယ်စားလှယ် အမှုလုပ်ကြီးရဲ့ အိပ်ရာတိုက်ခန်းသို့ ဝင်ကာ အပေါ်မှ ကိုယ်ရောင်ကိုယ်ဝါ ပြကာ ရပ်တည်နေပါတယ်။

သူဌေးကြီးရဲ့ ကိုယ်စားလှယ်ကြီးလည်း ကြက်သီး မွေးညင်းထကာ လန့်ပြီးနိုးလာပါတယ်၊ အိပ်ရာက နိုးလာ

http://www.dhammadownload.com



တော့ လင်းထိန်နေတာလည်း တွေ့ရတယ်၊ အပေါ်မှာ နတ်လည်း တွေ့ရတယ်၊ တွေ့ရတော့မေးတယ်၊ ဟိုက နတ်ကလည်း ဖြေတယ်ပေါ့”

‘အသင်သည် ဘယ်သူလဲ’

‘ငါသည် ဟောဒီအိမ်မှာ စောင့်နေတဲ့ စတုတ္ထတံခါးမုခ် စောင့် နတ်ပဲ’

‘အသင်သည် ဘာကိစ္စလာပါသလဲ’

‘အသင်တို့ သူဌေးကြီးအတွက် ဩဝါဒပေးချင်လို့ လာခဲ့တယ်’

‘ဩဝါဒပေးချင်လို့ လာခဲ့တယ်ဆိုရင် ဩဝါဒပေးပါ၊ အကျွန်ုပ်တို့ သူဌေးကြီးက ဩဝါဒဆိုရင် သိပ်ပြီးတော့ လိုလားပါတယ်၊ နာခံပါတယ်’

‘သင်တို့ဟာ သင်တို့ သူဌေးကြီးရဲ့ အမူအရာကို မမြင်ကြကုန်သလော၊ သင်တို့ သူဌေးကြီးဟာ မိမိရဲ့ နောင်ရေးနောင်ကာလကိုလည်း မကြည့်ဘူး၊ သားသမီးတွေရဲ့ နောင်ရေးနောင်ကာလကိုလည်း မကြည့်ဘူး။

‘ရှိသမျှ ပစ္စည်းဥစ္စာတွေ ထုတ်ပြီး ရဟန်း ဂေါတမနှင့် သူ့သာဝက သံဃာတွေသာ လှူဒါန်းနေတယ်၊ ကုန်ရောင်းကုန်ဝယ်၊ ကုန်သွယ်မှု၊ စီးပွားဥစ္စာ ရှာဖွေမှု တစ်စုံတစ်ခု သောအမှုမှ မလုပ်ဘူး။

http://www.dhammadownload.com



'သင်တို့သည် သင်တို့သူဌေးကြီးကို အလုပ်ပြန်လုပ်ရအောင်ပြောပါ၊ ရဟန်းဂေါတမနဲ့ သူ့သာဝကတွေ ဒီအိမ်သို့ မဝင်အောင်၊ မထွက်အောင် ဆုံးမကြပါ။

'ရဟန်းဂေါတမနှင့် သူ့သာဝကတွေ လှူဒါန်းပေးကမ်းနေတာဟာ ကုန်တာပဲ ရှိတယ်၊ ဘာတစ်ခုမှ ပြန်ရတယ်လို့ မရှိဘူး၊ ရှိသမျှ ပစ္စည်းတွေလည်း ကုန်နေပြီ။

'မနက်ဖြန်ကနေ စပြီး ရဟန်းဂေါတမနှင့် သူ့သာဝကတွေ ဒီအိမ်ထဲကို မဝင်စေနဲ့၊ သင်တို့လည်း ရဟန်းဂေါတမနဲ့ သူ့သာဝကတွေထံ မသွားနှင့်'

ကဲ...ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့်စမ်း၊ အဲဒါ နတ်မိစ္ဆာနဲ့ သူဌေးကြီးရဲ့ ကိုယ်စားလှယ် အမှုလုပ်ကြီးတို့ အပြန်အလှန် ပြောတဲ့စကားပဲ၊ သူဌေးကြီးအတွက် ပေးတဲ့ ဩဝါဒစကားပဲ။

အဲဒီလို နတ်က ဆုံးမဩဝါဒပေးတဲ့အခါ သူဌေးကြီးရဲ့ အမှုလုပ် ကိုယ်စားလှယ်ကြီးက အဲဒီနတ်ကို ပြန်ပြောတယ်။

အို...နတ်မိုက် နတ်မိစ္ဆာ၊ သင့်ဩဝါဒကို ငါမနာယူနိုင်ဘူး။ သင့်ဩဝါဒကိုလည်း သူဌေးကြီးကို သွားမပြောရဲဘူး။

'အို...နတ်မိုက် နတ်မိစ္ဆာ၊ တို့သူဌေးကြီး လှူနေတာဟာ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ဖြစ်သော နိယျာနိက သာသနာတော်၌ လှူဒါန်းနေတာ၊ စွန့်ကြဲပေးကမ်းနေတာ။

http://www.dhammadownload.com



'ဗာဟိရက သာသနာပ အယူမှားတဲ့ တိတ္ထိတက္ကတွန်း တွေအား ပေးကမ်းလှူဒါန်းနေတာ မဟုတ်ဘူး။

'အို...နတ်မိုက်၊ နတ်မိစ္ဆာ၊ တကယ်လို့များ သူဌေးကြီး သည် ငါ့ရဲ့ ဦးသျှောင်ကို ကိုင်ပြီး ငါ့ကို ရောင်းလှူသော် လည်း သူဌေးကြီးအား တစ်စုံတစ်ခုသော စကားကိုမျှ ငါ, မဆိုဝံ့ပါ။ သင် ငါ့အိပ်ရာတိုက်ခန်းထဲမှ ယခုချက်ချင်း ထွက် သွားလော့' လို့ အမိန့်ပေးပြောဆိုကာ အိပ်ရာတိုက်ခန်းမှ နှင်ထုတ်လိုက်ပါတယ်။ နတ်မိစ္ဆာလည်း ဘာတစ်ခွန်းမှ ပြန်မပြောရဲဘဲ ထွက်သွားရပါတယ်။

## သားကြီးထံသွားပြန်ပြီ

မကောင်းတဲ့သူဟာ မကောင်းတဲ့အကြံကိုမလျှော့သလို မကောင်းတဲ့ နတ်မိစ္ဆာလည်း မကောင်းတဲ့ သူ့ရဲ့အကြံကို မလျှော့ဘူး။ ကိုယ်စားလှယ်ကြီးက မောင်းထုတ်လိုက်တော့ သားကြီးသြရသထံ သွားဖို့ စဉ်းစားကြံစည်ပြန်တယ်။

အဲဒီလို ကြံစည်ပြီးနောက် အတန်ငယ် ရက်ကြာတဲ့အခါ တစ်နေ့သော ညဉ့်သန်းခေါင်ယံအချိန်မှာ အနာထပိဏ်သူဌေး ကြီးရဲ့ သားကြီး သြရသရဲ့ အိပ်ရာတိုက်ခန်းထဲ သွားပြီး ကိုယ်ရောင် ကိုယ်ဝါပြပြီး အပေါ်ကနေ မတ်တတ်ရပ်နေတယ်၊

http://www.dhammadownload.com



သားကြီး ဩရသက အိပ်ရာကနိုးတော့ နတ်ကိုမြင်လို့ 'ဘယ်သူလဲ'မေးတဲ့အခါ 'ဒီအိမ်မှာ စောင့်နေတဲ့ စတုတ္ထ တံခါးမှုခ်က နတ်ပဲ'လို့ ပြန်ပြောတယ်။

အဲဒီလိုပြောတဲ့အခါ 'အသင်နတ် ဘာအကျိုးငှာ လာပါ သလဲ'လို့ မေးတဲ့အခါ 'သင့်အဖေအတွက် ဩဝါဒပေးချင် လို့'လို့ ဖြေပါတယ်။

အဲဒီအခါ သားဩရသက 'ဖခင်အတွက် ဩဝါဒပေးချင် လို့ လာလျှင် ဩဝါဒပေးပါ၊ ဩဝါဒစကားဆိုလျှင် နာခံပါ့ မယ်'လို့ ပြောပါတယ်။

အဲဒီအခါ နတ်မိစ္ဆာက သူဌေးကြီးရဲ့ ကိုယ်စားလှယ် အမှုလုပ်ကြီးကို ပေးတဲ့ ဩဝါဒအတိုင်း ပေးပါတယ်။

အဲဒီလိုပေးတဲ့အခါ သားကြီး ဩရသက 'ဒီလိုဩဝါဒမျိုး ကို အကျွန်ုပ်တို့ဖခင်ကို မပြောရဲဘူး။ ဖခင်ဟာ သူ့ပစ္စည်းကို သူပေးကမ်းစွန့်ကြဲနေတာကုန်ကုန်၊ သင်နှင့် ဘာမှမဆိုင်ပါဘူး။

'အကျွန်ုပ်တို့အတွက် ကြည့်ကြည့်၊ မကြည့်ကြည့်၊ အဲဒါ ကို မပိတ်ပင်ပါနဲ့၊ ဖခင် လှူနေတာ ဝဋ်ဆင်းရဲမှ ထွက်မြောက် ရာ နိယျာနိကဿနာတော် လှူဒါန်းနေတာပါ၊ သင့်ဩဝါဒကို ဖခင်အား မပြောကြားရဲပါ၊ အသင်နတ် ထွက်သွား'လို့ ပြောပြီး အခန်းထဲမှ နှင်ထုတ်လိုက်တယ်။

http://www.dhammadownload.com



မိစ္ဆာနတ်ဟာ စကားပြောချင်တာကတော့ အနာထပိဏ် သူဌေးကြီးနှင့် ပြောချင်တာပဲ။ ဒါပေမယ့် စကားမပြောရဲဘူး။ မပြောရဲလို့ ကိုယ်စားလှယ် အမှုလုပ်ကြီးနှင့် သားကြီး သြရသ တို့ထံ သွားပြောတာ။

အနာထပိဏ် သူဌေးကြီးကလည်း ဘုရားရှင်အမှူးရှိတဲ့ သံဃာတော်တွေကို အမြဲပဲ ဆက်လက် လှူဒါန်းပေးကမ်းနေ ပါတယ်။ စီးပွားရေး၊ ကြီးပွားရေးလည်း ဘာတစ်ခုမှ ဆက် လက်မလုပ်ပါ။

ကျောင်းကိုလည်း နံနက်တစ်ကြိမ် နေ့လယ်တစ်ကြိမ် ညနေတစ်ကြိမ် သွားမြဲသွားနေပါတယ်။ လှူမြဲလှူနေပါတယ်။ စီးပွားမရှာဘဲ အမြဲလှူနေတော့ ဥစ္စာတွေ ကုန်ကုန်လာတာ ပေါ့။

သူဌေးကြီးမှာ အလှူအတန်း ပေးကမ်းလှူဒါန်းမှု မလျှော့ ဘဲ ဆက်လက်လှူဒါန်းနေတော့ စီးပွားများ လျော့လာတာ ဘယ်လောက်လျော့လဲဆိုရင် သူဌေးကြီးမှာ အဝတ်အစား များ ရှေးကနှင့်တောင်မတူတော့ပါ။ အကောင်းအမွန်တွေ မဝတ်နိုင်၊ မစားနိုင်တော့ပါ။

အဲဒီလိုဖြစ်သော်လည်း သူဌေးကြီးဟာ လှူဒါန်းပေးကမ်း မှုကိုမလျှော့ပါ၊ လှူမြဲဆက်ပြီးလှူနေပါတယ်၊ ပစ္စည်းတွေလည်း အတော်လျော့ပါးသွားပါပြီ။

http://www.dhammadownload.com



## အမွန်အမြတ်မလှူနိုင်

သူဌေးကြီးလှူနေတာက ဘုရားအမှူးရှိတဲ့ သံဃာတွေနဲ့ ခရီးသွားတွေ၊ အထီးကျန်မွဲ ဆင်းရဲသားတွေကိုလည်း ပေးကမ်း လှူဒါန်းနေပါတယ်။ ပစ္စည်းတွေ လျော့ပါးသွားတဲ့အခါ ရဟန်း သံဃာတွေကို အမွန်အမြတ်များလှူနိုင်ပေမယ့် ခရီးသွားနဲ့ အထီးကျန်မွဲ ဆင်းရဲသားတွေကို အမွန်အမြတ် မလှူနိုင်တော့ပါ။

ဘာတွေပဲ လှူနိုင်လဲဆိုတော့ ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်းလောက်ပဲ လှူဒါန်းနိုင်ပါတယ်။ အဲဒီအခါ အနာထပိဏ် သူဌေးကြီးဟာ စိတ်မချမ်းမသာ ဖြစ်နေပါတယ်။ အဲဒါကို ဘုရားရှင်က သိပါတယ်။

'ဩော်...အနာထပိဏ် သူဌေးကြီးဟာ ပေးကမ်းလှူဒါန်းတဲ့ နေရာမှာ လှူများကို ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်းကိုသာ လှူဒါန်းနေရပါတယ်။ အဲဒီလို လှူဒါန်းနေရတဲ့အတွက် သူဌေးကြီး စိတ်မချမ်းမသာ ဖြစ်နေတယ်'

အဲဒီလို ဘုရားရှင် သိပါတယ်။ လှူပါရဲ့လား။ အဲဒီလို သိတော့ ဘုရားရှင်က အနာထပိဏ် သူဌေးကြီးကို ဘုရားရှင် တရားဟောချင်တယ်၊ တစ်နေ့ အနာထပိဏ်သူဌေးကြီး ဇေတဝန်ကျောင်းသွားတဲ့အခါ ဘုရားရှင်က 'သူဌေးကြီး

http://www.dhammadownload.com



သင်သည် အိမ်မှာ နေ့စဉ် နေ့စဉ် လှူဒါန်းပေးကမ်းမှုကို ပြုနေပါရဲ့လား’လို့ မေးပါတယ်။

အဲဒီလို ဘုရားရှင် မေးတာကို မသိလို့လားဆိုတော့ မဟုတ်ပါဘူး။ သိပါတယ်။ သိပါလျက်ကနဲ့ ဘာဖြစ်လို့ မေးလဲဆိုရင် အနာထပိဏ်သူဌေးကြီး စိတ်မချမ်းမသာ ဖြစ်နေတာကို သိလို့ပါ။ အဲဒီလိုသိပြီး တရားဟောချင်လို့ပါ။ ဟောချင်လို့ မေးတဲ့အခါ သူဌေးကြီးက...

“မြတ်စွာဘုရား၊ တပည့်တော်အိမ်မှာ နေ့စဉ် နေ့စဉ် လှူဒါန်းပေးကမ်းနေပါတယ် ဘုရား၊ အဲဒီလို လှူဒါန်းရတဲ့ တပည့်တော် အလှူဟာ ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်း လောက်သာ ဖြစ်တဲ့အတွက် တပည့်တော် စိတ်မချမ်းမသာ ဖြစ်နေပါတယ်ဘုရား”လို့ လျှောက်ထားပါတယ်။ အဲဒီမှာ ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်းဆိုတာ လူတွေကို လှူနေရတာ နော်၊ ရဟန်းသံဃာတွေကိုတော့ အမွန်အမြတ်ပဲ လှူဒါန်းနေ တယ်လို့ မှတ်ပါ။

## စိတ်မတွန့်စေလင့်

အေး...အနာထပိဏ် သူဌေးကြီးက ဘုရားရှင်အား အဲဒီလို လျှောက်ထားမယ်ဆိုတာ သိပါတယ်။ သိလို့ မေးကာ

http://www.dhammadownload.com



ပါ။ မေးလို့ လျှောက်တဲ့အခါ သူဌေးကြီး စိတ်ချမ်းသာအောင် ဘုရားရှင်က...

"သူဌေးကြီး ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်းသာ လှူဒါန်း ပေးကမ်းနေရတယ်လို့ သင်စိတ်မချမ်းမသာ မဖြစ်လင့်၊ စိတ် မကြည်မလင် မဖြစ်နဲ့၊ မှန်တယ် သူဌေးကြီး၊ စိတ်စေတနာ မွန်မြတ်စင်ကြယ်ရင် ဘုရား၊ ပစ္စေကဗုဒ္ဓ၊ ဗုဒ္ဓတပည့်တို့အား လှူဒါန်းပေးကမ်းရတဲ့ အလှူဟာ ညံ့တယ်လို့ မရှိပါဘူး။

"အဘယ့်ကြောင့် ညံ့တယ်လို့မရှိလဲဆိုရင် သင် လှူဒါန်း ပေးကမ်းနေရတာ မြတ်စွာဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတွေ ဖြစ်နေတဲ့အတွက် အလှူခံပုဂ္ဂိုလ်တွေ အလွန်တရာ မြင့်မြတ် ၍ အကျိုးကြီးပါတယ်။

"သူဌေးကြီး၊ အလှူ အကျိုးကြီးတယ်လို့ဆိုတာဟာ အလှူခံပုဂ္ဂိုလ်အပေါ် မူတည်ပါတယ်။ စိတ်စေတနာ သဒ္ဓါ တရားအပေါ်မှာ မူတည်ပါတယ်။

"လှူဖွယ်ပစ္စည်းပေါ်မှာ မူမတည်ပါဘူး၊ မှန်ပါတယ် သူဌေးကြီး၊ လှူဖွယ်ပစ္စည်းဆိုတာ စိတ်စေတနာ သဒ္ဓါတရား ဖြစ်ပေါ်ရေးအတွက်သာ ဖြစ်ပါတယ်။ စိတ်စေတနာ သဒ္ဓါ တရား ကောင်းပါရင် လှူဖွယ်ပစ္စည်း ညံ့သော်လည်း အကောင်းပဲ အမွန်အမြတ်ပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com



"သူဋ္ဌေးကြီး၊ စိတ်စေတနာ သဒ္ဓါတရား ကြည်လင်သည် ရှိသော် ရှေးဘုရားတို့ကဲ့သို့ ကောင်းသော လာခြင်းရှိတော်မူသော ဘုရားရှင်နှင့် အဲဒီဘုရားရှင်ရဲ့ တပည့်သား သာဝက တွေမှာ လှူဒါန်းပေးကမ်းရတဲ့ အလှူဟာ ညံ့တယ်၊ နည်းတယ် ဆိုတာ မရှိပါဘူး။

"သူဋ္ဌေးကြီး၊ မြတ်သော မြင်ခြင်း ရှိတော်မူကုန်သော ဘုရားရှင်တို့၌ လုပ်ကျွေးရခြင်း၊ လှူဒါန်းပေးကမ်းရခြင်းဟာ နည်းတယ် ညံ့တယ်လို့ မရှိပါဘူး၊ ခြောက်ကပ်နေတဲ့ ဆား မပါတဲ့ မုယောဆွမ်းကလေးကပင် ကြီးကျယ်တဲ့ အကျိုးကို ပေးပါတယ်။

"သူဋ္ဌေးကြီး၊ သင်ဟာ ဆန်ကွဲဆွမ်းနဲ့ ပုန်းရည်ဟင်း လှူရသော်လည်း အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့အား ပေးကမ်း လှူဒါန်းနေရတာပါ။

"အဲဒီလို အမွန်အမြတ် ပုဂ္ဂိုလ်တွေ လှူဒါန်းပေးကမ်း နေရတဲ့အတွက် အညံ့ဆိုတာ မရှိပါဘူး၊ အမြတ်ကြီးပါပဲ။

"သူဋ္ဌေးကြီး၊ ငါဘုရားသည် ဟိုရှေးအခါ ဝေလာမ ဖြစ်စဉ်က ဇမ္ဗူဒိပ်ကျွန်းကို ထွန်တုံးပိတ်ပြု၍ ရတနာ (၇)ပါး တို့ကို လှူဒါန်းခဲ့ပါတယ်။

"မြစ်ကြီးငါးသွယ်တို့ဟာ တစ်ခုသော အယဉ်ဖြင့် ပြည့်ပြီး စီးဆင်းသည်ကိုပြုသကဲ့သို့ လှူဒါန်း ပေးကမ်းခဲ့ပါတယ်။

http://www.dhammadownload.com



"သူဌေးကြီး၊ ငါ့ရဲ့ အဲဒီ ဝေလာမ ဖြစ်စဉ်က လှူဒါန်းခဲ့တဲ့ အလှူကြီးမှာ သရဏဂုံတည်သူ ငါးပါးသီလတည်သူကိုမျှ မရပါ။

"သူဌေးကြီး၊ မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်ဆိုတာ အဲဒီ လောက် ရခဲလှပါတယ်။ ဒါကြောင့် သူဌေးကြီးဟာ အညံ့ တွေ လှူရတယ်လို့ စိတ်မတွန့်ပါနှင့်၊ အလှူခံပုဂ္ဂိုလ်တွေက အရိယာပုဂ္ဂိုလ်တွေဖြစ်နေတဲ့အတွက် မြတ်ပါတယ်"လို့ သူဌေး ကြီးအား တရားဟောပေးပါတယ်။ အဲဒီလို ဟောပြီးတော့ ဝေလာမ .သုတ္တန်ကို ဆက်ဟောပေးပါတယ်။

## ဝေလာမ အလှူ

"သူဌေးကြီး၊ ရှေးက ဝေလာမပုဏ္ဏားကြီးဆိုတာရှိတယ်၊ သူ့ကို ဘာဖြစ်လို့ ဝေလာမ ခေါ်လဲဆိုရင် ဇာတိအနွယ်၊ အဆင်း၊ ဥစ္စာ၊ သဒ္ဓါ၊ ပညာ စသည်တို့ အပိုင်းအခြားလွန် တဲ့အတွက် 'ဝေလာမ' လို့ ခေါ်ပါတယ်။

"ဇမ္ဗူဒိပ်မှ မင်းရှစ်သောင်းလေးထောင်ရဲ့ ဆရာကြီး ပေါ့၊ ဗာရာဏသီ ပြည့်ရှင်မင်းရဲ့ ပုရောဟိတ်ပုဏ္ဏားပေါ့၊ မင်းများက ဝေလာမကို အလိုရှိတာပြောပါလို့ ဖိတ်ထားပါ တယ်။

http://www.dhammadownload.com



"ဒီဝေလာမ ပုဏ္ဏားမှာကိုက သုံးစွဲမကုန်နိုင်အောင် ရတနာ (၇)ပါး ပစ္စည်းပစ္စယရှိနေပါတယ်။ သူ့ရဲ့ ဆွေ (၇) ဆက်၊ မျိုး (၇)ဆက်ရဲ့ ပစ္စည်းပစ္စယများ ကျန်နေတာ အများကြီးရေတွက်မကုန် အလုံးစုံကို မြင်ပါတယ်။

"အဲဒီပစ္စည်းတွေ မြင်တဲ့ ဝေလာမ ပုဏ္ဏားဟာ ဇမ္ဗူဒိပ်ကို ချောက်ချားအောင် လှူသင့်တယ်လို့ အကြံအစည်ဖြစ်ပါတယ်၊ အဲဒီလို အကြံအစည်ဖြစ်ပြီး ဗာရာဏသီပြည့်ရှင်မင်းကို အကြောင်းကြားပါတယ်။

"မင်းကို အကြောင်းကြားပြီး ဂင်္ဂါမြစ်ကမ်းနားမှာ လှူဒါန်းတဲ့အခါ ချက်ပြုတ်ဖို့ရာ ဖိုခုံလောက်တွေ ပြင်ဆင်နိုင်းပါတယ်။ ထောပတ်၊ ဆီ၊ ပျား၊ ဆန် စသည်တို့ ထည့်ဖို့ ကိုဒေါင်တွေ စီစဉ်ပါတယ်။ လူအများကိုလည်း သူ့နေရာနဲ့သူ ချထားပါတယ်။

## စည်လှည့်တယ်

အားလုံးလှူမယ့်အစီအစဉ်တွေပြီးတဲ့အခါ 'ဒီနေ့မှစ၍ ဝေလာမပုဏ္ဏားကြီးရဲ့ အလှူမှာ လာပြီးတော့ အလှူခံစားသောက်ကြပါ'လို့ စည်လှည့်ပါတယ်၊ စည်လှည့်ပြီးတော့ တစ်ထောင်တန် အဝတ်ကို ဝတ်ပြီး ငါးရာတန်အဝတ်ကို ပခုံးတင်ကာ ရေစက်ချမယ့် ရွှေကရားထဲ ရေအပြည့်ထည့်ပြီး–

http://www.dhammadownload.com



"ဒီလောကကြီးထဲမှာ ငါ့ရဲ့ ဒီအလှူကြီးကို အလှူခံခြင်းငှာ သင့်လျော်လျောက်ပတ်တဲ့ မြတ်သော အလှူခံပုဂ္ဂိုလ်ရှိတယ်ဆိုရင် ဒီရွှေကရားထဲမှရေတွေဟာ မြေသို့ကျ၍ ခပါစေ၊ မရှိဘူးဆိုရင် ရွှေကရားထဲမှာ တည်မြဲတိုင်း တည်နေပါစေ"

လို့ အဓိဋ္ဌာန်ပြီး ရွှေကရားအဖုံးဖွင့်ပြီး အောက်သွန်ချပါတယ်၊ ရွှေကရားထဲမှရေဟာ အောက်သို့ တစ်ပေါက် တစ်စက်မျှမကျပါ၊ အဲဒီလို မကျတဲ့အခါ–

"အချင်းတို့ ဒီဇမ္ဗူဒိပ်ဟာ မြတ်သောအလှူခံပုဂ္ဂိုလ် ဆိတ်သုဉ်းလေစွတကား၊ တစ်ယောက် ပုဂ္ဂိုလ်မျှသည်လည်း အလှူကို ခံယူခြင်းငှာ သင့်လျော်တဲ့သဘော မရှိလေစွတကား"

လို့ ဝေလာမ ပုဏ္ဏားကြီးဟာ နှလုံးမသာမယာ မဖြစ်ပါ၊ စိတ်မပျက်ပါ။ စိတ်မပျက်ဘဲနဲ့–

"အကယ်၍ အလှူဒါယကာရဲ့အစွမ်းဖြင့် ဒီအလှူဟာ စင်ကြယ်မယ်၊ အကျိုးကြီးမယ်ဆိုရင် ဒီရွှေကရားထဲမှရေတွေဟာ အကုန်ထွက်ပြီး မြေသို့ကျကာ မြေကိုခပါစေသတည်း"

လို့ အဓိဋ္ဌာန်ပြီး ရွှေကရားအဖုံးဖွင့်ကာ ရေတွေသွန်ချပါတယ်၊ ရွှေကရားထဲမှ ရေတွေဟာ အကုန်လုံး အောက်ကျကာ မြေခပါတယ်။

http://www.dhammadownload.com



## စင်ကြယ်၊ မစင်ကြယ်

ဝေလာမ ပုဏ္ဏားကြီးဘက်ကကြည့်ရင် ဒီအလှူကြီးကို ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးအောင် လှူဒါန်းနိုင်တဲ့ အသိအလိမ္မာ ဉာဏ်ပညာရှိပါတယ်၊ သူတော်ကောင်းအလှူဖြစ်အောင် လှူဒါန်းနိုင်တဲ့ပညာ ရှိပါတယ်။

အေး–အလှူရှင်ဘက်က သူတော်ကောင်းအလှူဖြစ်အောင် လှူဒါန်းနိုင်တဲ့ပညာရှိပေမယ့် အလှူခံ ပုဂ္ဂိုလ်ဘက်က ဖွံ့ဖွံ့ ဖြိုးဖြိုး အကျိုးပေးနိုင်တဲ့ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံတဲ့ အလှူခံပုဂ္ဂိုလ်မျိုး တစ်ယောက်မှ မရှိပါဘူး။

အဲဒီလို အလှူမျိုးကို ဘယ်လိုခေါ်လဲမေးရင် 'တစ်ဖက် သာ စင်ကြယ်တဲ့ ကေတော သုဒ္ဓိအလှူ'လို့ ခေါ်ပါတယ်။

အချို့ အလှူမျိုးတွေကျတော့ အလှူခံပုဂ္ဂိုလ်ဘက်က သရဏဂုံသီလရှိတယ်၊ သမာဓိ ပညာရှိတယ်၊ အလှူအကျိုး ကြီးအောင် မြင့်မြတ်တဲ့ အကျင့်ရှိတယ်၊ အလှူပေးပုဂ္ဂိုလ် ဘက်က သရဏဂုံ၊ သီမရှိ၊ သူတော်ကောင်းအလှူဖြစ်အောင် မလှူတတ်တဲ့အတွက် 'တစ်ဖက်သာ စင်ကြယ်တဲ့ 'ကေတော သုဒ္ဓိအလှူ' လို့ ခေါ်ပါတယ်။

အချို့အလှူကျတော့ အလှူရှင် ပုဂ္ဂိုလ်ဘက်ကလည်း သရဏဂုံ သီလမရှိဘူး၊ သမာဓိပညာမရှိဘူး၊ အလှူခံပုဂ္ဂိုလ်

http://www.dhammadownload.com



ဘက်ကလည်း သရဏဂုံ၊ သီလမရှိဘူး၊ သမာဓိမရှိဘူး၊ ပညာမရှိဘူး၊ အလှူအကျိုးကြီးအောင် ပေးစွမ်းနိုင်တဲ့ အကျင့်မရှိဘူး၊ အဲဒီအလှူမျိုးကို 'နှစ်ဖက်မစင်ကြယ်တဲ့အလှူ' လို့ ခေါ်ပါတယ်။

အချို့အလှူကျတော့ အလှူခံပုဂ္ဂိုလ်ကလည်း သရဏဂုံ သီလရှိတယ်၊ သမာဓိပညာရှိတယ်၊ အကျင့်သိက္ခာကောင်းတယ်၊ အလှူပေးပုဂ္ဂိုလ်ဘက်ကလည်း သရဏဂုံသီလရှိတယ်၊ သမာဓိပညာရှိတယ်၊ သူတော်ကောင်းအလှူဖြစ်အောင် လှူနိုင်စွမ်းရှိတယ်၊ အဲဒီအလှူမျိုးကို 'နှစ်ဖက်စင်ကြယ်တဲ့=ဥတ္တမသုဒ္ဓိအလှူ'လို့ ခေါ်ပါတယ်။

"အခု ဒီဝေလာမ ပုဏ္ဏားကြီးရဲ့ အလှူဟာ သူ့ဘက်ကသာ လှူတတ် ပေးကမ်းစွန့်ကြဲတတ်တဲ့ အသိအလိမ္မာ ဉာဏ်ပညာရှိပြီး သီလ၊ သမာဓိရှိပြီး အလှူခံပုဂ္ဂိုလ်ဘက်က အလှူအကျိုးကြီးအောင် ပေးနိုင်စွမ်းရှိတဲ့ သရဏဂုံ၊ သီလမရှိတဲ့အတွက် 'တစ်ဖက်သာစင်ကြယ်တဲ့=ဧကတောသုဒ္ဓိအလှူ' သာ ဖြစ်ပါတယ်"

ဝေလာမပုဏ္ဏားကြီးဟာ မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်မရှိလို့ စိတ်မပျက်ဘဲ သူ့ဘက်က အင်္ဂါမချို့အောင် အလှူခံပုဂ္ဂိုလ်တွေကို ရိုရိုသေသေ လေးလေးစားစား ပေးကမ်းလှူဒါန်းပါတယ်။

http://www.dhammadownload.com



## ရှစ်သောင်းလေးထောင်

အဲဒီလို လှူဒါန်းပေးကမ်းနေတာ အခုလို ၁၀ ရက်မဟုတ်ပါ။ "ယခုအခါ ငါသည် အလှူကို လှူမှုပဲ"လို့ ဆုံးဖြတ်ချက်ချပြီး အလှူလှူရာသို့ သွားပြီး ယာဂုချိန်မှာ ယာဂုလှူပါတယ်၊ ခဲဘွယ်ချိန်မှာ ခဲဘွယ်လှူပါတယ်၊ ဘောဇဉ်ချိန်မှာ ဘောဇဉ်လှူပါတယ်။

အဲဒီ ဝေလာမပုဏ္ဏားကြီးရဲ့ အလှူဒါနကြီးမှာ ဒီလှူဖွယ်တော့ရှိတယ်၊ ဒီလှူဖွယ်တော့ မရှိဘူးလို့ ဆိုဖွယ်ရာမရှိပါဘူး၊ လှူဖွယ်အစုံရှိပါတယ်။

ဝေလာမပုဏ္ဏားကြီးဟာ အဲဒီလောက် လှူဒါန်းပေးကမ်းစွန့်ကြဲရတာ မကျေနပ်သေးတာနဲ့ သူ့ရဲ့တပည့်ဖြစ်တဲ့ မင်းရှစ်သောင်းလေးထောင်ထံ ရွှေခွက်စသည်များ တောင်းပြီးလှူဒါန်းပါသေးတယ်၊ ဝေလာမပုဏ္ဏားကြီးရဲ့ အလှူကြီးဟာ ဘယ်လောက်ကြာလဲဆိုရင် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ကြာပါတယ်။

## ခင်းကြွယ်စွာလှူ

ဘုရားရှင်က ဝေလာမပုဏ္ဏားကြီးရဲ့အလှူအကြောင်းကို နိဒါန်းပျိုးပြီးတော့ 'သူဌေးကြီး၊ လှူဖွယ်ပစ္စည်း ယုတ်ညံ့သည်ဖြစ်စေ၊ မွန်မြတ်သည်ဖြစ်စေ အလှူဒါနကို ပေးလှူရမယ်'လို့

http://www.dhammadownload.com



ဟောပြီးတော့ 'သူတော်ကောင်းအလှူ=သပ္ပုရိသဒါနနဲ့ မသူတော်အလှူ=အသပ္ပုရိသဒါန'ကို ခွဲခြားပြီးတော့ ဟောပြပါတယ်။

အဲဒီသူတော်ကောင်းအလှူ၊ မသူတော်အလှူ ၅-မျိုးကတော့ ဘုန်းကြီးတို့ ပရိသတ်တွေအတွက် အင်မတန်အရေးကြီးပါတယ်။

အရေးကြီးတဲ့ သူတော်ကောင်းအလှူ ၅-မျိုးကို ဘုန်းကြီးတို့ လင်္ကာရေးထားပါတယ်၊ မသူတော်အလှူကိုတော့ မရေးတော့ပါ၊ သူတော်ကောင်းအလှူ ပြောင်းပြန် ပြန်လိုက်ရင် မသူတော်အလှူ ဖြစ်သွားတာပဲဟာ၊ ကဲ-ဆိုကြည့်စမ်းပါ။

"လှူဖွယ်ဖြာဖြာ၊ စင်ကြယ်စွာ ပြုကာပြင်ကာ၊ လှူဒါန်းသည်"

အဲဒါ နံပါတ်(၁) သူတောင်ကောင်းအလှူပါပဲ၊ ဘုရားရှင်က "နာထပိဏ်သူဌေးကြီး၊ လှူဖွယ်ပစ္စည်းက ယုတ်ညံ့သည်ဖြစ်စေ နည်းသည်ဖြစ်စေ၊ မြတ်သည်ဖြစ်စေ များသည်ဖြစ်စေ၊ လှူဒါန်းတဲ့အခါ အဲဒီလှူဖွယ်ပစ္စည်းကို စင်စင်ကြယ်ကြယ် ပြုပြုပြင်ပြင် လှူဒါန်းမယ်ဆိုရင် အဲဒီအလှူဟာ 'အကျိုးကြီးတယ်၊ သူတော်ကောင်းအလှူ' ဖြစ်တယ်"လို့ ဟောပါတယ်။

http://www.dhammadownload.com



"အေး–လှူဖွယ်ဖြာဖြာ၊ စင်ကြယ်စွာ၊ ပြုကာပြင်ကာ လှူဒါန်းသည့်' ဆိုတာရှင်းရရင် ဥပမာ–အမျိုးသမီးနှစ်ယောက် ပန်း ၅–ကျပ်ဖိုးစီဝယ်လာတယ်၊ ဘုရားပန်းတင်လှူမယ်။

တစ်ယောက်သောအမျိုးသမီးက "ဒီပန်းတွေက အခုမှ ဈေးထဲကဝယ်လာတဲ့ပန်းတွေပဲ၊ လန်းလန်းဆန်းဆန်းပဲဆိုပြီး တော့ ဝယ်လာတဲ့အတိုင်း ကြိုးစည်းကိုမဖြေဘဲ အစည်းလိုက် ချည်း တင်တယ်၊ ပုပ်နေတဲ့အရွက်တွေ နွမ်းနေတဲ့အရွက် တွေကို မဖယ်ပစ်ဘဲ တင်တယ်၊ ညောင်ရေအိုးထဲက ရေကို လည်း အသစ်မလဲဘဲ ဒီအတိုင်းပဲ ပန်းကိုတင်လိုက်ရင် မစင် မကြယ် မပြုမပြင်ဘဲ လှူတဲ့အလှူဖြစ်ပါတယ်။

အဲဒီလို လှူဖွယ်ပစ္စည်းကို မပြုမပြင်ဘဲ မစင်မကြယ် လှူမယ်ဆိုလို့ရှိရင် 'အသပ္ပုရိသဒါန=မသူတော်အလှူ' လို့ ခေါ် ပါတယ်။

တစ်ယောက်သော အမျိုးသမီးက ဈေးမှ အခုမှဝယ် လာတဲ့ပန်းကို သေသေချာချာ ကြည့်ရှုစစ်ဆေးပြီး အရွက် ပုပ်တွေဖယ်ပစ်တယ်၊ စည်းထားတဲ့ကြိုးကိုလည်း ဖြေပစ်တယ်၊ ညောင်ရေအိုးထဲမှာရှိတဲ့ ရေဟောင်းတွေကိုလည်း အသစ် လဲပစ်တယ်၊ ညောင်ရေအိုးကိုဆေးတယ်၊ ပန်းလည်းရေဆေး တယ်၊ ပြီးမှ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းတယ်။

http://www.dhammadownload.com



အဲဒီလို လူ့ဖွယ်ပစ္စည်းကို ပြုပြင်ပြီး စင်ကြယ်စွာလှူမယ် ဆိုရင် 'သပ္ပုရိသဒါန=သူတော်ကောင်းအလှူ' ဖြစ်သွားပါ တယ်။

အေး...အဲဒီမှာ သေသေချာချာသတိပြုပြီးကြည့်ရှုပါ၊ အမျိုးသမီးနှစ်ယောက် ပန်းငါးကျပ်ဖိုး ဝယ်တာချင်းအတူတူ၊ အကုန်အကျချင်းအတူတူ၊ ဘုရားရှင်အား ဆက်ကပ်လှူဒါန်း တာချင်း အတူတူ၊ အလှူဒါန်းပုံ အခြင်းအရာ ကွဲသွားတော့ တစ်နည်းပြောရရင် မလှူတတ်တာ၊ လှူတတ်တာ ကွဲသွား တော့ မသူတော်အလှူ၊ သူတော်ကောင်းအလှူလို့ ထက် အောက် ပြောင်းပြန် ကွဲသွားပါတယ်။

အေး...အကြောင်းကံ လှူပုံကွာသွားတော့ ကုသိုလ် အမည်လည်း သူတော် မသူတော်လို့ အမည်ကွဲပြားသွားပါ တယ်၊ အကျိုးပေးတော့ ဘယ်လိုလဲမေးရင် အကျိုးပေးလဲ ကွဲသွားမှာပဲ။

အကျိုးပေးတဲ့အခါ မသူတော်အလှူမှာ မကောင်းကျိုး တွဲဖက်ပေးပါလိမ့်မယ်၊ သူတော်ကောင်းအလှူမှာ ကောင်းကျိုး ပေါ် ကောင်းကျိုးဆင့်ပြီး ပေးပါလိမ့်မယ်၊ အေး...အဲဒီ သဘောကို ဘုရားရှင်က အနာထပိဏ်သူဌေးကြီးကို ရှင်းပြ ပြီးတဲ့အခါ...

http://www.dhammadownload.com



"သူဌေးကြီး၊ သင် ရရှိထားတဲ့ လှူနေရတဲ့ အလှူခံပုဂ္ဂိုလ်တွေဟာ အရိယာပုဂ္ဂိုလ် ၈-ယောက်ပါ၊ အလှူခံပုဂ္ဂိုလ်ကလည်း မြင့်မြတ်ပါတယ်၊ သင် လှူဒါန်းပုံကလည်း စင်စင်ကြယ်ကြယ် ပြုပြုပြင်ပြင် လှူဒါန်းတယ်"

"သင့်အလှူတွေဟာ အမြဲတမ်း သပ္ပုရိသဒါန=သူတော်ကောင်းအလှူတွေ ဖြစ်နေတယ်၊ ဘာမှ သင် စိတ်မချမ်းမသာဖြစ်နေနဲ့"

လို့ ဘုရားရှင်က ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးရဲ့ စိတ်မချမ်းမသာဖြစ်မှုကို ပယ်ဖျောက်သောအားဖြင့် တရားဟောပေးပါတယ်။

## ရိုသေစွာလှူခြင်း

အေး...ဆရာဘုရားနဲ့ ဒကာ အနာထပိဏ်တို့ကို ဘုန်းကြီးတို့ပရိသတ် သတိပြုပြီးအတုယူပါ၊ ဒကာအနာထပိဏ်သူဌေးရဲ့ စိတ်မချမ်းသာမှုကို ဆရာဘုရားက ဖယ်ဖျောက်ပေးတယ်၊ အခုခေတ်လည်း ဒီအတိုင်းပဲ ဖြစ်ရမယ်၊ ဆရာက ဒကာ စိတ်ဆင်းရဲအောင် မလုပ်ရပါဘူး၊ ဘုန်းကြီးအမှုရှာပတ်ဆိုတာမျိုး မဖြစ်စေရပါဘူး၊ ကဲ...နောက်တစ်မျိုး ဘာဟောပေးသလဲ ကြည့်စမ်းပါ။

http://www.dhammadownload.com



"လှူဖွယ်ဖြာဖြာ၊ ရှိသေစွာ၊ စိတ်မှာထား၍ လှူဒါန်းသည်"

အေး...ဒီမှာလည်း လှူဖွယ်ပစ္စည်းက အတူတူပဲ၊ အမျိုးသမီး တစ်ယောက်မှာလည်း အဲဒီလှူဖွယ်ပစ္စည်းပဲ ရှိတယ်၊ နောက်တစ်ယောက်မှာလည်း ဒီလှူဖွယ်ပစ္စည်းပဲရှိတယ်၊ လှူတဲ့အခါမှာ ရှိသေစိတ်ထားပြီး လှူတာနဲ့ မရှိမသေစိတ်ထားနဲ့ လှူတာရယ်လို့ အဲဒီလို လှူပုံအခြင်းအရာ ကွဲပြားသွားပါတယ်။

ရှိရှိသေသေစိတ်ထားနဲ့ လှူဒါန်းမှုနှင့် ပတ်သက်လို့ အဋ္ဌကထာဆရာက လှူဖွယ်ပစ္စည်းကိုလည်း ရွေးချယ်လှူမယ်၊ အလှူခံပုဂ္ဂိုလ်ကိုလည်း ရွေးချယ်လှူမယ်၊ အဲဒီလို ၂-မျိုး ရွေးချယ်လှူတာကို ရှိသေစွာ စိတ်ထားလှူတယ်လို့ ခေါ်ပါတယ်လို့ ရှင်းပြပါတယ်။

လှူဖွယ်ပစ္စည်းကိုလည်း ဘယ်လိုရွေးချယ်လဲဆိုရင် မိမိမှာ လှူဖွယ်ပစ္စည်း ၂-မျိုးရှိတယ်ဆိုပါတော့၊ အကောင်းတစ်မျိုး၊ အညံ့တစ်မျိုးပေါ့။

အဲဒီလို လှူဖွယ်ပစ္စည်း ၂-မျိုးရှိရာမှာ အညံ့လှူဖွယ်ပစ္စည်းကို ဖယ်ထားပြီး 'ငါ မကောင်းတာသုံးစွဲပြီး အကောင်းအမြတ်ကိုလှူမယ်'လို့ အညံ့ကိုဖယ်ပြီး အကောင်းအမြတ်ကို ရွေးချယ် လှူတာကို ရှိသေစွာလှူတယ်လို့ ခေါ်ပါတယ်။

http://www.dhammadownload.com



အလှူခံပုဂ္ဂိုလ်ကို ဘယ်လိုရွေးချယ်မလဲ၊ အလှူခံပုဂ္ဂိုလ် ၂–ဦးရှိတယ်ဆိုပါတော့၊ တစ်ဦးက သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာအကျင့်တရားနဲ့ ပြည့်စုံတယ်၊ တစ်ဦးက သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါး အကျင့်တရားနဲ့ မပြည့်စုံဘူး။

အဲဒီလို အလှူခံ ၂–မျိုးနဲ့ ကြုံတွေ့နေရင် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါး အကျင့်တရားနဲ့ မပြည့်စုံတဲ့ အလှူခံပုဂ္ဂိုလ်ကို ဖယ်ပြီး သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါး အကျင့်တရားနဲ့ ပြည့်စုံတဲ့ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ပြီး လှူမယ်ဆိုရင် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ပြီးလှူတယ်လို့ ခေါ်ပါတယ်။

အဲဒီလို လှူဖွယ်ပစ္စည်းကိုလည်း ရွေးချယ်လှူမယ်၊ အလှူခံပုဂ္ဂိုလ်ကိုလည်း ရွေးချယ်လှူမယ်ဆိုရင် 'လှူဖွယ်ဖြာဖြာ၊ ရှိသေစွာ၊ ကောင်းစွာစိတ်ထား၊ လှူဒါန်းတာ' ခေါ်ပါတယ်။

အဲဒီလို ရွေးချယ်လှူရင် အဲဒီအလှူဟာ သူတော်ကောင်းအလှူ ဖြစ်သွားပါတယ်။

အေး...မရှိမသေ လှူဒါန်းတာနှင့် ပတ်သက်ပြီး ပြောရရင် ပြောင်းပြန်ပြောရုံပဲပေါ့။

လှူဖွယ်ပစ္စည်း အယုတ်အညံ့ ၂–မျိုးရှိရာမှာ ဘာရယ်ညာရယ် မဟုတ်ဘူး၊ အညံ့ရယ် အကောင်းရယ် မရွေးဘူး၊

http://www.dhammadownload.com



ဖြစ်သလို ကြုံသလိုပဲ လှူလိုက်မယ်၊ အညံ့ပဲ လှူလိုက်မယ် ဆိုရင် အဲဒါ လှူဖွယ်ပစ္စည်းကို မရွေးချယ်ဘဲ လှူရာရောက် ပါတယ်။

အဲဒီလို မရွေးချယ်ဘဲလှူရင် မရှိမသေလှူရာ ရောက်ပါ တယ်။ မသူတော်အလှူဖြစ်ပါတယ်။ လှူလည်း လှူရသေး တယ်၊ မသူတော်အလှူလည်းဖြစ်သေးတယ်ဆိုတော့ မကောင်း ပါဘူး။

အလှူခံပုဂ္ဂိုလ် အယုတ်အမြတ် ၂–မျိုးရှိရာမှာလည်း မရွေးချယ်ဘဲ ကြုံသလိုလှူလိုက်မယ်၊ အမြတ်ကိုဖယ်ပြီး အယုတ်ကိုပဲလှူမယ်ဆိုရင် အလှူခံပုဂ္ဂိုလ်ကို မရွေးချယ်ဘဲ လှူရာ ရောက်ပါတယ်။

အဲဒီလို အလှူခံပုဂ္ဂိုလ်ကို မရွေးချယ်ဘဲ လှူရင် မရှိမသေ လှူရာ ရောက်ပါတယ်။ မသူတော်အလှူဖြစ်ပါတယ်။ အဲဒီလို ရှင်းပြပြီးတော့ ဘုရားရှင်က...

"သူဌေးကြီး၊ သင် လှူဒါန်းနေတာ မြတ်စွာဘုရား အမှူးရှိတဲ့ အရိယာသံဃာတော်တွေကို ရွေးချယ်ပြီး လှူဒါန်း နေတာ၊ သင့်မှာ ရှိတဲ့အထဲက အမြတ်စားတွေ ရွေးချယ်ပြီး လှူဒါန်းနေတာ၊ အဲဒီလိုလှူနေတဲ့အတွက် သင့်အလှူဟာ သူတော်ကောင်းအလှူ ဖြစ်နေတယ်၊ အကျိုးအင်မတန်ကြီး ပါတယ်။

http://www.dhammadownload.com



"အညံ့တွေ လှူနေရတယ်၊ ဆန်ကွဲထမင်းနဲ့ ပုန်းရည် ဟင်းတွေ လှူနေရတယ်လို့ တွေးပြီး သင့်စိတ်တွေ မချမ်း မသာ မဖြစ်နဲ့"

လို့ ဘုရားရှင်က အနာထပိဏ်သူဌေးကြီးရဲ့ စိတ်မချမ်း မသာဖြစ်မှုကို ပယ်ဖျောက်သောအားဖြင့် စေတနာထက်သန် လာအောင် စိတ်တွေ ရွှင်လန်းတက်ကြွလာအောင် ဟော ကြားပေးပါတယ်။

## အညံ့–အကောင်းဆိုတာ

ဘုန်းကြီးတို့ ပရိသတ်တွေ ဒီနေရာမှာ အညံ့နဲ့အကောင်း အကြောင်းတော့ ရှင်းပြဦးမှဖြစ်ပါလိမ့်မယ်။ ဆိုပါတော့ ဒီနေ့ ကိုယ့်အိမ်မှာ ငါးပိချက်ပဲ ချက်စားတယ်၊ အဲဒီ ငါးပိချက် သည် ဒီကနေ့ ကိုယ့်အိမ်အတွက် ကိုယ့်အတွက် အမွန်ဆုံးပဲ၊ အကောင်းဆုံးပါပဲ၊ အဲဒီ ငါးပိချက်မှ အဦးအဖျား အမွန် အမြတ်ကို လှူဒါန်းလိုက်ရင် အကောင်းအမြတ်ကို လှူတယ်လို့ ခေါ်ရပါတယ်။ အညံ့ကို လှူတယ်လို့ မပြောရပါဘူး။

အေး...ကိုယ်ကတော့ ဝက်သား၊ ကြက်သားစားပြီး လှူဒါန်းတာကတော့ ငါးပိချက်ဆိုရင် အဲဒါ အညံ့စားလှူရာ ရောက်ပါတယ်၊ မသူတော်အလှူ ဖြစ်ပါတယ်။

http://www.dhammadownload.com



အခု အနာထပိဏ်သူဌေးကြီးမှာ ဆင်းရဲနွမ်းပါးသွားလို့ သူသည်ပင်လျှင် အကောင်းအမွန်တွေ မဝတ်နိုင်၊ မစားနိုင်တော့လို့ အလှူခံပုဂ္ဂိုလ်တွေကိုလည်း အကောင်းအမွန်တွေ မလှူနိုင်တာပါ၊ အဲဒါမျိုးကို မသူတော်အလှူလို့ မခေါ်နိုင်ပါ။ မရှိမသေလှူတာလို့ မခေါ်နိုင်ပါ။ ရှိသေစွာ လှူတဲ့အလှူလို့ပဲ ခေါ်နိုင်ပါတယ်။ သူတော်ကောင်းအလှူလို့ပဲ ခေါ်နိုင်ပါတယ်။

## ကိုယ်လက်နှင့်လှူခြင်း

အေး...အလှူ အလှူနဲ့ အပြော လွယ်သလောက် တကယ်လှူတော့ မလွယ်ပါဘူး၊ အလှူမတတ် ဒုက္ခထပ်ဆိုတာ ရှိပါတယ်။ အလှူဟာ ဝိပဿနာထက်တောင် ခက်ပါသေးတယ်။ ကဲ...ဆိုကြည့်ပါဦး။

"ကိုယ်တိုင်ကိုင်ကာ၊ လက်နှင့်သာ၊ သေချာကပ်ကာ၊ လှူဒါန်းသည်"

အလှူ လှူဒါန်းတဲ့အခါမှာ အလှူ့ရှင်ဟာ မိမိရဲ့လှူဖွယ်ပစ္စည်းကို ကိုယ်တိုင် ကိုယ့်လက်နှင့်ကိုင်ကာ အလှူခံပုဂ္ဂိုလ်ရဲ့ လက်ထဲသို့ ကပ်လှူရပါတယ်။

ကိုယ်တိုင် ကိုယ့်လက်နှင့်ကိုင်ပြီးတော့ အလှူခံပုဂ္ဂိုလ်ရဲ့ လက်ထဲသို့ မကပ်လှူရင် အလှူမဖြစ်ဘူးလားဆိုတော့ ဖြစ်ပါ

http://www.dhammadownload.com



တယ်။ ဒါဖြင့် ဘယ်လိုကွာပါသလဲဆိုရင် အများကြီးကွာသွားပါတယ်။

ဥပမာဆိုပါတော့ လူနှစ်ယောက်ရှိတယ်၊ တစ်ယောက်ကလည်း ၁၀ဝိ တန်ပစ္စည်းလှူတယ်၊ မိမိကိုယ်တိုင် ကိုယ့်လက်နှင့်ကိုင်ကာ အလှူခံပုဂ္ဂိုလ်ရဲ့ လက်ထဲသို့ ရောက်အောင်ရှိသေစွာ ဆက်ကပ်လှူဒါန်းတယ်၊ သာဟတ္ထိကမြောက်လှုတယ်လို့ ခေါ်ပါတယ်။ သူတော်ကောင်းအလှူ ဖြစ်သွားပါတယ်။

တစ်ယောက်ကလည်း ၁၀ဝိ တန်ပစ္စည်းပဲလှူတယ်၊ သူက သူ့လှူဖွယ်ပစ္စည်းကို သူကိုယ်တိုင် သူ့လက်နှင့်ကိုင်ကာ အလှူခံပုဂ္ဂိုလ်ရဲ့ လက်ထဲသို့ရောက်အောင် ရှိသေစွာ မလှူဒါန်းဘဲ သူတစ်ပါးကို လှူခိုင်းတယ်၊ ဆက်ကပ်ခိုင်းတယ်၊ အဲဒီအလှူဟာ အာဏတ္တိကအလှူ၊ လှူခိုင်းတဲ့ အလှူလို့ ခေါ်ပါတယ်။ မသူတော်အလှူ ဖြစ်သွားပါတယ်။

ကဲ...စဉ်းစားကြည့်ပါ၊ လှူဖွယ်ပစ္စည်းက ၁၀ဝိတန်ချင်းအတူတူပါ၊ အလှူခံပုဂ္ဂိုလ်လည်း အတူတူပါ၊ စေတနာလည်းအတူတူပါ၊ လှူဒါန်းပုံအခြင်းအရာ ကွာသွားတော့ ကိုယ်တိုင်ကိုယ့်လက်နှင့် ကပ်လှူသူရဲ့အလှူက သူတော်ကောင်းအလှူဖြစ်သွားတယ်။ သူတစ်ပါး ခိုင်းလှူတဲ့အလှူက မသူတော်အလှူဖြစ်သွားတယ်။

http://www.dhammadownload.com



အေး...လူ့ဒါန်းပုံ အခြင်းအရာ ကွာတာနဲ့ သူတော်၊ မသူတော် ဖြစ်သွားသလို အဲဒီအလှူရဲ့ အကျိုးပေးလည်း ကွာသွားပါလိမ့်မယ်။ အကျိုးပေးတွေတော့ နောက်မှ ရှင်းကြပါစို့။

## အလှူမတတ်သေး

ဘုန်းကြီးတို့ တရားဓမ္မတွေ လှည့်လည်ပြီးဟောတော့ သိပ်အားမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်ဦးရေ တော်တော်များများဟာ ဒါနကုသိုလ်လောက်နဲ့ ကျေနပ်နေကြပါတယ်။

ဒါပေမယ့် သူတို့တစ်တွေဟာ သူတို့ကျေနပ်နေတဲ့ အလှူဒါနကို အကျိုးရှိအောင် အကျိုးကြီးအောင် မလှူတတ်သေးတာကို အများကြီး တွေ့ရပါတယ်။

ဘုန်းကြီးတို့ မြို့ထဲရွာထဲ အလှူအိမ်တွေ ကြွသွားပြီးဆွမ်းစားတယ်၊ အာများအားဖြင့် တကယ့်အရေးပါ အရာရောက်တဲ့ လှူဖွယ်ပစ္စည်းဖြစ်တဲ့ ဆွမ်း စသည်ကို ကိုင်တိုင်ကပ်လှူတဲ့ အလှူရှင်ဟာ အတော်ရှားပါတယ်။

အနီးအနားမှာ ဝေယျာဝစ္စလုပ်တာလည်း အခြားသူတွေသာ ဖြစ်တယ်၊ ဆွမ်းစားပြီးလို့ တရားဟောခါနီး၊ တရားနာခါ

http://www.dhammadownload.com



နီးမှာတောင် အလှူရှင်ဟာ ဟို...ပရိသတ်နောက်ဘက်ကြား မှာပဲ ရှိသေးတယ်။

သိတတ်သူ အချို့က အလှူရှင်ကို ရှေ့တိုး၊ ရှေ့တိုးလို့ အတင်းတိုးခိုင်း၊ ပရိသတ်ကြားထဲမှ အရှေ့သို့ အတင်းဆွဲ ထုတ်မှ ရှေ့ရောက်လာတယ်။

အချို့ အလှူရှင်များ တွေ့ရသေးတယ်။ ရေစက်ချပြီးလို့ သူက အမျှဝေရမယ့်အစား အမျှမဝေဘဲ သူက ဦးစွာ သာဓု-သာဓု ခေါ်တာလည်း တွေ့ခဲ့ရပါသေးတယ်။ အဲဒီလောက် ညံ့ဖျင်းတဲ့ အလှူရှင်တွေကလည်း ရှိပါသေးတယ်။

ကျောင်းကန်ဘုရားမှာ သွားပြီး လှူဒါန်းရင်လည်း ဒီအတိုင်းပဲ တွေ့ရတတ်ပါတယ်။ အလှူရှင်ဟာ ဘယ်သူ ဘယ်ဝါမှန်း မသိရဘူး၊ အလှူကတော့ ပြီးသွားပြီ၊ သူများ တွေပဲ ကပ်လှူလိုက်ကြတယ်။

မသိတော့ ဟုတ်သလိုလို၊ ခင်းဗျားပဲ ကပ်လိုက်ပါ၊ ရှင်ပဲ ကပ်လိုက်ပါ၊ ခင်ဗျားကပ်လည်းပြီးတာပဲ၊ ရှင်ကပ်လည်း ပြီးတာပဲ၊ အတူတူပါပဲတဲ့၊ ဘယ်ကလာ တူရမှာလဲ၊ မတူ ပါဘူး။

မတူဘဲ ဘယ်လောက်ရှုံးလဲဆိုရင် ကိုယ့်လှူဖွယ်ပစ္စည်းကို ကိုယ်ကိုယ်တိုင် မကပ်လှူရင် မသူတော်အလှူဖြစ်တယ်။ အကျိုးပေး ညံ့တယ်။

http://www.dhammadownload.com



ကိုယ့်လှူဖွယ်ပစ္စည်းကို ကိုယ်ကိုယ်တိုင်လှူရင်၊ ကပ်ရင် သူတော်ကောင်းအလှူဖြစ်တယ်၊ အကျိုးပေးကောင်းတယ်၊ အဲဒီလို ကွာသွားပါတယ်။

## လက်ရှိတဲ့အခါ

ဘုန်းကြီးတို့ပရိသတ်တွေ ကိုယ့်လှူဖွယ်ပစ္စည်းကို ကိုယ်ကိုယ်တိုင် ကိုင်ပြီးတော့ ကိုယ့်လက်နှင့် အလှူခံပုဂ္ဂိုလ်ရဲ့ လက်ထဲသို့ ကပ်တဲ့အခါမှာ ဘယ်လိုနှလုံးသွင်းပြီး ကပ်လှူရမလဲဆိုရင်...

"ငါတို့မှာ ဘဝများစွာ ကမ္ဘာများစွာ သံသရာထဲမှာ ကျင်လည်ခဲ့ရတဲ့အခါ လက်မပါသဖြင့် ကိုယ်တိုင် ကိုယ့်လက်နှင့်လှူချင်ကပ်ချင်ပါလျက်နဲ့ မလှူရ မကပ်ရတဲ့ဘဝတွေ များစွာရှိခဲ့တယ်။

"အခုဘဝမှာ လက်အပြည့်အစုံပါတဲ့အခိုက် ရှိတဲ့အခိုက် ငါ့လက်ကို ငါ အသုံးချပြီး ငါ့လှူဖွယ်ပစ္စည်းကို ငါကိုယ်တိုင် ကိုင်ကာ ငါ့လက်နှင့်လှူမယ်"လို့ နှလုံးသွင်းပြီး ကပ်လှူရပါမယ်၊ အဲဒီလို နှလုံးသွင်းရင် နှလုံးသွင်းကောင်းလို့ ခေါ်ပါတယ်၊ အဲဒီလို နှလုံးသွင်းကောင်းနဲ့ လှူဒါန်းခဲ့ပါရင် အဲဒီကုသိုလ်ရဲ့ အကျိုးပေးကြောင့် ဖြစ်လေရာဘဝတိုင်းမှာ လက်မပါတဲ့ ဘဝမျိုး မဖြစ်တော့ပါ။

http://www.dhammadownload.com



## ဆွမ်းကပ်တဲ့အခါ

ဆွမ်းကပ်တဲ့အခါမှာ အထူးသတိထားပါ၊ အဲဒီဆွမ်းပွဲဟာ အားအလယ်အလတ်ရှိတဲ့ ယောကျ်ားတစ်ယောက် မ,နိုင်တဲ့ ဆွမ်းပွဲမျိုးဖြစ်မှ အကပ်မြောက်ပါတယ်၊ ဆွမ်းပွဲကြီးက သိပ်ကြီးပြီး ဟင်းခွက်တွေက သိပ်များနေကာ နှစ်ယောက် သုံးယောက် စသည် မ,မှ ရမယ့်ဆွမ်းပွဲမျိုးဆိုရင် အကပ် မမြောက်ပါ။

အကပ်မမြောက်ရင် အလှူရှင်လည်း မသူတော်ဖြစ်၊ အလှူခံ သံဃာလည်း အာပတ်သင့်ပါတယ်၊ နှစ်ဖက်စလုံး နစ်နာတယ်။

အဲဒီလို ဆွမ်းပွဲကြီးက ကြီးနေမယ်၊ သို့မဟုတ် ဆွမ်းဟင်း တွေက သိပ်များနေရင် တစ်ခုချင်းကပ်တာဟာ အကောင်း ဆုံးပါ၊ အလုပ်ရှုပ်တယ်လို့မထင်ပါနဲ့၊ အလှူရှင် အလှူခံ အကျိုး များအောင် ကြိုးစားပြီး စနစ်ကျအောင် ကပ်လှူပါ။

အဲဒီဆွမ်းပွဲကို ကပ်တဲ့အခါမှာလည်း အနည်းဆုံး ကပ်သူ တစ်ယောက်သာ အကပ်ခံတဲ့ ရဟန်းသံဃာနဲ့ ၂–တောင့်ထွာ အတွင်း ဝင်အောင် နီးကပ်စွာ နေပြီး ကပ်ဖို့သတိပြုပါ။

ကပ်တဲ့အခါ ခုံဟာ ကြမ်းပြင်ကကြွရင် အကပ်မြောက် ပါတယ်၊ ကြွအောင်မြှောက်ပြီး အကပ်ခံတဲ့ ရဟန်းတော် လက်ထဲ ကပ်လိုက်ပါ၊ နတ်မြှောက်သလို မမြှောက်ပါနဲ့။

http://www.dhammadownload.com



အဲဒီမှာ သတိထားဖို့ တစ်ခုရှိပါသေးတယ်၊ စားပွဲခုံမှာ စားပွဲခင်း ခင်းထားတဲ့အခါ အဲဒီစားပွဲခင်း လွတ်အောင် မြှောက်ရပါတယ်၊ ခုံက ကြမ်းပြင်မှလွတ်ပြီး စားပွဲခင်းက ကြမ်းပြင်မှ မလွတ်သေးရင်လည်း အကပ်မမြောက်ပါ၊ ဒါကြောင့် စားပွဲခင်းလွတ်အောင် မြှောက်ပါ၊ သို့မဟုတ် စားပွဲခင်းကို ခေါက်တင်ထားပါ။

## မအပ်သောလှူဖွယ်

အေး...ကိုယ်တိုင် ကိုယ့်လက်နဲ့အလှူခံပုဂ္ဂိုလ်ရဲ့ လက်ထဲသို့ ကပ်ရမယ်ဆိုပေမယ့် ကပ်အပ်တဲ့ပစ္စည်း မကပ်အပ်တဲ့ပစ္စည်း ကိုယ်တိုင် ကိုယ့်လက်နဲ့ကိုင်ပြီးတော့ အလှူခံပုဂ္ဂိုလ်လက်ထဲသို့ တိုက်ရိုက်ကပ်ကောင်းတဲ့ လှူဖွယ်ပစ္စည်းရှိသလို တိုက်ရိုက် မကပ်ကောင်းတဲ့ လှူဖွယ်ပစ္စည်းလည်း ရှိပါသေးတယ်။ အဲဒီလို ခွဲခြားသိဖို့ လိုပါသေးတယ်။

ဉပမာဆိုပါတော့ ဒကာ ဒကာမတွေ ညနေဘက်မှာ ကျောင်းသို့လာတယ်၊ ကန်တော့ပွဲအနေနဲ့ ငှက်ပျောသီးတွေ ယူလာတယ်၊ အဲဒီငှက်ပျောသီးဆိုတာ နံနက်ခင်းမှာသာ အကပ်ခံပြီး စားရမယ့်လှူဖွယ်ဖြစ်တယ်၊ ညနေဘက်မှာ အကပ်ခံရင် အာပတ်လည်းသင့်တယ်၊ နောက်နေ့လည်း မစားရတော့ပါ။

http://www.dhammadownload.com



အဲဒါကြောင့် နံနက်ပိုင်းမှာသာ စားကောင်းတဲ့ သောက်ကောင်းတဲ့ စားကောင်းသောက်ဖွယ်တွေကို ညနေဘက်မှာ မကပ်ပါနဲ့၊ ရှေ့ချလှူလိုက်ရင် လုံလောက်ပါပြီ၊ သူတော်ကောင်း အလှူဖြစ်ပါပြီ၊ အကျိုးကြီးပါပြီ။

## ရှေ့ချမလှူသင့်

သူ့ခေတ်နှင့်သူ့အခါ အသုံးပြုရန် သတ်မှတ်ထားတဲ့ ရွှေငွေတွေကို ကိုယ့်လက်နဲ့ကိုင်ပြီး အလှူခံရှင်တွေ ရဟန်းတွေ လက်ထဲသို့လည်း မကပ်ကောင်းပါ။ ရှေ့မှာလည်းချပြီး မလှူကောင်းပါ။ လှူရင် မသူတော်အလှူဖြစ်ပါတယ်။ ရှင်မှာ ဒဏ်ထိပါတယ်။ ရဟန်းမှာ အာပတ်သင့်ပါတယ်။

ဘာဖြစ်လို့လဲဆိုရင် လှူဖွယ်ပစ္စည်းက ရှင်ရဟန်းတွေနဲ့ မအပ်စပ်တဲ့ လှူဖွယ်ပစ္စည်းဖြစ်နေလို့ပါ။

အဲဒီလို ရွှေငွေများကို လှူချင်ရင် ဘယ်လိုအပ်စပ်အောင် လှူရသလဲဆိုရင် အလှူခံပုဂ္ဂိုလ် ရှင်ရဟန်းတွေထံသွားပြီး ကပ္ပိယသိရင် ကပ္ပိယလက်ထဲကို ရွှေငွေကို ထည့်လိုက်ပါ၊ မသိရင် ကပ္ပိယညွှန်ပါဘုရားလို့ လျှောက်ပါ၊ မောင်ဖြူဟာ ကပ္ပိယပဲလို့ ညွှန်လိုက်ရင် ကပ္ပိယမောင်ဖြူလက်ထဲသို့ ရွှေငွေ ထည့်လိုက်ပါ။

http://www.dhammadownload.com



အဲဒီလို ထည့်လိုက်ပြီးတဲ့အခါ ဥပမာ အလှူရှင်က ၁၀၀ ကျပ် ကပ္ပိယလက်ထဲထည့်တယ်ဆိုပါတော့ ထည့်ပြီးတဲ့အခါ "အရှင်ဘုရား အရှင်ဘုရားကပ္ပိယ မောင်ဖြူထံမှာ ၁၀၀ကျပ်တန် အပ်စပ်သောပစ္စည်းကို လှူထားပါတယ်ဘုရား၊ အရှင်ဘုရားအလိုရှိတဲ့အခါ ကပ္ပိယ မောင်ဖြူထံမှာ ၁၀၀ကျပ်တန် အပ်စပ်ပစ္စည်းကို အလှူခံတော်မူပါဘုရား"လို့ လျှောက်ထားလိုက်လျှင် သူတော်ကောင်းအလှူ ဖြစ်သွားပါတယ်။

အဲဒီမှာ လျှောက်ထားပုံကို အထူးသတိပြုပါ၊ "ဝတ္ထု ၁၀၀ ကျပ် အပ်ထားပါတယ်၊ အလိုရှိတဲ့အခါ တောင်းသုံးပါဘုရား"လို့ လျှောက်ရင် မအပ်စပ်တော့ပါ။

အလှူ့ဒကာက မလျှောက်တတ်ရင် ကပ္ပိယလျှောက်ပေးရင်လည်း အပ်စပ်ပါတယ်၊ ဥပမာ အရှင်ဘုရား အလှူ့ရှင် မောင်မဲက တပည့်တော် မောင်ဖြူထံ ၁၀၀ ကျပ်တန်ပစ္စည်း အပ်နှံထားပါတယ်ဘုရား၊ အရှင်ဘုရားအလိုရှိတဲ့အခါ တပည့်တော်မောင်ဖြူထံ ၁၀၀ ကျပ်တန် အပ်စပ်သောပစ္စည်းကို အလှူခံတော်မူပါဘုရား"လို့ လျှောက်ရင်လည်း အပ်စပ်ပါတယ်။

အဲဒီလို မလျှောက်ဘဲ ကပ္ပိယက မလိမ္မာလို့ "အရှင်ဘုရား၊ မောင်မဲက တပည့်တော် မောင်ဖြူထံ အရှင်ဘုရား

http://www.dhammadownload.com



အတွက် ငွေ ၁၀၀ ကျပ် လှူထားပါတယ်၊ အရှင်ဘုရား အလိုရှိတဲ့အခါ တောင်းယူသုံးတော်မူပါဘုရား"လို့ လျှောက်ရင် မအပ်စပ်ပါ။ မသူတော်အလှူ ဖြစ်ပါတယ်။

အေး...အချုပ်ပြန်ပြောရရင် ကိုယ်တိုင်ကိုင်ကာ ကိုယ့်လက်နှင့် လှူရမယ်ဆိုတဲ့ စကားနဲ့ပတ်သက်လို့ ကိုယ်ထိလက်ရောက် ကိုယ့်လက်နဲ့ ကပ်လှူကောင်းတဲ့ လှူဖွယ်ပစ္စည်းရှိသလို မကပ်လှူကောင်းတဲ့ ပစ္စည်းလည်း ရှိသေးတယ်လို့ မှတ်ထားပါ။

ပြီးတော့ သူ့အချိန်နဲ့သူ ကပ်လှူသင့်တဲ့ပစ္စည်းလည်း ရှိသေးတယ်၊ ခုနကပြောခဲ့တဲ့ ငှက်ပျောသီးဟာ နံနက်ပိုင်းမှာ ကိုယ်တိုင်ကပ်ချင်ရင် ကပ်လို့ရပါတယ်၊ အပ်စပ်ပါတယ်၊ သူတော်ကောင်းအလှူ ဖြစ်ပါတယ်။

ဘုန်းကြီးတို့ ပရိသတ်တွေဟာ ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေ ဖြစ်နေကြပါတယ်၊ အမြဲတမ်းလည်း လှူဒါန်းနေကြပါတယ်၊ အဲဒီလို လှူဒါန်းတဲ့အခါ မိမိတို့အလှူဟာ မသူတော်အလှူမဖြစ်ရလေအောင်၊ အကျိုးပေးမညံ့ရလေအောင်၊ မိမိတို့အလှူဟာ သူတော်ကောင်းအလှူ ဖြစ်ရလေအောင် အကျိုးပေးကြီးမားအောင်၊ လှူဒါန်းတတ်အောင် အဲဒါလောက်တော့ မှတ်ထားပါ၊ သင်ထားပါ။

http://www.dhammadownload.com



အနာထပိဏ်သူဌေးကြီးဟာ အဲဒီလှူပုံလှူနည်းတွေ တတ်သိပြီးတော့ အဲဒီအတိုင်း လှူဒါန်းနေပါတယ်၊ အဲဒါကြောင့် ဘုရားရှင်က...

"သူဌေးကြီး၊ သင်သည် အလှူခံပုဂ္ဂိုလ် အမြတ်စားဖြစ်တဲ့ အရိယာပုဂ္ဂိုလ်တွေကို အပ်စပ်တဲ့လှူဖွယ်တွေသာ သင်ကိုယ်တိုင် သင့်လက်နှင့်ကိုင်ပြီး ကပ်လှူနေရတဲ့အတွက် သင့်မှာ အကျိုးကြီးလှပြီ၊ အညံ့တွေလှူရတယ်လို့ စိတ်မပျက်နဲ့"

လို့ ဟောကြားပေးပါတယ်။ အခုလည်း ဘုန်းကြီးက ဘုန်းကြီးတို့ ပရိသတ်အတွက် လှူရအောင် ဟောကြားပေးလိုက်ပါတယ်။ မှတ်သားပြီး စနစ်တကျ လှူဒါန်းကြပါ။

## စွန့်ပစ်ပမာ မလှူပါ

ဘုရားရှင်ဟာ ကိုယ်တိုင်ကိုင်ကာ ကိုယ့်လက်နှင့် လှူပုံမလှူပုံကို ဟောပြပြီးတော့ ဘာဆက်ဟောလဲဆိုရင် စွန့်ပစ်ပမာ မလှူရပုံကို ဆက်လက်ပြီး ဟောပါတယ်။ အဲဒါ ဆိုကြည့်စမ်းပါ။

"စွန့်ပစ်ပမာ၊ မလှူပါ၊ ကောင်းစွာ စိတ်စိုက်၊ လှူဒါန်းသည်"

အလှူလှူတဲ့ သဘော၊ သဘာဝ၊ ရည်ရွယ်ချက်၊ အကျိုးအာနိသံသကို သိပြီးလှူဖို့ သိပ်အရေးကြီးပါတယ်။ အများအားဖြင့် မသိသူက များပါတယ်။ သိသူသာ အလွန်နည်းပါတယ်။

http://www.dhammadownload.com



လှူတယ်ဆိုတာ မိမိလှူတဲ့ လှူဖွယ်ပစ္စည်းပေါ်မှာ တဏှာလောဘကို ဦးစွာပယ်ရှားပြီး အလှူခံပုဂ္ဂိုလ် အကျိုးရစေချင်တဲ့ ဆန္ဒ၊ အဲဒီလို ဆန္ဒမျိုးနဲ့ လှူရမယ်။

ကိုယ်မလိုချင်လို့ မလိုချင်တဲ့ပစ္စည်းတစ်ခုကို စွန့်ပစ်သလို လက်ထဲက လွတ်သွားရင် ပြီးတာပဲလို့ သဘောထားပြီး မလှူရပါဘူး။

"စွန့်ပစ်သည့်ပမာ လှူဒါန်းတယ်" ဆိုတာနဲ့ ပတ်သက်ပြီး အဋ္ဌကထာဆရာက ဖွင့်ပြတာက လှူတယ်ဆိုတာ နည်းတယ်၊ များတယ်၊ ယုတ်တယ်၊ ညံ့တယ်မဟူ အမြဲမပြတ် တရစပ် လှူရမယ်။

အဲဒီလို အမြဲမပြတ် တရစပ် မလှူဘဲ တစ်ခါတလေမှ လှူမယ်၊ စိတ်ကူးပေါက်တဲ့အခါမှ ထပြီးတော့လှူမယ်ဆိုရင် လှူတာက တစ်ရက်၊ မလှူတာက သုံးရာခြောက်ဆယ့်လေးရက် ဆိုရင် အဲဒါ စွန့်ပစ်ပမာအလှူ ဖြစ်သွားပြီပေါ့။

အမှန်အတိုင်း သတိထားကြည့်ရင် ဟုတ်မှန်ပါတယ်၊ အမြဲမပြတ် လှူဒါန်း ပေးကမ်းနေတဲ့ အလှူရှင်ဟာ အလှူနဲ့ ပျော်နေတယ်၊ လှူရတာလည်း အားရဝမ်းသာရှိတယ်၊ လှူနည်းလည်း တတ်နေပြီဆိုတော့ ကောင်းစွာ စိတ်စိုက်ပြီး လှူဒါန်းတယ်၊ စွန့်ပစ်ပမာ မလှူပါဘူး။

http://www.dhammadownload.com



တစ်ခါတလေမှလှူတဲ့ပုဂ္ဂိုလ်ဟာ မလှူတတ်တာကတော့ အမှန်ပါပဲ၊ သူလှူတဲ့အခါ သတိထားကြည့်ရင်လည်း စွန့်ပစ်ပမာ လှူတာလည်း အမှန်ပါပဲ။

အခု အဋ္ဌကထာဆရာဖွင့်ပြတာကတော့ နည်းတယ် များတယ်မဟူ ယုတ်မြတ် ကောင်းဆိုးမဟူ အလှူရေစက် လက်နဲ့မကွာ ရေစက်ချမယ်ဆိုရင် နေ့စဉ်ရေစက်ချနေရမယ်၊ အဲဒီလို အမြဲမပြတ် တရစပ်လှူတာကို စွန့်ပစ်ပမာ မလှူဘူးလို့ ခေါ်ပါတယ်။

ဘာပဲဖြစ်ဖြစ်လေ၊ ကိုယ်လှူတဲ့အခါမှာ ပြန်ပြီးသတိထား ကြည့်ရင် သိပါတယ်၊ ကိုယ်မလိုချင်တဲ့ပစ္စည်းတစ်ခုကို ကိုယ့်လက်ထဲက လွတ်သွားရင်ပြီးရောဆိုတဲ့ သဘောနဲ့ လှူတာလား၊ တကယ်အကျိုးသက်ရောက်ချင်တဲ့ သဘောနဲ့ လှူတာလားဆိုတာ သိပါတယ်၊ သတိထားပြီး အသိတရားနဲ့ ပြန်ကြည့်ပါ၊ ရှေ့ကိုလည်း သတိထားပြီး အသိတရားနဲ့လှူပါ၊ ဘုရားရှင်က သူဌေးကြီးကို...

"သူဌေးကြီး၊ သင် လှူဒါန်းပေးကမ်းစွန့်ကြဲနေတာ စွန့်ပစ်ပမာ လှူနေတာမဟုတ်ပါဘူး၊ နေ့စဉ် အိမ်မှာ သံဃာတော် ငါးရာ နိစ္စဘတ်လှူနေတယ်၊ ကျောင်းလည်း နေ့စဉ်တစ်နေ့ သုံးခေါက်လာပြီးလှူတယ်။

http://www.dhammadownload.com



"သင်လှူတဲ့အခါမှာ သူတော်ကောင်းပီပြင်စွာ အလှူခံပုဂ္ဂိုလ်တွေအပေါ် စေတနာမေတ္တာ ရှေ့သွားပြုပြီး အကျိုးရှိစေချင်တဲ့ဆန္ဒနဲ့ သင် လှူနေတာပဲ၊ သင့်အလှူမှာ ညံ့တယ်၊ ကြမ်းတယ်ဆိုတဲ့ မရှိပါဘူး"

လို့ ဘုရားရှင်က ဟောပါတယ်၊ ဟုတ်ပါတယ်၊ ညံ့တယ်၊ ကြမ်းတယ်ဆိုတာ စိတ်စေတနာ ညံ့ရင် ကြမ်းရင် ညံ့တာ ကြမ်းတာပါပဲ၊ စိတ်စေတနာနူးညံ့သိမ်မွေ့ရင် အမြတ် အနုချည်းပါပဲ။

## အကျိုးသိပြီးလှူခြင်း

အေး...အခုဆိုရင် သူတော်ကောင်းအလှူ ငါးမျိုး၊ မသူတော်အလှူ ငါးမျိုးမှာ ၄–မျိုးစီ ပြီးသွားပါပြီ၊ နောက်တစ်မျိုးကျန်ပါသေးတယ်၊ အဲဒါ တစ်မျိုးကို ဆိုကြစမ်းပါဦး။

"ကောင်းကျိုးရောက်မှာ၊ သိရှိကာ၊ ပညာရှေ့သွား၊ လှူဒါန်းသည်"

ဟောဒီ နောက်ဆုံးအချက်ဟာ အင်မတန် အရေးကြီးပါတယ်၊ တခြားအချက်တွေနဲ့ ပြည့်ဖို့ရာ လွယ်သလောက် ဒီနောက်ဆုံးအချက်နဲ့ ပြည့်ဖို့ရာ အင်မတန် ခဲယဉ်းပါတယ်။

ကံ ကံ၏အကျိုးကို သိရှိတဲ့ ပညာရှေ့သွားရှိပြီး လှူဒါန်းတဲ့သူတော်ကောင်း အလှူမျိုးပါပဲ။ ဘာရယ် ညာရယ်လို့

http://www.dhammadownload.com



မသိဘဲ လှူလို့သာ လှူလိုက်တယ်၊ အကျိုးက ဘယ်လို၊ အကြောင်းက ဘယ်လိုလို့ မသိဘဲ ပညာရှေ့သွားမရှိဘဲ သူများအတုယူကာ လှူလိုက်တဲ့အလှူမျိုး၊ အရိုးစဉ်လာမပျက် လှူတဲ့အလှူမျိုးဟာ မသူတော်အလှူထဲပါသွားပါတယ်၊ လှူလည်း လှူရသေးတယ်၊ အကျိုးရလည်း နည်းသေးတယ်၊ မသူတော်အလှူလည်း ဖြစ်သေးတယ်ဆိုရင် ဘယ်ကောင်းမလဲ။

ဒါကြောင့် အလှူ လှူဒါန်းရင် အဲဒီအလှူနဲ့ပတ်သက်ပြီး အကျိုးအမြတ် သိတဲ့ ပညာရှိသူတော်ကို မေးမြန်းပြီးတိုင်ပင်ပြီး လှူဒါန်းတဲ့ အလှူဟာ ကောင်းပါတယ်။

အကုသိုလ်ပြုတာနဲ့ ကုသိုလ်ပြုတာနဲ့ သဘောချင်းကွာပါတယ်၊ အကုသိုလ်ပြုတဲ့အခါ အဲဒီအကုသိုလ်ရဲ့အပြစ်ကို မသိဘဲနဲ့ပြုရင် အပြစ်ပိုကြီးတယ်၊ အကုသိုလ်ရဲ့အပြစ်ကို သိပြီးတော့ပြုရင် အပြစ်သက်သာတယ်။

ဘာဖြစ်လို့လဲဆိုတော့ အကုသိုလ်ရဲ့အပြစ်ကို မသိတော့ ပြုတဲ့အခါ စိတ်စေတနာထက်သန်စွာ အားရပါးရှိပြုတဲ့အတွက် အပြစ်ကြီးပါတယ်။

အကုသိုလ်ရဲ့အပြစ်ကို သိတော့ ပြုတဲ့အခါ အပြစ်ကိုလည်း ကြောက်တယ်၊ ပြုလည်းပြုချင်တယ်ဆိုတော့ စိတ်စေတနာ မထက်ဘဲနဲ့ တွန့်ဆုတ်တွန့်ဆုတ် ပြုတဲ့အတွက် အပြစ် ပေါ့ပါတယ်။

http://www.dhammadownload.com



ကုသိုလ်ပြုတဲ့အခါ ကုသိုလ်ရဲ့အကျိုးကို မသိဘဲပြုတော့ ပြုတဲ့အခါ စိတ်စေတနာထက်သန်မှု မရှိဘဲနဲ့ တွန့်ဆုတ်တွန့်ဆုတ် ပြုတဲ့အတွက် ကုသိုလ်ရဲ့ အကျိုးရနည်းပါတယ်၊ အကျိုးဖြစ်လည်း နှေးကွေးပါတယ်။

ကုသိုလ်ရဲ့အကျိုးကိုသိပြီးတော့ပြုတဲ့အခါ စိတ်စေတနာ ထက်သန်မှုရှိတဲ့အတွက် အားရှိပါးရှိ ပြုပါတယ်၊ ကိုယ် နှုတ် စိတ် ၃ ပါးလုံး ထက်သန် အားရှိစွာပြုတယ်၊ အဲဒါကြောင့် အကျိုးပေးတဲ့အခါ မြန်တယ်၊ အကျိုးကြီးတယ်။

ဘုန်းကြီးတို့ပရိသတ်... အသိ၊ အလိမ္မာ၊ ဉာဏ်၊ ပညာ ဟာ အလွန်တရာ အရေးကြီးပါတယ်၊ အသိ၊ အလိမ္မာ၊ ဉာဏ်၊ ပညာတိုးပွားဖို့ရာ နာသင့် နာထိုက်တဲ့ တရားတော်တွေကို နာရပါမယ်၊ ဖတ်သင့် ဖတ်ထိုက်တဲ့ တရားစာအုပ်တွေကို ဖတ်ရပါမယ်။

အဲဒီလို နာသင့် နာထိုက်တဲ့ တရားတွေ မနာရင် ဖတ်သင့်ဖတ်ထိုက်တဲ့ စာတွေ မဖတ်ရင် မိမိတို့အတွက် အကြီးအကျယ် ရှုံးပါတယ်။

## ဒွိဟိတ်ကုသိုလ်

ဘုန်းကြီးတို့ပရိသတ်တွေ ပေါ့ပေါ့တွေးရင်တော့ ပေါ့ပေါ့ လေးပါ၊ လေးလေးပင်ပင်တွေးရင် အရှုံးအမြတ်ဟာ အပြတ်

http://www.dhammadownload.com



အသတ် ကွာပါတယ်၊ မသိသူတွေကတော့ အရှုံးကို အမြတ် ထင်ပြီး တပြုံးပြုံးနဲ့ပေါ့၊ သိသူတွေကတော့ ရှုံးရမယ်ဆိုရင် မပြုံးနိုင်ကြပါဘူး။

အခု နောက်ဆုံးအချက်ဖြစ်တဲ့ 'ကောင်းကျိုးရောက်မှာ သိရှိကာ၊ ပညာရှေ့သွား လှူဒါန်းသည်' ဆိုတဲ့ ပညာရှေ့သွား မပါဘဲနဲ့ ဉာဏ်မပါဘဲနဲ့ ဖြစ်ကတတ်ဆန်း၊ ဖြစ်သလိုလှူရင် ဒွိဟိတ်ကုသိုလ်လို့ ဖြစ်သွားပါတယ်။

ဒွိဟိတ်ကုသိုလ်ဖြစ်ပုံက လှူဖွယ်ပစ္စည်းအပေါ်မှာ လောဘ မရှိတဲ့အတွက် မတပ်မမက် တပ်မက်ပယ်ခွာ အလောဘ ဟိတ်နဲ့ လှူပါတယ်။

အလှူခံပုဂ္ဂိုလ်အပေါ်မှာ မေတ္တာရှေ့ထားပြီး လှူတဲ့အတွက် ဒေါသပယ်ခွာ အဒေါသဟိတ်နဲ့ လှူဒါန်းပါတယ်။ အဲဒီလို အလောဘဟိတ် အဒေါသဟိတ် ၂–ပါး ပါတဲ့အတွက် ဒီ ကုသိုလ်ကို ဒွိဟိတ်ကုသိုလ်လို့ ခေါ်ပါတယ်။

ကောင်းကျိုးရောက်မှာ သိရှိတဲ့ ပညာဉာဏ်ရှေ့သွား မပါတဲ့အတွက် ဟိတ် ၂–ပါးပါရှိတယ်၊ အကယ်၍ ပညာ ဉာဏ်ရှေ့သွားပါရင် အမောဟဟိတ်ဖြစ်ပြီး အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်ရယ်လို့ ဟိတ် ၃–ပါးပါလျှင် တိဟိတ်ကုသိုလ် ဖြစ်သွားပါတယ်။

http://www.dhammadownload.com



အခုတော့ ဉာဏ်ခေါ်တဲ့ အမောဟဟိတ်မပါတဲ့အတွက် အလောဘဟိတ်၊ အဒေါသဟိတ် ၂-ပါးနဲ့ပဲ လူတဲ့အလှူ ဖြစ်တဲ့အတွက် အလှူဟာ ဒွိဟိတ်ကုသိုလ်အလှူ ဖြစ်သွားပါတယ်။

အရေးအင်မတန်ကြီးတဲ့ အမောဟဟိတ်၊ ဉာဏ်ပညာ မပါတဲ့ အတွက်ပဲ ဒီကုသိုလ်ဟာ ဒွိဟိတ်ကုသိုလ် ဖြစ်သွားတယ်၊ အကျိုးပေးသော ဒွိဟိတ်ပဋိသန္ဓေ အကျိုးပဲပေးပါတယ်။

ဒွိဟိတ်ပဋိသန္ဓေ အကျိုးဆိုတာက ဒီကုသိုလ်ကံကြောင့် နောက်ဘဝမှာ လူကောင်း နတ်ကောင်းဖြစ်ပါတယ်။ ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာပါတယ်။

ဘုရားရှင်ကိုလည်း ဖူးတွေ့ရပါတယ်၊ ပစ္စေကဗုဒ္ဓနှင့် ဗုဒ္ဓရဲ့ သာဝကတွေလည်း ဖူးတွေ့ရပါတယ်၊ တရားတော် လည်း နာရပါတယ်၊ အဲဒီဘဝမှာ ကျွတ်တမ်းဝင်မလားဆို တော့ ကျွတ်တမ်းမဝင်ပါဘူး။

တရားတော်တွေနာရ၊ အားထုတ်ရလို့ အဲဒီဘဝမှာ သောတာပန်၊ သကဒါဂါမ် စသည် ဖြစ်လားဆိုရင် မဖြစ်ပါဘူး၊ အဲဒါကြောင့် ကုသိုလ်ပြုစဉ် ကံကျိုးမြင်သိ၊ ဉာဏ်မရှိတာဟာ နည်းနည်းရှုံးတာမဟုတ်ပါ၊ အကြီးအကျယ်ရှုံးပါတယ်၊ အများ ကြီးရှုံးပါတယ်။

http://www.dhammadownload.com



ဘာဖြစ်လို့လဲဆိုတော့ ပြုခဲ့တဲ့ကုသိုလ်က ဒွိဟိတ်ကုသိုလ် ဆိုတော့ အကျိုးပေးတဲ့အခါ ဒွိဟိတ်ပဋိသန္ဓေ အကျိုးပေးပြီး ဖြစ်လာတော့ ဒွိဟိတ်သတ္တဝါ ဖြစ်လာတယ်ဆိုတော့ ဉာဏ် မပါတဲ့အတွက် တရားတော်ကို နားမလည်ဘူး၊ နားမပေါက် ဘူး၊ တရားမရပါဘူး။

ကုသိုလ်ပြုစဉ် ကံကျိုးပြစ်သိ ပညာဉာဏ်ရှေ့သွားရှိပြီး ပြုရင် အကျိုးပေးတဲ့အခါ တိဟိတ်ပဋိသန္ဓေ အကျိုးပေးမယ်၊ တိဟိတ်သတ္တဝါ ဖြစ်လာမယ်ပေါ့။

အဲဒီအခါ ဘုရားဖူးရ၊ ပစ္စေကဗုဒ္ဓနှင့် ဗုဒ္ဓရဲ့သာဝကတွေ ဖူးရတဲ့အခါ တရားနာရပါလျှင် သောတာပန်၊ သကဒါဂါမ် စသည်ဖြစ်ပြီးတော့ ကျွတ်တမ်းဝင်ပါလိမ့်မယ်၊ အကျိုးထူး ပါတယ်။

ဒါကြောင့် စကားပုံရှိတယ်မဟုတ်လား၊ မရှိတာထက် မသိတာခက်တယ်တဲ့၊ အခု ကုသိုလ်ပြုတဲ့နေရာမှာ မသိမှု အဝိဇ္ဇာ ခေါင်းဆောင်လိုက်တော့ ကုသိုလ်တော့ဖြစ်တယ်၊ ဒွိဟိတ်ကုသိုလ် ဖြစ်သွားတယ်။

အေး...စဉ်းစားကြည့်ရင် အတော်နစ်နာပါတယ်၊ ပိုက်ဆံ လည်း ကုန်သေးတယ်၊ လူလည်းလူရသေးတယ်၊ မသူတော် အလှူလည်းဖြစ်သွားတယ်၊ နောင်အခါ မြတ်စွာဘုရား၊ ပစ္စေက

http://www.dhammadownload.com



ဗုဒ္ဓ၊ ဗုဒ္ဓသာဝကတွေနဲ့ တွေ့ရတယ်၊ ဖူးရတယ်၊ တရားတော်တွေ နာကြားရတယ်၊ အားထုတ်ရတယ်၊ ကျွတ်မလားဆိုတော့ မကျွတ်ဘူး၊ ရှုံးလိုက်တာ နည်းနည်းမဟုတ်ပါ၊ အများကြီးရှုံးပါတယ်။

## မေးသင့်တယ်

အဲဒီလို မရှုံးရလေအောင် ဘယ်အလှူကို လှူလို့ရှိရင် ဘယ်လိုအကျိုးကြီးတယ်လို့ မလှူမီ ရှေးဦးစွာ ကြိုတင်သိထားဖို့ လိုပါတယ်၊ သိထားဖို့အရေးကြီးပါတယ်၊ တကယ်လို့ ကြိုတင်မသိရင်လည်း သိအောင် လှူခါနီးမှာ 'တပည့်တော် ဒီလို အလှူလှူချင်ပါတယ်ဘုရား၊ အကျိုးကြီးအောင် ဘယ်လို လှူရပါ့မလဲဘုရား၊ အကျိုးကြီးအောင် လှူတတ်ဖို့ သင်ပေးပါဘုရား' စသည်ဖြင့် မိမိတို့လှူမယ့် အလှူနဲ့ပတ်သက်ပြီး မေးသင့်မေးထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ချဉ်းကပ်ပြီး မေးသင့်တယ်။

အဲဒီလိုမေးတဲ့အခါ အလှူနဲ့ပတ်သက်ပြီး ကျွမ်းကျင်သိရှိသူတွေက 'အေး...ဒီအလှူမျိုးကိုလှူ၊ ဒီလိုလှူရင် အကျိုးကြီးတယ်၊ ဒီလိုလှူရင် အကျိုးမကြီးဘူး' စသည်ဖြင့် ရှင်းပြတာကို နာယူပြီး အကျိုးမကြီးမယ့် အစီအစဉ်ကို ဖျက်သိမ်းပြီး အကျိုးကြီးမယ့် အစီအစဉ်နဲ့ ရှေ့သွားရှိပြီး လှူဒါန်းပါလျှင် သူတော်ကောင်းအလှူမြတ် ဖြစ်သွားပါတယ်။

http://www.dhammadownload.com



## တိဟိတ်ကုသိုလ်

အဲဒီလို ပညာရှေ့သွားပြီး သူတော်ကောင်းအလှူ ဖြစ်သွားရင် အဲဒီအလှူမျိုးကို တိဟိတ်ကုသိုလ်ခေါ်တယ်၊ အဲဒီအလှူကြောင့် ဒီဘက်ဘ၀က စုတေ–ပြတ်ကြွေ သေလွန်တဲ့အခါ နောက်ဘ၀မှာ တိဟိတ်ပဋိသန္ဓေ အကျိုးပေးတယ်။

တိဟိတ်ဆိုတာ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်၊ အဲဒီဟိတ် ၃–ပါးကို တိဟိတ် ခေါ်ပါတယ်၊ အဲဒီဟိတ် ၃–ပါးနဲ့ ကုသိုလ်ပြုတဲ့အတွက် အဲဒီ ဟိတ် ၃–ပါးနဲ့ ပဋိသန္ဓေနေပြီး ဘုရားဖူးရ၊ တရားနာရ၊ တရားအားထုတ်ရမယ်ဆိုရင် သောတာပန်၊ သကဒါဂါမ် စသည်ဖြစ်ကာ ကျွတ်တမ်းဝင်နိုင်ပါတယ်။

"ကဲ…ပြန်စဉ်းစားကြည့်ပါ၊ ပညာရှေ့သွားမရှိတဲ့ အလှူနဲ့ ပညာရှေ့သွားရှိတဲ့ အလှူဟာ ဘယ်လောက်ကွာခြားလဲဆိုတာ မိုးနဲ့မြေပမာ ကွာပါတယ်၊ ခု အနာထပိဏ်သူဌေးကြီး လှူနေတာဟာ ပညာရှေ့သွားရှိတဲ့အလှူပါ၊ ဒါကြောင့် ဘုရားရှင်က…

"သူဌေးကြီး၊ သင့်ရဲ့ အလှူခံပုဂ္ဂိုလ်တွေက ဘုရားအမှူးရှိတဲ့ အရိယာ ပုဂ္ဂိုလ်တွေဖြစ်နေတယ်၊ သင်ကလည်း ပညာရှေ့သွားပြီး သူတော်ကောင်းအလှူ လှူနေတယ်၊ ဒါကြောင့်

http://www.dhammadownload.com



သင့်အလှူမှာ ညံ့တယ်ဆိုတာ မရှိပါ၊ အကျိုးကြီးတဲ့အတွက် အမြတ်ကြီးပါ"

လို့ ဘုရားရှင် အနာထပိဏ်သူဌေးကြီးကို သူတော်ကောင်း အလှူ၊ မသူတော်အလှူ ခွဲခြားပြီးဟောပေးပါတယ်၊ သူတော်ကောင်းအလှူက ၅-မျိုးရှိတယ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ်လည်း မြဲမြဲစွဲစွဲ မှတ်ထားပါ၊ မိမိတို့အတွက် အရေးကြီးပါတယ်။

## အကျိုးပေးကွာပုံ

ဘုန်းကြီးတို့ပရိသတ်တွေ မသိခင် ဟိုး...ရှေးအခါက မသူတော်အလှူ ဖြစ်ခဲ့တာတော့ထားပါတော့၊ အခုလို သိပြီးတဲ့ နောက်အခါမှာ သူတော်ကောင်းအလှူသာဖြစ်ပါစေ၊ မသူတော် အလှူ မဖြစ်ပါစေနဲ့၊ ဘုရားရှင်က အနာထပိဏ်သူဌေးကြီးကို ဆက်ပြီး ဟောပြပါတယ်။

"သူဌေးကြီး၊ လှူဖွယ်ပစ္စည်းက ယုတ်ညံ့သည်ဖြစ်စေ၊ မြင့်မြတ်သည်ဖြစ်စေ၊ သူတော်ကောင်းအလှူ ၅-မျိုးဖြစ်အောင် လှူမယ်ဆိုရင် အဲဒီအလှူရဲ့ အကျိုးအမြတ်ဖြစ်တဲ့အခါ မွန်မြတ်သော အစား၊ အဝတ်၊ ယာဉ်ရထား၊ ကာမဂုဏ်တို့၌ စိတ်က ညွတ်ပါတယ်။

http://www.dhammadownload.com



"အဲဒီအလှူရှင်ရဲ့ သား, မယား၊ ကျွန်၊ အမှုလုပ် စသည်တို့သည်ပြောစကားကို နားထောင်ကုန်၊ နားထောင်ရန်လည်း စိတ်ညွတ်ကုန်တယ်။

"သူဌေးကြီး၊ လှူဖွယ်ပစ္စည်းက ယုတ်သည်ဖြစ်စေ၊ မြင့်မြတ်သည်ဖြစ်စေ၊ မသူတော်အလှူ ၅-မျိုးဖြစ်အောင် လှူမယ်ဆိုရင် အဲဒီအလှူရဲ့ အကျိုးဖြစ်တဲ့အခါ မွန်မြတ်တဲ့ အစား၊ အဝတ်၊ ယာဉ်ရထား၊ ကာမဂုဏ်တို့၌ စိတ်မညွတ်ပါ။

"အညံ့စား အစား၊ အညံ့စား အဝတ်၊ အညံ့စား ယာဉ်ရထား၊ အညံ့စား ကာမဂုဏ်တို့၌သာ စိတ်ညွတ်တယ်။

"အဲဒီအလှူရှင်ရဲ့ သား, မယား၊ ကျွန်၊ အမှုလုပ် စသည်တို့သည် ပြောစကားကို နားမထောင်ကြပါ၊ နားထောင်ရန်လည်း စိတ်မညွတ်ကြပါ။"

လို့ ဘုရားရှင်က ဟောပြပါတယ်၊ အကျိုးပေး အင်မတန်ကွာခြားပါတယ်၊ အဲဒီအကြောင်းကို ဘုန်းကြီး ပြန်ပြီးရှင်းပြပါဦးမယ်၊ သေသေချာချာ နာကြားကြပါ။

## ချမ်းသာချင်းတူသော်လည်း

လှူတဲ့အခါ သူတော်ကောင်းအလှူပဲ လှူလှူ၊ မသူတော်အလှူပဲ လှူလှူ၊ ဖြစ်လေရာဘဝတိုင်း ဘဝတိုင်းမှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်းဆိုတဲ့ အကျိုးကတော့ တူပါတယ်။

http://www.dhammadownload.com



ဘယ်လို အကျိုးကမတူဘဲ ကွာခြားသွားလဲဆိုရင် သူတော်ကောင်းအလှူ လှူခဲ့လို့ ချမ်းသာရင် မွန်မြတ်တဲ့အစား တွေ စားချင်တယ်၊ စားတယ်၊ မွန်မြတ်တဲ့အဝတ်တွေ ဝတ် ချင်တယ်၊ ဝတ်တယ်၊ အကောင်းဆုံး ယာဉ်တွေစီးချင်တယ်၊ စီးတယ်၊ ထီးကောင်း၊ ဖိနပ်ကောင်းတွေ သုံးစွဲတယ်။

အကောင်းစား၊ အကောင်းဆုံး၊ အမွန်မြတ်ဆုံးဖြစ်တဲ့ အာရုံငါးပါး၊ ကာမဂုဏ်တရားတို့၌ သုံးဆောင်ရန် သုံးစွဲရန် စိတ်ဖြစ်တယ်၊ သုံးဆောင်တယ်၊ သုံးစွဲတယ်။

အဲဒီအလှူရှင်ရဲ့သားသမီး၊ သားမယား၊ ကျွန်၊ အမှုလုပ်၊ တပည့်တပန်းတို့ဟာ အဲဒီအလှူရှင်ရဲ့ စကားကို တစ်သဝေ မတိမ်း မြေဝယ်မကျ နားထောင်တယ်၊ နာခံတယ်။

မသူတော်အလှူလှူခဲ့လို့ ချမ်းသာရင် မွန်မြတ်တဲ့ အစား တွေ မစားချင်ဘူး၊ မစားဘူး၊ မွန်မြတ်တဲ့အဝတ်တွေ မဝတ် ချင်ဘူး၊ မဝတ်ဘူး၊ အကောင်းဆုံးယာဉ်တွေ မစီးချင်ဘူး၊ မစီးဘူး၊ ထီးစုတ် ဖိနပ်စုတ်တွေသာ သုံးစွဲတယ်။

အကောင်းစား၊ အကောင်းဆုံး၊ အမွန်မြတ်ဆုံးဖြစ်တဲ့ အာရုံငါးပါး ကာမဂုဏ်တရားတို့၌ သုံးဆောင်ရန် စိတ်မဖြစ် ဘူး၊ မသုံးဆောင်ဘူး၊ မသုံးစွဲဘူး။

http://www.dhammadownload.com



အဲဒီအလှူရှင်ရဲ့ သားသမီး၊ သားမယား၊ ကျွန်၊ အမှုလုပ်၊ တပည့်တပန်းတို့ဟာ အဲဒီအလှူရှင်ရဲ့ စကားကို လုံးဝနား မထောင်ဘူး၊ အာဏာဖီဆန်တယ်။

သဘောပေါက်ဖို့ပြောရရင် အစားအသောက်နဲ့ ပတ်သက်လို့ရှိရင် အကောင်းအမွန်ဖြစ်တဲ့ အစားအသောက်တွေ၊ အင်မတန် အဆီဩဇာရှိတဲ့ ဒံပေါက်ဆွမ်း၊ အုန်းဆွမ်း၊ ရေခဲ မုန့်၊ ဖာလူဒါ စသည်တို့ကို မစားချင်၊ မသောက်ချင်။

ဟင်းဆိုရင်လည်း ကြက်သား၊ ဝက်သား ဆီပြန်ချက် များကို မစားချင်ပါ၊ ရေလုံပြုတ်၊ ဟင်းချိုရေကျဲ၊ ငါးပိချက် စသည်တို့ကိုမှ စားချင်တယ်၊ စားတယ်။

အဝတ်ဆိုရင်လည်း ချောချောညက်ညက် မဝတ်ချင်ဘူး၊ အဝတ်ပါး၊ အဝတ်ချောကို ကိုယ်နဲ့မထိသလို ဝတ်ရမှန်း မသိသလို အဝတ်မပါသလိုနဲ့ မဝတ်ချင်ဘူး၊ အဝတ်ကြမ်းမှ ကောင်းတယ်၊ ထူထူထဲထဲ လုံလုံခြုံခြုံရှိတယ်ဆိုပြီး ပိတ်ကြမ်း ဖျင်ကြမ်းတွေပဲ ဝတ်တယ်။

လှည်းယာဉ်၊ လှေယာဉ် စသည်တို့ကို စီးတဲ့အခါမှာ လည်း အညံ့စားယာဉ်မှ စီးတယ်၊ ဖိနပ်ဆိုရင် အစုတ်၊ ထီးဆိုရင်လည်း အစုတ်၊ ရထားတို့ ဘာတို့ စီးရင်လည်း တတိယတန်းကပဲ စီးတယ်၊ စတုတ္ထတန်း၊ ပဥ္စမတန်း၊ ရှိသေးရင်လည်း အဲဒီကပဲစီးမှာပဲ။

http://www.dhammadownload.com



အဲဒီ အလှူရှင်ရဲ့ သားသမီးတွေဟာ စကားကို နား မထောင်ဘူး၊ တပည့်တပန်းတွေဟာ အလှူရှင်ရဲ့စကားကို နားမထောင်ဘူး၊ ကျွန်၊ အမှုလုပ်တွေကလည်း ပြောစကား နားမထောင်ဘူး။

## အနာထပိဏ်နှင့်ဝိသာခါ

သူတော်ကောင်းအလှူ၊ မသူတော်အလှူကို အထင်ရှားဆုံး သက်သေ သာဓကနှင့် ဘုန်းကြီးတို့ ပရိသတ် သဘောပေါက် အောင် ပြောရရင် ဘုန်းကြီးတို့ သာသနာတော်မှာ နေလို လလို ထင်ရှားတဲ့ လူတိုင်းကြားဖူးကြတဲ့ ကျောင်းဒကာကြီး အနာထပိဏ်နှင့် ကျောင်းအစ်မကြီး ဝိသာခါတို့ အိမ်နှစ်အိမ် ကို ယှဉ်ကြည့်ပါ။

အနာထပိဏ်သူဌေးကြီးအိမ်မှာဆိုရင် ဘာမဆို အနာ ထပိဏ်သူဌေးကြီးပြီးမှ ပြီးတယ်၊ အနာထပိဏ် သူဌေး ကတော်ကြီးပြီးလို့ ဘာတစ်ခုမှ မပြီးဘူး။ သူဌေးကတော်လည်း လူသိနည်းတယ်၊ မထင်ရှားဘူး၊ သူဌေးကြီးကိုတော့ လူတိုင်း သိကြတယ်။

ဘာဖြစ်လို့ သူဌေးကတော် လူသိနည်းလဲဆိုရင် သူက ဟိုရှေးယခင်က မသူတော်အလှူ လှူခဲ့လို့တဲ့၊ အိမ်မှာလည်း မီးဖိုချောင်ထဲမှာ တကုပ်ကုပ်နဲ့ ဝတ်တော့ စုတ်စုတ်နုပ်နုပ်၊

http://www.dhammadownload.com



သူဌေးကတော်ရုပ်ကို မပေါက်ဘူး၊ အိမ်က အစေခံမတွေ ပမာပဲ၊ စားတော့လည်း အညံ့အဖျင်းတွေပဲ စားတယ်၊ ကောင်းကောင်းမစားဘူး၊ သူ့နာမည်လည်း လူသိနည်းတယ်။

အေး...အနာထပိဏ်သူဌေးကြီးကတော့ ကောင်းကောင်း ဝတ်တယ်၊ ကောင်းကောင်းစားတယ်၊ ကောင်းကောင်းနေ တယ်၊ ကောင်းကောင်းသွားတယ်၊ အိမ်မှာလည်း ဩဇာ အာဏာရှိတယ်၊ သူဌေးကြီးပြီးမှ အစစအရာရာ အကုန် ပြီးတယ်၊ သူဌေးကြီးဆိုရင် အကုန်သိကြတယ်။

'ဒီအိမ် ဘယ်သူ့အိမ်လဲ၊ အနာထပိဏ်သူဌေးကြီးအိမ်၊ ဒီကျောင်း ဘယ်သူ့ကျောင်းလဲ၊ အနာထပိဏ်သူဌေးကြီး ကျောင်း' အဲဒီလိုပဲ တွင်ပါတယ်၊ သူဌေးကတော်ကြီး နာ မည်ကို ထည့်မပြောကြပါဘူး။

ဘုန်းကြီးတို့ ပရိသတ်တွေ မိမိတို့ မြို့ရွာတွေမှာ သတိ ထားကြည့်ရင် သိပါလိမ့်မယ်၊ ယောကျ်ားနာမည်သာထွက်တဲ့ အိမ်ရှိတယ်၊ ဒီအိမ် ဘယ်သူ့အိမ်လဲလို့မေးရင် ဦးဖြူအိမ် စသည်ဖြင့် ဒကာနာမည်ပဲ တွင်တယ်၊ ဒကာမနာမည် မတွင်ဘူး။

အဲဒါ ဘာဖြစ်လို့ ယောကျ်ားနာမည်သာ ထွက်ပြီးတော့ ဒကာမ နာမည်မထွက်သလဲဆိုရင် ယောကျ်ားက သူတော်

http://www.dhammadownload.com



ကောင်းအလှူ လှူခဲ့လို့ မိန်းမက မသူတော်အလှူ လှူခဲ့လို့တဲ့၊ လှူခဲ့တဲ့အတွက် သူဌေးဖြစ်ချင်းတော့တူတယ်၊ အဲဒီလို မတူတာဟာ လှူပုံကွာလို့ပါ။

ဝိသာခါကျောင်းအစ်မကြီးတို့ အိမ်ဘက်ကို ကြည့်လိုက်ပါဦး၊ ဝိသာခါက ကောင်းကောင်းလည်း ဝတ်တယ်၊ ကောင်းကောင်းလည်း စားတယ်၊ ကောင်းကောင်းလည်း နေတယ်၊ ကောင်းကောင်းလည်း သွားတယ်။

ဝိသာခါအိမ် ကြည့်ရင် သူပြီးမှပြီးတယ်၊ သူဌေးကြီးပြီးလို့ ဘာတစ်ခုမှ မပြီးပါ၊ ဒီအိမ်မှာ ဝိသာခါ ပဓာနပေါ့။

'ဒီအိမ် ဘယ်သူ့အိမ်လဲ၊ ဝိသာခါအိမ်၊ ဒီကျောင်း ဘယ်သူ့ကျောင်းလဲ၊ ဝိသာခါကျောင်း'၊ အဲဒီလို ဝိသာခါ နာမည်ပဲ တွင်တယ်၊ ဝိသာခါယောက်ျား သူဌေးကြီးရဲ့နာမည်ကို လူသိအတော်နည်းပါတယ်။

သူဌေးကြီးကတော့ သူဌေးရုပ်ကို မပေါက်ဘူး၊ ဝတ်တာလည်း အညံ့စားတွေ၊ စားတော့လည်း အကြမ်းတွေ၊ နေတော့လည်း မီးဖိုချောင်ထဲမှာ တကုပ်ကုပ်နဲ့ အစာခံတွေနှင့် ဘာမှမခြားနားဘူး။

အေး...၊ သူဌေးကတော်နဲ့ သူဌေးကြီးတို့ဟာ ဟိုရှေးယခင်က ကုသိုလ်ကောင်းမှု ပြုခဲ့ကြလို့ ဒီဘက်ဘဝမှာ သူဌေးကြီးလာပြီးဖြစ်ပါတယ်။

http://www.dhammadownload.com



ဒါပေမယ့် သူဌေးကတော်ကြီးက သူတော်ကောင်းအလှူ လှူခဲ့တယ်၊ သူဌေးကြီးက မသူတော်အလှူ လှူခဲ့တယ်၊ အဲဒီလို သူတော်ကောင်းအလှူ၊ မသူတော်အလှူတို့ အလှူ လှူပုံ အခြင်းအရာ ကွာခြားသွားတဲ့အတွက် အကျိုးပေးတဲ့နေရာမှာ ကွာသွားပါတယ်။

အေး...၊ ဘုရားရှင်ဟာ အကောင်း အမွန်တွေ မလှူနိုင်တဲ့အတွက် စိတ်မချမ်းမသာဖြစ်နေတဲ့ အနာထပိဏ်သူဌေးကြီးကို အခုလို သူတော်ကောင်းအလှူ ၅-မျိုးနှင့် အကျိုးပေးပုံ၊ မသူတော်အလှူ ၅-မျိုးနှင့်အကျိုးပေးပုံတွေကို ခွဲခြားဟောပြပြီးတော့ ဆက်လက်ပြီး ဝေလာမသုတ္တန်ကို ဟောပြပါသည်။

## ဝေလာမအလှူ

အဲဒီ ဝေလာမအကြောင်း၊ အလှူစီမံပုံတွေအကြောင်းကို ပြောခဲ့ပြီးပါပြီ၊ အခု ဝေလာမပုဏ္ဏားကြီးရဲ့ အလှူကြီးကျယ်ပုံ၊ လှူဖွယ်တွေ များပြားပုံကို ဟောကြ ပြောကြရအောင် ဘုရားရှင်က သူဌေးကြီးကို...

"သူဌေးကြီး၊ ရှေးက ဝေလာမပုဏ္ဏားကြီးဆိုတာ ရှိခဲ့ဖူးတယ်၊ သူသည် အလှူကြီးကို ပေးလှူတယ်"

http://www.dhammadownload.com



ဘာတွေ လှူသလဲဆိုရင် မှတ်မိရုံ အကြမ်းဖျင်းပဲ မှတ်ထားပါ။ မှတ်တဲ့အခါမှာ သဘောသွားကို ခြုံမိငုံမိအောင် မှတ်နိုင်ဖို့ အရေးကြီးပါတယ်။

(၁) ငွေအပြည့်ထည့်ထားတဲ့ ရွှေခွက်ပေါင်း ရှစ်သောင်းလေးထောင် လှူပါတယ်၊ ရွှေခွက်ပမာဏတွေတော့ မပြောပါရစေနဲ့တော့၊ ရှစ်သောင်းလေးထောင်သော ရွှေခွက်ဆိုကတည်းက ကြီးကြီးသေးသေး ဒီခေတ်ဈေးနဲ့သာ တွက်ကြည့်တော့ အင်မတန်ကြီးကျယ် များပြားလှပါပြီ၊ တန်ဖိုးဖြတ်လို့ မရနိုင်လောက်အောင် များပြားလှပါတယ်။

(၂) နောင်တစ်ခါ ရွှေအပြည့်ထည့်ထားတဲ့ ငွေခွက်ပေါင်းက ရှစ်သောင်းလေးထောင်တဲ့၊ ခုနက ရွှေခွက်ထဲမှာ ဘာအပြည့်ထားလဲ၊ ငွေအပြည့်ထည့်ထားပါတယ်၊ အခုက ရွှေအပြည့်ထားတဲ့ ငွေခွက်ပါ။

(၃) နောက်တစ်ခါ ရတနာ (၇)ပါးအပြည့်ထည့်ထားတဲ့ ကြေးခွက်ပေါင်းက ရှစ်သောင်းလေးထောင်ပါ။ ခွက်က ကြေးခွက်ပေမယ့် ထည့်ထားတာက ရတနာ(၇)ပါးဆိုတော့ တန်ဖိုးဟာ ဘယ်နည်းမှာလဲ၊ မရေမတွက်နိုင်ပါပဲ။

(၄) နောက်တစ်ခါ မင်းစီးခြင်းငှာ ထိုက်တန်တဲ့ အဆင်တန်ဆာ အစုံဆင်ထားတဲ့ ဆင်ရတနာပေါင်းက ရှစ်သောင်း

http://www.dhammadownload.com



လေးထောင်ပါ၊ ဆင်တစ်ကောင်တန်ဖိုးကလည်း အများကြီး ပါ၊ သူဆင်ထားတဲ့ ကကြိုးတန်ဆင်တွေ ဘာတွေဟာ တွက် သာကြည့်ပါတော့၊ ဘယ်လောက်ရှိမလဲဆိုတာ။

(၅) နောက်တစ်ခါ တန်ဆာအစုံဆင်ထားတဲ့ မင်းစီးခြင်း ၄၃ ထိုက်တဲ့ ရထားပေါင်းက ရှစ်သောင်းလေးထောင်ပါ၊ အေး...၊ ရထားတစ်စီး တစ်စီးတန်ဖိုးဟာ မည်မျှဆိုတာ ခန့်မှန်းသာကြည့်ပါ။

(၆) နောက်တစ်ခါ ဘွဲ့ဖြူပုဆိုးခင်းပြီး ငွေနို့ညှစ်ခွက် ရှိတဲ့ နို့စားနွားမပေါင်း ရှစ်သောင်းလေးထောင်ပါ၊ ကဲ... အလှူရဲ့ တန်ဖိုးကို တွက်ကြည့်ပါ၊ ဒီအထိကို တွက်ကြည့်ပါ မတွက်နိုင်အောင် များပြားနေပါတယ်၊ အဲဒီလောက်များနေ ပေမယ့် အလှူခံပုဂ္ဂိုလ်ကတော့ မြင့်မြတ်သူ မပါပါ။

(၇) နောက်တစ်ခါ တန်ဆာအစုံဆင်ထားတဲ့ အမျိုး သမီးကညာ ရတာနာပေါင်းက ရှစ်သောင်းလေးထောင်ပါ၊ တန်ဆာအစုံဆိုတာ အမျိုးသမီးတို့ရဲ့ တန်ဆာတွေပေါ့၊ ဟို ခြေထောက်ကနေ စပြီး ခြေကျင်း၊ ခါးကြိုး၊ ဘယက်၊ လည်ဆွဲ၊ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်၊ နားဆွဲ၊ နားကပ် ဆံထိုးစသည့် အစုံပေါ့လေ၊ အမျိုးသမီး တစ်ယောက်ကို ရတနာ (၇)ပါးနဲ့ တန်ဆာ အစုံဆင်ကြည့်စမ်းပါ၊ နည်းမလား။

http://www.dhammadownload.com



မရေမတွက်နိုင်ပါ၊ ရှစ်သောင်းလေးထောင်ဆိုရင်တော့ ဘယ်လိုမှ မရေမတွက်နိုင်ပါ။

(၈) နောက်တစ်ခါ တန်ဆာအစုံ ဆင်ထားတဲ့ မင်းတို့ ထိုင်ခြင်းငှာ လျောက်ပတ်တဲ့ ပလ္လင်ပေါင်းက ရှစ်သောင်းလေးထောင်ပါ၊ တန်ဆာမပါဘဲနဲ့ ပလ္လင်တစ်လုံးတည်းတောင် တန်ဖိုးဟာ မနည်းပါ၊ တန်ဆာအစုံဆင်ထားတဲ့ ပလ္လင်ပေါင်း ရှစ်သောင်းလေးထောင်ဆိုတော့ တွက်သာကြည့်ပါတော့။

(၉) နောက်တစ်ခါ အင်မတန် သိမ်မွေ့နူးညံ့တဲ့ အထည်အဝတ်တွေ၊ ခုခေတ်လိုပြောရရင် နိုင်ငံခြားဖြစ် အထည်အဝတ်အချောတွေပေါ့၊ အဲဒီလို အထည်အဝတ် အချောတွေကတော့ ကုဋေပေါင်း ရှစ်သောင်းလေးထောင်ပါ။

အေး...၊ ဒီအထည်အဝတ်တွေကတော့ ကုဋေပေါင်း ရှစ်သောင်းလေးထောင်ဆိုတော့ တွက်သာကြည့်ပါတော့၊ ယနေ့ခေတ် ဈေးနှုန်းနဲ့သာတွက်၊ ဒီအထည် အဝတ်တောင် တွက်မနိုင်အောင် တွက်မရနိုင်အောင် အသချေ အသချာ များပြားတာကို တွေ့နိုင်ပါတယ်။

(၁၀) နောက်တစ်ခါ ထမင်းတွေ၊ ခဲဖွယ်၊ စားဖွယ်တွေ၊ လျက်ဖွယ်တွေ၊ သောက်ဖွယ်တွေ၊ မျိုဖွယ်တွေ၊ ဝါးဖွယ်တွေ၊ စုပ်ဖွယ်တွေဟာတော့ ဘယ်ရွေ့ရှိပါတယ်၊ ဘယ်မျှရှိပါတယ်၊

http://www.dhammadownload.com



ဘယ်မျှ ကုန်ပါတယ်လို့ ဆိုဖွယ်ရာ ဂဏန်းမရှိတော့ပါ၊ မြစ်ရေ စီးဘိသကဲ့သို့ပဲ ပြောနိုင်ပါတယ်။

အေး...ပြောရမယ်ဆိုရင်တော့ ယခုခေတ်မှာ တချို့ ပြောကြတယ်၊ ထမင်းရည်ချောင်းစီးအလှူတဲ့၊ အခု ဝေလာမ ပုဏ္ဏားကြီးရဲ့ အလှူကြီးက ထမင်းရည်ချောင်းစီး မကပါ၊ မြစ်ကြီးငါးသွယ် တစ်သွယ်တည်း တစ်ပေါင်းတည်း စီးဘိ သကဲ့သို့ ဖြစ်ပါတယ်တဲ့။

ဘုန်းကြီးတို့ ယခု ဓမ္မဒူတတောရကျောင်းမှာ ၁၀ ရက် စခန်းတရား ကျင်းပပြီး ရဟန်းယောဂီ၊ ရှင်ယောဂီ၊ သီလရှင် ယောဂီ၊ အမျိုးသားယောဂီ၊ အမျိုးသမီးယောဂီတွေ တစ်ရာ ကျော်၊ နှစ်ရာအတွက် ကျွေးမွေးချက်ပြုတ်တဲ့ ကုန်ကျငွေ ပမာဏ နှိုင်းကြည့်ရင် အဲဒီဝေလာမပုဏ္ဏားကြီးရဲ့ အလှူကြီးရဲ့ ပမာဏ ကို နှိုင်းကြည့်နိုင်ပါတယ်။

ဘုန်းကြီးတို့ ဒီ ဓမ္မဒူတတောရမှာ (၁၀)ရက်စခန်းကို တော့ ရက်အားဖြင့် (၁၀) ရက်တည်းပါ၊ ပရိသတ်အားဖြင့် တစ်ရာကျော် နှစ်ရာပါ။

ထိုဝေလာမပုဏ္ဏားကြီးရဲ့ အလှူကြီးက ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ပါ၊ ပရိသတ်အရေအတွက်က ဇမ္ဗူဒီပတစ်ကျွန်း

http://www.dhammadownload.com



လုံးရှိ ပရိသတ်တွေပါ၊ ဒီတော့ အလှူရက်ကော ပရိသတ် အရေအတွက်ပါ မန္တလေးယှဉ်နိုင်လောက်အောင် ကွာပါတယ်။

ဒီ ဓမ္မဒူတတောရ (၁၀) ရက်စခန်းမှာက အကုန်အကျ အရေအတွက်ပမာဏက တစ်သောင်းကျော်၊ နှစ်သောင်း ကျော်ပဲ ရှိပါ့မယ်၊ ဟိုက ကုဋေပေါင်းများစွာ အကုန်အကျ ရှိပါတယ်။

## ဝေလာမ ဆိုတာ ငါ

အေး…၊ အဲဒီလို ဘုရားရှင်ဟာ ဝေလာမပုဏ္ဏားကြီးရဲ့ အလှူစာရင်းတွေကို အနာထပိဏ်သူဌေးကြီးကို ဟောကြား ပြသပြီးတော့ ဆက်လက်ပြီးတော့ သူဌေးကြီးကို ဒီလိုမိန့် ကြားပြန်ပါတယ်။

"သူဌေးကြီး…၊ ဟိုတုန်းက ဝေလာမပုဏ္ဏားကြီးဆိုတာ သင်က တခြားသူများ ထင်ကောင်းထင်ပါလိမ့်မယ်၊ အခြား သူများ ဖြစ်မလားလို့ အကြံအစည် ဖြစ်ကောင်းဖြစ်ပါလိမ့် မယ်။

"သူဌေးကြီး၊ အဲဒီလို မကြံစည်ပါနှင့်၊ အဲဒီလိုမထင်ပါ နှင့်၊ အဲဒီလို မမှတ်ပါနှင့်၊ ဟိုတုန်းက ဝေလာမပုဏ္ဏားကြီး ဆိုတာ ယခုအခါ ငါဘုရားရှင်ပါ။

http://www.dhammadownload.com



"သူဌေးကြီး၊ ငါသည် ဟိုရှေးအခါ သာသနာပမှာ အဲဒီလို ဝေလာမ ပုဏ္ဏားကြီးအဖြစ်နဲ့ အဲဒီလောက် ကြီးကျယ်တဲ့ အလှူကြီးကို လှူခဲ့ပါတယ်။

"သူဌေးကြီး၊ ငါ့ရဲ့ အဲဒီဝေလာမအလှူကြီးမှာ သရဏဂုံ၊ သီလမျှရှိတဲ့ မြတ်သော ငါ့ရဲ့အလှူကို အလှူခံထိုက်သူ တစ်ဦး တစ်ယောက်မျှ မရှိပါ၊ မပါပါ။

"သူဌေးကြီး၊ ငါ့ရဲ့ အဲဒီ ဝေလာမအလှူကြီးကို ကြီးကျယ်တဲ့ အကျိုးပေးနိုင်အောင် စွမ်းဆောင်နိုင်သူ အလှူခံ ပုဂ္ဂိုလ်မပါ။

"သူဌေးကြီး၊ ငါ့ရဲ့ အဲဒီဝေလာမအလှူကြီး မြတ်သော အလှူကြီးကို သုတ်သင်နိုင်သူ မပါပါ"

## သောတာပန်နှင့် ဝေလာမ အလှူ

ဘုန်းကြီးတို့ ပရိသတ် အထူးသတိထားပြီးတော့ နာကြားကြပါ၊ ဒီနေရာဟာ အင်မတန်အရေးကြီးတဲ့နေရာပါ၊ ဘုန်းကြီးတို့ ပရိသတ်တွေက လှူတဲ့အခါ လှူစည်ကားအောင် ကြိုးစားနေကြတယ်၊ လှူစည်ကားတာကို ဂုဏ်ယူနေကြတယ်။

ကဲ...ယခု ဝေလာမပုဏ္ဏားကြီးရဲ့ အလှူကြီးကို စဉ်းစားကြည့်ပါ၊ လှူမစည်ကားဘူးလား၊ လှူဖွယ်ပစ္စည်းတွေ မှန်း

http://www.dhammadownload.com



ကြည့်က လူ ဘယ်လောက် စည်တယ်ဆိုတာ သိနိုင်ပါတယ်၊ ပြီးတော့ လှူတဲ့နှစ်လကိုမှန်းကြည့်ကလည်း လူ ဘယ်လောက် စည်တယ်ဆိုတာ သိနိုင်ပါတယ်။

အဲဒီလောက် လူစည်ကားပြီး နှစ်လရက်တွေကြာပေမယ့် အလှူအကျိုးကြီးအောင် သုတ်သင်နိုင်တဲ့ သရဏဂုံ သီလတည်သူ တစ်ဦးတစ်ယောက်မျှ မပါဘူးဆိုတော့ ဘယ်လောက်ရှုံးလဲဆိုတာ သတိပြုပါ၊ လူစည်တဲ့နေရာမှာ အလှူအကျိုးကြီးအောင် သုတ်သင်နိုင်တဲ့ သရဏဂုံ၊ သီလ အစထားတဲ့ သမာဓိ၊ ပညာ၊ သိက္ခာ အကျင့်တရားရှိတဲ့ အလှူခံပုဂ္ဂိုလ်တွေများရင်တော့ အကောင်းဆုံးပေါ့။

အခု ဒီမှာ ဝေလာမပုဏ္ဏားကြီးအလှူနဲ့ သောတာပန် တစ်ယောက်ကို လှူရတဲ့အလှူကို ဘုရားရှင်က နှိုင်းချိန်ပြပါတယ်၊ အထူးသတိပြုပြီး နာကြားပါ၊ ဘုရားရှင်က...

"သူဌေးကြီး၊ ဝေလာပုဏ္ဏားကြီးသည် ကြီးကျယ်များပြားလှတဲ့ အလှူကြီးကိုလှူတယ်၊ အဲဒီလောက် ကြီးကျယ်တဲ့ ဝေလာမပုဏ္ဏားကြီးရဲ့ အလှူကြီးရဲ့ အကျိုးဟာ သောတာပန် အရိယာ တစ်ယောက်ကို တစ်နပ်စာဝအောင် ကျွေးမွေးလှူဒါန်းလိုက်ရတဲ့ အလှူရဲ့အကျိုးကို နှစ်ရာငါးဆယ့်ခြောက်စိတ် စိတ် တစ်စိတ်မျှလောက် မမီပါ"

http://www.dhammadownload.com



ကဲ...ဘုန်းကြီးတို့ ပရိသတ်၊ ဘယ်လောက်ရှုံးသလဲ ဆိုတာ စဉ်းစားကြည့်ပါ။ လှူလိုက်ရတဲ့နှစ်က ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်၊ လှူဖွယ်ပစ္စည်းတွေက ရှစ်သောင်းလေးထောင်၊ ကုဋေရှစ်သောင်းလေးထောင်တွေ၊ မရေမတွက်နိုင်တွေပါ။

အဲဒီလောက် များပြားတဲ့ အလှူကြီးရဲ့ အကျိုးဟာ သောတာပန်တစ်ယောက်ကို တစ်နပ်စာမျှလေး ဝအောင်ကျွေး မွေးလိုက်ရတဲ့အကျိုးကို အကုန်မီဖို့ မပြောထားနဲ့၊ နှစ်ရာ ငါးဆယ့်ခြောက်စိတ်, စိတ် တစ်စိတ်မျှတောင် မမီပါဘူးဆို တော့ ဒီထက်ရှုံးတာ ဘာရှိသေးလဲ။

## သောတာပန်တစ်ရာ၊ သကဒါဂါမ်တစ်ယောက်

ဝေလာမ အလှူကြီးရဲ့ အလှူခံပုဂ္ဂိုလ်တွေမှာ သရဏဂုံ သီလမျှ မရှိဘူး။ သောတာပန်ပုဂ္ဂိုလ်မှာ မဂ်ဥလာသော သရဏဂုံတွေ၊ သီလတွေ၊ သမာဓိ၊ ပညာတွေ ပွားများမှု ဘာဝနာအရှိန် အဟုန်ကြောင့် အကျိုးကြီးတာပါ၊ ဘုန်းကြီးတို့ ပရိသတ်တွေ အကျိုးအဆင့်ဆင့် ကွာပုံတွေကို ဆက်နာ ကြားပါဦး၊ ဘုရားရှင်က...

"သူဌေးကြီး၊ သောတာပန်တစ်ရာကို တစ်နပ်စာဝအောင် ကျွေးမွေးလှူဒါန်းတဲ့ အလှူရဲ့အကျိုးဟာ သကဒါဂါမ်ပုဂ္ဂိုလ်

http://www.dhammadownload.com



တစ်ယောက်ကို တစ်နပ်စာ ဝအောင် ကျွေးမွေးလှူဒါန်းတဲ့ အလှူရဲ့ အကျိုးကို နှစ်ရာငါးဆယ့်ခြောက်စိတ်,စိတ် တစ်စိတ်လောက်မျှ မမီပါ”တဲ့၊ အေး...နှိုင်းယှဉ်ကြည့်ပါ၊ သောတာပန်ပုဂ္ဂိုလ်ရဲ့ ပွားများမှု ဘာဝနာအဆင့်နဲ့ သကဒါဂါမ်ပုဂ္ဂိုလ်ရဲ့ ဘာဝနာ အဆင့်ဟာ ကွာသလို အကျိုးချင်းလည်း တစ်ရာနဲ့ တစ်ယောက် ကွာသွားပါတယ်။

## သကဒါဂါမ်တစ်ရာ၊ အနာဂါမ်တစ်ယောက်

ဘုန်းကြီးတို့ပရိသတ်၊ လှူတယ်ဆိုတာမလွယ်ပါဘူး၊ မိမိတို့ ရှာဖွေလို့ရရှိတဲ့ပစ္စည်းဟာ အလွယ်တကူရရှိတာ မဟုတ်ဘူး ဆိုတာဟာ ဘုန်းကြီးတို့ပရိသတ်က ဘုန်းကြီးတို့ထက် သိပါတယ်၊ အဲဒီလောက် ခက်ခဲစွာရှာဖွေလို့ရရှိထားတဲ့ ပစ္စည်းတွေကို လှူတဲ့အခါမှာ အကျိုးရှိဖို့ အင်မတန်အရေးကြီးပါတယ်၊ ကဲ...ဆက်နာပါဦး၊ ဘုရားရှင်က...

“သူဌေးကြီး၊ သကဒါဂါမ်တစ်ရာကို တစ်နပ်စာဝအောင် ကျွေးမွေးလှူဒါန်းလိုက်ရတဲ့ အလှူရဲ့အကျိုးဟာ အနာဂါမ်ပုဂ္ဂိုလ် တစ်ယောက်ကို တစ်နပ်စာ ဝအောင် ကျွေးမွေးလှူဒါန်းလိုက်ရတဲ့ အလှူရဲ့ အကျိုးကို နှစ်ရာငါးဆယ့်ခြောက်စိတ်,စိတ် တစ်စိတ်စာမျှလောက် မမီပါဘူး”တဲ့၊ သေသေချာချာ နာကြား

http://www.dhammadownload.com



ပါ၊ အခုခေတ်မှာ လူစည်တာကို ဂုဏ်ယူနေကြလို့ ထပ်ကာ ထပ်ကာ သတိပေးနေတာပါ။

## အနာဂါမ်တစ်ရာ၊ ရဟန္တာတစ်ပါး

သကဒါဂါမ်ဆိုတာ ဒီကာမဘုံသို့ တစ်ကြိမ်ပြန်လာဦးမယ်၊ အနာဂါမ်ဆိုတာ ဒီကာမဘုံသို့ တစ်ကြိမ်မျှ မလာတော့ဘဲ ဗြဟ္မာဘုံကနေပြီး ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်စံသွားမယ်၊ ပွားများမှုမဂ်လည်း ကွာတယ်၊ ပုဂ္ဂိုလ်ရဲ့အရည်အချင်းလည်း ကွာတယ်၊ အခု အကျိုးတွေ သတ်မှတ်တဲ့နေရာမှာ ပုဂ္ဂိုလ်အရေအတွက်နဲ့ သတ်မှတ်နေတာ မဟုတ်ပါ၊ အရည်အချင်းနဲ့ သတ်မှတ်နေတာပါ။

တကယ်လို့ ပုဂ္ဂိုလ်အရေအတွက်နဲ့သာ သတ်မှတ်ခဲ့ရင် ဝေလာမပုဏ္ဏားကြီးရဲ့ အလှူကြီးမှာ အလှူခံပုဂ္ဂိုလ် ဘယ်လောက်လဲဆိုတာ ဘယ်လိုလုပ်ပြီး ရေတွက်နိုင်မှာလဲ၊ မရေတွက်နိုင်ပါ။

အေး. . .၊ အဲဒီအလှူကြီးရဲ့ အကျိုးဟာ အရိယာပုဂ္ဂိုလ် ဂုဏ်ရည် အငယ်ဆုံးဖြစ်တဲ့ သောတာပန်ပုဂ္ဂိုလ်တစ်ယောက်ကို တစ်နပ်စာဝအောင် ကျွေးမွေးလှူဒါန်းလိုက်ရတဲ့ အလှူရဲ့ အကျိုးကို အကုန်မီဖို့ မပြောထားပါနဲ့၊ နှစ်ရာငါးဆယ့်ခြောက်စိတ်,စိတ် တစ်စိတ်မျှလောက် မမီပါဘူးတဲ့၊ အရေအတွက်နဲ့

http://www.dhammadownload.com



အရည်အချင်း ကွာပါတယ်၊ ကဲ...ဆက်ပြီးနားပါဦး၊ ဘုရားရှင်က...

"သူဌေးကြီး၊ အနာဂါမ်တစ်ရာကို တစ်နပ်စာဝအောင် ကျွေးမွေးလှူဒါန်းရတဲ့ အကျိုးဟာ ရဟန္တာတစ်ပါးကို တစ်နပ်စာ ဝအောင် ကျွေးမွေးလှူဒါန်းရတဲ့ အလှူရဲ့အကျိုးကို နှစ်ရာငါးဆယ့်ခြောက်စိတ်,စိတ် တစ်စိတ်လောက်မမီပါ"တဲ့၊ ကဲ... တစ်ရာနဲ့ တစ်ပါး အရေအတွက် အများအနည်းလည်း ကွာပါတယ်၊ အကျိုးပေးကတော့ တစ်ရာထက် တစ်ပါးက အကျိုးပေးများစွာ သာပါတယ်။

## ရဟန္တာတစ်ရာ၊ ပစ္စေကဗုဒ္ဓတစ်ဆူ

အဲဒါ ဘာကွာသွားတာလဲ၊ လှူဖွယ်ပစ္စည်း အကောင်းအမွန် ကွာသွားလို့လားဆိုရင် မဟုတ်ပါဘူး၊ အလှူခံပုဂ္ဂိုလ်ရဲ့ အရည်အချင်း ကွာသွားတာပါ၊ အလှူပစ္စည်း တူပါတယ်၊ စေတနာထားလည်း တူပါတယ်၊ အလှူခံပုဂ္ဂိုလ်ရဲ့ အရည်အသွေး ကွာသွားပါတယ်။

ဟုတ်တာပေါ့၊ အနာဂါမ်ပုဂ္ဂိုလ်ဆိုတာ ဘုံဘဝရှိသေးတယ်၊ ဘုံဘဝရှိရင် ဘုံဘဝအပေါ်မှာ တွယ်တာတဲ့ တဏှာရှိသေးတာပေါ့၊ စာလိုခေါ်တော့ ဘဝရာဂသံယောဇဉ်ပေါ့၊ ရဟန္တာကတော့ ဘုံဘဝ မရှိတော့ပါ၊ သံယောဇဉ်အားလုံး

http://www.dhammadownload.com



ချုပ်ငြိမ်းသွားပြီး အဲဒီပုဂ္ဂိုလ်ရဲ့ အရည်အချင်းကွာမှုကြောင့် အကျိုးပေး ကွာသွားပါတယ်၊ အထူးသတိထားပြီး ဆက်လက် နာကြားပါ၊ ဘုရားရှင်က...

"သူဌေးကြီး၊ ရဟန္တာတစ်ရာ တစ်နပ်စာဝအောင် ကျွေးမွေးလှူဒါန်းရတဲ့ အလှူရဲ့အကျိုးထက် ပစ္စေကဗုဒ္ဓ တစ်ဆူကို တစ်နပ်စာဝအောင် ကျွေးမွေးလှူဒါန်းရတဲ့ အလှူက သာပါတယ်။

"ဘယ်လောက်သာလဲဆိုရင် ရဟန္တာတစ်ရာကို တစ် နပ်စာဝအောင် ကျွေးမွေးလှူဒါန်းရသော အလှူရဲ့အကျိုးသည် ပစ္စေကဗုဒ္ဓတစ်ဆူကို တစ်နပ်စာ ဝအောင် ကျွေးမွေးလှူဒါန်း ရတဲ့ အလှူရဲ့အကျိုးကို နှစ်ရာငါးဆယ့်ခြောက်စိတ်,စိတ် တစ်စိတ်လောက်မမီပါ"တဲ့၊ ဘယ်လောက်များ ကွာသွားလဲ ဆိုတာ သတိပြုပါ၊ ဒါ ဘုန်းကြီးက လက်တန်းဟောနေတာ မဟုတ်ပါ၊ ဝေလာမသုတ္တန်ကို မြန်မာပြန်ပြီး ဟောနေတာပါ။

ပစ္စေကဗုဒ္ဓဆိုတာ သီးခြားသစ္စာလေးပါးသိပြီး ဘုရား ဖြစ်တဲ့ ပုဂ္ဂိုလ်ပါ၊ နှစ်အသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့် ရပါတယ်။

အဲဒီလို ဖြည့်ဆည်းမှု ပါရမီ၊ ပွားများမှု မဂ္ဂဘာဝနာက ရဟန္တာထက် အဆများစွာသာတဲ့အတွက် ရဟန္တာအဆူ

http://www.dhammadownload.com



တစ်ရာနဲ့ ပစ္စေကဗုဒ္ဓတစ်ဆူရယ်လို့ အရေအတွက် အနည်းအများ ကွာသော်လည်း အရည်အသွေး အကျိုးပေးသာတယ်လို့မှတ်ပါ။

## ပစ္စေကဗုဒ္ဓါတစ်ရာ၊ ဘုရားတစ်ဆူ

ဘုန်းကြီးတို့ပရိသတ်၊ အာရုံတစ်ပါး စိတ်မသွားဘဲ ထောင်နားစိုက်ကာ နာကြားပါ၊ ယခုခေတ်မှာ လူစည်တာတွေ ဦးစားပေးပြီး ပြောနေကြလို့ အထပ်ထပ် သတိပေးနေပါတယ်၊ ဘုရားရှင်ဟောကြားတဲ့ တရားတော်ရဲ့ လိုရင်းအချက် အနှစ်အသားကို ထိမိအောင် နာပါ၊ ဘုရားရှင်က...

"သူဌေးကြီး၊ ပစ္စေကဗုဒ္ဓ အဆူတစ်ရာကို တစ်နပ်စာ ဝအောင် ကျွေးမွေးလှူဒါန်းရတဲ့ အလှူရဲ့အကျိုးဟာ သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူကို တစ်နပ်စာ ဝအောင် ကျွေးမွေးလှူဒါန်းရတဲ့ အလှူရဲ့အကျိုးကို နှစ်ရာငါးဆယ့်ခြောက်စိတ်,စိတ်တစ်စိတ်လောက်မမီပါ"တဲ့၊ အရည်အချင်းကွာတာနော်၊ သတိပြုပါ၊ ဟို ဝေလာမအလှူကြီးရဲ့ အလှူခံအရေအတွက်ဟာ နည်းလား၊ အဲဒီကနေပြီး တက်လာတာ။

ပစ္စေကဗုဒ္ဓလည်း ဘုရားပဲ၊ သမ္မာသမ္ဗုဒ္ဓလည်း ဘုရားပဲ၊ ဘယ်လိုကွာလဲ၊ ပစ္စေကဗုဒ္ဓက နှစ်သင်္ချေနဲ့ကမ္ဘာတစ်သိန်း

http://www.dhammadownload.com



ပါရမီဖြည့်လျှင် ဖြစ်တယ်၊ သမ္မာသမ္ဗုဒ္ဓက လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဖြစ်တယ်။

ပစ္စေကဗုဒ္ဓက ပညတ်တင်ပြီး တရားဟောကာ သတ္တဝါများကို နိဗ္ဗာန်အရောက် မပို့နိုင်ပါ။ ဗုဒ္ဓက ပညတ်တင်ပြီး တရားဟောကာ သတ္တဝါတွေကို နိဗ္ဗာန်အရောက်ပို့နိုင်ပါတယ်။

အေး...ပစ္စေကဗုဒ္ဓရဲ့ ဖြည့်ဆည်းမှု ပါရမီ၊ ပွားများမှု မဂ္ဂဘာဝနာနဲ့ သမ္မာသမ္ဗုဒ္ဓရဲ့ ဖြည့်ဆည်းမှု ပါရမီ၊ ပွားများမှု မဂ္ဂဘာဝနာ ကွာခြားမှု စတဲ့အကြောင်းတွေကြောင့် အကျိုးပေးလည်း ကွာတယ်လို့မှတ်ပါ။

## ဘုရားတစ်ဆူ ဘုရားအမူ့ရှိတဲ့သံယာ

ဘုန်းကြီးတို့ ပရိသတ်၊ တရားမနာရတာလောက် ရှုံးတာ မရှိတော့ပါ၊ ဘုရားပွင့်တဲ့ရည်ရွယ်ချက်ကို မသိကြတဲ့သူတွေဟာ တရားမနာကြဘူး၊ သူတို့အဖို့ သိပ်ရှုံးတယ်၊ သာမန် ဒါန၊ သီလလောက်နဲ့ ကျေနပ်နေကြတယ်၊ ဒါန၊ သီလလည်း အကျိုးနည်း အကျိုးကြီး ခွဲခြားမသိကြဘူး။

အဲဒါ ဘာကြောင့်လဲမေးရင် တရားဗဟုသုတ မရှိလို့ပေါ့၊ ဘုန်းကြီးတို့သူတော်ကောင်း ဥစ္စာရတနာ (၇)ပါးထဲမှာ ဗဟုသုတဆိုတာ တစ်ပါးပါတယ်။

http://www.dhammadownload.com



အဲဒီ ဗဟုသုတကို ဘုရားရှင်က 'သုတာဝုဓ–သုတ လက်နက်' လို့ အသုံးပြုပြီး ဟောထားတာရှိပါတယ်၊ ဘယ်လို ဟောလဲဆိုရင်...

"ရဟန်းတော်များ အို...ချစ်သားတို့၊ သုတလက်နက် ရှိသူသည် အကုသိုလ်တရားတွေကို ပယ်နိုင်တယ်၊ ကုသိုလ် တရားတွေကို တိုးပွားစေနိုင်တယ်၊ စင်ကြယ်တဲ့ မိမိခန္ဓာ ကိုယ်ကို ဆောင်နိုင်တယ်"လို့ ဟောခဲ့ပါတယ်၊ ဟုတ်ပါတယ်၊ ဗဟုသုတမရှိတဲ့လူဟာ အကျိုးမရှိတာကို အကျိုးရှိထင်ပြီး ပြုလုပ်တဲ့အတွက် ဒုက္ခရောက်ရပါတယ်၊ အကျိုးရှိတာကို အကျိုးမရှိထင်ပြီး မပြုလုပ်ဘဲ ရှောင်ရှားတဲ့အတွက် အကျိုးမရ ဖြစ်တာဟာ ဗဟုသုတ မရှိမှုကြောင့်ပါ၊ ကဲ...ဆက်ပြီး နာကြားပါ၊ ဘုရားရှင်က...

"သူဌေးကြီး၊ သမ္မာသမ္ဗုဒ္ဓ ဘုရားတစ်ဆူကို တစ်နပ်စာ ဝအောင် ကျွေးမွေးဆက်ကပ်လှူဒါန်းရသော အလှူရဲ့အကျိုး သည် သမ္မာသမ္ဗုဒ္ဓဘုရားရှင် အမှူးရှိတဲ့ သံဃာတော်တို့အား တစ်နပ်စာ ဝအောင် ကျွေးမွေးရသော အလှူရဲ့အကျိုးကို နှစ်ရာငါးဆယ့်ခြောက်စိတ်,စိတ် တစ်စိတ်လောက်မမီပါ"တဲ့၊ ဘုန်းကြီးတို့ပရိသတ်တွေ အထူးသတိထားပြီး နာကြားကြပါ၊ ဒါနရဲ့ အကျိုးကနေပြီး အကျိုးကြီးအဆင့်သို့ အဆင့်ဆင့် တက်လာပုံကို သတိပြုပါ။

http://www.dhammadownload.com



ပြီးတော့ အလူက အများကြီးကနေ အနည်း၊ အများနဲ့ အနည်းနဲ့လာရာမှ ယခုအခါ အနည်းနဲ့အများ ဖြစ်သွားပြန်ပြီ ဟုတ်တယ်လေ၊ သတိထား နာကြားပါ၊ သမ္မာသမ္ဗုဒ္ဓဘုရား တစ်ဆူနှင့် ဘုရားအမှူးရှိတဲ့ သံဃာဆိုတော့ အနည်းတစ်ဆူက နေပြီး တစ်ဆူနှင့် သံဃာများဆိုတော့ အနည်းအများ ဖြစ် သွားတာပေါ့။

အေး...ဘုရားရှင်အား လှူဒါန်းရတာ အကျိုးပေးပုံကို ပြောပြီးပါပြီ၊ ယခု ဘုရားအမှူးရှိတဲ့ သံဃာဆိုတော့ ဘုရား လည်းပါ၊ သံဃာလည်းပါတယ်၊ ဒီမှာ သံဃာသက်သက် တွက်ပြီး ပြောကြပါစို့။

မြတ်စွာဘုရားရဲ့ တပည့်သား သံဃာတော်အပေါင်း သူတော်ကောင်းတို့သည် တံ့ပြန်ကြီးလေး၊ အကျိုးပေးသဖြင့် အဝေးမှယူ၊ ဆောင်သည်မှူလည်း၊ ကြည်ဖြူလေးမြတ်၊ ပူဇော် အပ်တဲ့၊ လာဘ်သပ်ပကာ၊ အဖြာဖြာကို၊ ကောင်းစွာသိမ်း ပိုက်၊ ခံယူခြင်းငှာ၊ ထိုက်တော်မူပါတယ်။

မြတ်စွာဘုရားရဲ့ တပည့်သား သံဃာတော်အပေါင်း သူတော်ကောင်းတို့သည် ဝေးရပ်မျိုးနွယ်၊ များညွှသည်ဖို့၊ ရည်ရွယ်မှန်းထား၊ ပစ္စည်းများကို ဘုရားတစ်ဆူ၊ ပွင့်တော် မူမှ၊ ပေါ်လာကြသည့်၊ ကမ္ဘာ့ညွှကောင်း၊ သူတော်ကောင်းမို့

http://www.dhammadownload.com



အကြောင်းထိုက်စွာ၊ ပေးလှူခြင်းငှာလည်း ထိုက်တော်မူပါတယ်။

မြတ်စွာဘုရားရဲ့ တပည့်သား သံဃာတော်အပေါင်းသူတော်ကောင်းတို့သည် တမလွန်စခန်း၊ ကြီးပွားလမ်းဖို့၊ မျှော်မှန်းရည်ရွယ်၊ ပေးလှူဖွယ်ကို၊ ရည်ရွယ်သမျှ၊ အကျိုးရသဖြင့်၊ အစမချန်၊ အလှူခံခြင်းငှာလည်း ထိုက်တော်မူပါတယ်။

မြတ်စွာဘုရားရဲ့ တပည့်သား သံဃာတော်အပေါင်းသူတော်ကောင်းတို့သည် လူနတ်ဗြဟ္မာ၊ သတ္တဝါအပေါင်းရဲ့၊ အတုမရှိ၊ မြတ်ခေါင်ထိတဲ့၊ ကုသိုလ်ကောင်းမှု၊ မျိုးစေ့စုရဲ့၊ ကြီးထုမြင့်မား၊ စွင့်စွင့်ကားလျက်၊ ဖွံ့ထွားဖွယ်ရာ၊ လယ်ယာမြေကောင်း အတူ ဖြစ်တော်မူပါတယ်။

အေး...ဒီနေရာမှာလည်း အထူးမှတ်သားပြီး နာကြားပါ၊ ဘုရားရှင် တပည့်သား သံဃာတွေကိုလှူရတာ အကျိုးကြီးတာတော့ သိပါပြီ၊ ဘာကြောင့် အကျိုးကြီးပါသလဲ၊ အဲဒါကို သိဖို့ အရေးကြီးပါတယ်၊ အဲဒါ သိရင် ခုနက ပြောခဲ့တဲ့ အဆင့်ဆင့် အကျိုးကြီးပုံကို ပြန်ပြီးသဘောပေါက်သွားပါလိမ့်မယ်။

မြတ်စွာဘုရားရဲ့ တပည့်သား သံဃာတော်အပေါင်းသူတော်ကောင်းတို့သည် တရားသဖြင့်၊ ဆုံးမသင့်ရာ၊

http://www.dhammadownload.com



သာသနာ့ဝယ်၊ လျော်စွာထုံးပြု၊ ဆုံးအမကို၊ လုံးဝလိုက်နာ၊ ကောင်းမွန်စွာလည်း ကျင့်တော်မူတတ်ကြပါတယ်။

မြတ်စွာဘုရားရဲ့ တပည့်သား သံဃာတော်အပေါင်း သူတော်ကောင်းတို့သည် ကိုယ်ဝယ်ဝတ်နှောင်၊ ဆံဦးသျှောင်ကို၊ မီးလောင်သော်ငြား၊ မငြိမ်းအားဘဲ၊ ကြီးမားလောင်မီး၊ ဒုက္ခကြီးတို့၊ အငြိုးကေန်၊ ငြိမ်းရာမှန်တဲ့၊ နိဗ္ဗာန်အလို့ငှာ၊ ကျင့်တော်မူတတ်ကြပါတယ်။

မြတ်စွာဘုရားရဲ့ တပည့် သံဃာတော်အပေါင်းသူတော်ကောင်းတို့သည် စဉ်းလဲသမှု၊ မာယာစုဖြင့်၊ ဖုဖုထစ်ထစ်၊ မကောက်ကျစ်ဘဲ၊ စင်စစ်နိဗ္ဗာန်၊ လမ်းဖြောင့်မှန်အောင်၊ လျော်ကန်ချင့်မြော်၊ ကျင့်ကြံတော်မူတတ်ကြပါတယ်။

မြတ်စွာဘုရားရဲ့ တပည့်သား သံဃာတော်အပေါင်း သူတော်ကောင်းတို့သည် ရိုသေသမှု၊ လူတို့ပြုတဲ့၊ သာမိစိကံ၊ လျော်ထိုက်တန်အောင်၊ ကျင့်ကြံတော်မူတတ်ကြပါတယ်။

ကဲ…ဘုန်းကြီးတို့ပရိသတ်၊ ဘုရားရှင်ရဲ့ တပည့်သား သံဃာတော်အပေါင်း သူတော်ကောင်းတွေကို လှူရလို့ အကျိုးကြီးတာ ဘာကြောင့်လဲမေးရင် အကျင့်ကြောင့်လို့ပဲ အလွယ်ဖြေလိုက်ပါ။

http://www.dhammadownload.com



အကျင့်ကလည်း ပုထုဇဉ်နှင့် အရိယာစသည်ဖြင့် အဆင့်ဆင့် ကွာတယ်၊ အရိယာမှာလည်း သောတာပန်အရိယာနှင့် သကဒါဂါမ်အရိယာ စသည်ဖြင့် အကျင့်ကွာသွားသလို အကျိုးပေး ကွာပါတယ်။

ယခု ဘုရားရှင်အမှူးရှိတဲ့ သံဃာဆိုတဲ့နေရာမှာ ပုထုဇဉ်သံဃာမှစပြီး ရဟန္တာသံဃာအထိ သံဃာအားလုံး ပါဝင်ပါတယ်၊ အဲဒါကြောင့် အကျိုးကြီးပါတယ်။

## ၁၀ ရက်စခန်း အလှူဟာ

ဘုန်းကြီးတို့ပရိသတ် အထူးသတိပြုပါ၊ ယခု ဓမ္မဒူတတောရ (၁၀) ရက်စခန်းအလှူဟာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို လှူရတဲ့အလှူပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းသံဃာ ယောဂီက လေးဆယ်ကျော်၊ သီးခြား အခုရက်မှာ ဝတ်တဲ့ ရှင်ရဟန်းယောဂီနှင့်ဆိုတော့ ငါးဆယ်ကျော်၊ သီလရှင် ယောဂီ၊ လူယောဂီက တစ်ရာ့ငါးဆယ်ကျော်ဆိုတော့ နှစ်ရာကျော်သော ယောဂီတွေ ကျွေးမွေးလှူဒါန်းရတာပါ။

ဘုရားရှင်ကိုလည်း နေ့စဉ် နံနက်ဆွမ်း၊ နေ့ဆွမ်းကပ်လှူဒါန်းတယ်၊ သံဃာတော်တွေနှင့် ယောဂီတွေကိုလည်း နံနက်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းတယ်ဆိုတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ လှူရတဲ့ အလှူကြီးပါ။

http://www.dhammadownload.com



ယောဂီတွေကလည်း အခုအချိန်မှာ ကောင်းကောင်း ကျင့်ခြင်း စတဲ့ ဂုဏ်တွေရှိတဲ့အတွက် ရှင်ရဟန်းသဘောသို့ သက်ရောက်နေကြပါတယ်။

ဒါကြောင့် ဒီဓမ္မဒူတတောရ သံဃာတော်တွေကို အခုလို (၁၀)ရက်စခန်း တရားဝင်ခိုက်မှာ လှူဒါန်းရတာဟာ တခြား အချိန်မှာ လှူရတာထက် ပိုပြီးအကျိုးကြီးပါတယ်။

အေး...ဘုန်းကြီးတို့ အလှူရှင်တွေ သိပ်ဝမ်းသာစရာ ကောင်းပါတယ်၊ မိမိတို့မှာ တစ်သက်နဲ့တစ်ကိုယ် ဒီလိုအလှူ ကြီး လှူရဖို့ဆိုတာ မလွယ်ပါဘူး။

လှူရတဲ့အလှူရှင်တွေအဖို့ အင်မတန် ကံကောင်းသလို မလှူရတဲ့သူတွေအတွက် အင်မတန် ကံဆိုးပါသေးတယ်၊ ဒါ့ကြောင့် လှူဖူးပြီးသား အလှူရှင်တွေကလည်း ဒီလို အကျိုး ကြီးတဲ့အလှူမျိုးကို နှစ်စဉ် လှူနိုင်အောင် ကြိုးစားကြပါ၊ မလှူဖူးသေးတဲ့ ကံဆိုးနေသူများကလည်း လာမယ့်နှစ်တွေမှာ လှူနိုင်အောင် ကံကောင်းသွားသူများ ဖြစ်အောင် ကြိုးစား ကြပါ။

## ဘုရားအမှူးရှိသံဃာနှင့် အရပ်(၄)မျက်နှာ သံဃိကကျောင်း

ဟောရမယ်ဆိုရင် ဒီအချက်ဟာ ဟောမကုန်၊ ပြော မကုန် အချက်ပါ၊ ဒါပေမယ့် တရားမဆုံး ဖြစ်နေမယ်၊ မစုံ

http://www.dhammadownload.com



ဖြစ်နေမယ်၊ ရှေ့မှာ ကျန်သေးတဲ့ နှိုင်းယှဉ်ချက်တွေကို ဟောကြရ၊ နာကြရအောင်ပါ။ သတိထားပြီး အသိတရား ရှေ့သွားပြုပြီး စဉ်းစဉ်းစားစား မှတ်မှတ်သားသား နာကြား ကြပါ၊ ဘုရားရှင်က...

"သူဌေးကြီး၊ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို တစ်နပ်စာ ဝအောင်ကျွေးမွေးဆက်ကပ်လှူဒါန်းရတဲ့ အလှူရဲ့ အကျိုးသည် အရပ်လေးမျက်နှာမှာရှိတဲ့ သံဃာအားလုံးကို ရည်မှန်းပြီး စာတုဒ္ဒိသာ သံဃိကကျောင်း တစ်ဆောင် ဆောင်လုပ်လှူဒါန်းရတဲ့ အလှူရဲ့အကျိုးကို နှစ်ရာငါးဆယ့် ခြောက်စိတ်စိတ် တစ်စိတ်မျှလောက် မမီပါဘူး"တဲ့။

ကဲ...ဘုန်းကြီးတို့ပရိသတ်၊ အလှူဟာ လှူရင် အကျိုး ရတယ်လို့ သာမညတော့ သိကြပါတယ်၊ ဘယ်လိုအကျိုး တွေ ဘယ်လိုရပါသလဲ၊ အကျိုးရချင်း ထူးလား၊ တူလား စသည်ဖြင့် စစ်ကြည့်လိုက်တော့ အများကြီးကွာခြားနေ ပါတယ်။ အဲဒီလို ကွာခြားတာကို ကွာခြားပါလားလို့ သိတဲ့ လူဟာ အတော်ရှားပါတယ်။ သိအောင် ဆည်းပူးတဲ့လူလည်း အတော်ရှားပါတယ်။

သာသနာတော်မှာ သာသနာ့ပစ္စည်းဆိုတာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးရယ်လို့ (၄)ပါးပဲ ရှိပါတယ်၊ အရပ်

http://www.dhammadownload.com



(၄)မျက်နှာရှိတဲ့ သံဃာတွေကို ရည်မှန်းပြီး ကျောင်းတစ်ဆောင် ဆောက်လုပ်တယ်ဆိုတာ ပစ္စည်း ၄–ပါးမှာ ကျောင်းပစ္စည်း အလှူပါ၊ ကျောင်းပစ္စည်းဟာ ထာဝရအလှူပါ။

အေး...အရပ်လေးမျက်နှာမှာရှိတဲ့ သံဃာလို့ဆိုတော့ ကျောင်းက သေးတာ ကြီးတာ၊ ပဓာနမဟုတ်ပါ၊ တစ်သာသနာလုံးရှိ သံဃာတော်တွေကို လှူဒါန်းရာရောက်ပါတယ်၊ အဲဒါကြောင့် အကျိုးကြီးပါတယ်။

## ပြန်ကြည့်ရင်

ဘုန်းကြီးတို့ ဒီအထိပြန်ကြည့်ရင် ဒါနတွေချည်းပါပဲ၊ ကဲ...လက်ချိုးပြီးတော့ မှတ်ကြည့်ပါ၊ ဝေလာမပုဏ္ဏားကြီး အလှူထက်သာတဲ့အလှူ ဘယ်နှစ်မျိုးရှိလဲဆိုတာ သိအောင် ဝေလာမ အလှူကြီးထက် သာတာတွေ မှတ်ထားပါ။

(၁) သောတာပန်တစ်ယောက်အား ကျွေးမွေးလှူဒါန်းခြင်း၊
(၂) သောတာပန်တစ်ရာအား ကျွေးမွေးလှူဒါန်းခြင်း၊
(၃) သကဒါဂါမ်တစ်ယောက်အား ကျွေးမွေးလှူဒါန်းခြင်း၊
(၄) သကဒါဂါမ်တစ်ရာအား ကျွေးမွေးလှူဒါန်းခြင်း၊
(၅) အနာဂါမ်တစ်ယောက်အား ကျွေးမွေးလှူဒါန်းခြင်း၊
(၆) အနာဂါမ်တစ်ရာအား ကျွေးမွေးလှူဒါန်းခြင်း၊

http://www.dhammadownload.com



(၇) ရဟန္တာတစ်ပါးအား ကျွေးမွေးလှူဒါန်းခြင်း၊
(၈) ရဟန္တာတစ်ရာအား ကျွေးမွေးလှူဒါန်းခြင်း၊
(၉) ပစ္စေကဗုဒ္ဓတစ်ဆူအား ကျွေးမွေးလှူဒါန်းခြင်း၊
(၁၀) ပစ္စေကဗုဒ္ဓအဆူတစ်ရာအား ကျွေးမွေး လှူဒါန်းခြင်း၊
(၁၁) သမ္မာသမ္ဗုဒ္ဓ ဘုရားတစ်ဆူအား ကျွေးမွေးလှူဒါန်းခြင်း၊
(၁၂) ဘုရားအမှူးရှိတဲ့ သံဃာအား ကျွေးမွေးလှူဒါန်းခြင်း၊
(၁၃) စာတုဒ္ဒိသာ သံဃိကကျောင်း ဆောက်လုပ်လှူဒါန်းခြင်း

ရယ်လို့ ဝေလာမအလှူမှနေ အဆင့်ဆင့်သာတဲ့ အလှူ (၁၃)မျိုးရှိပါတယ်။ အဲဒါတွေဟာ အားလုံး ဒါနကုသိုလ်တွေပါ။

## ကျောင်းလှူစွမ်းနှင့် သရဏဂုံ

အဲဒီဒါန ကုသိုလ်တွေ ထက်မြက်တဲ့ ကုသိုလ်ကို ဘုရားရှင်က ဆက်ပြီးတော့ ဟောပြပါတယ်။ သေသေချာချာ စဉ်းစားပြီး နာကြားပါ၊ အခုဟောပြခဲ့တဲ့ အလှူတွေထဲမှာ စာတုဒ္ဒိသာ သံဃိကကျောင်းအလှူဟာ အကျိုးအကြီးဆုံးပါ၊ ဘုရားရှင်က သူဌေးကြီးကို...

"သူဌေးကြီး၊ အရပ်လေးမျက်နှာမှာရှိတဲ့ သံဃာတွေကို အာရုံပြုပြီး စာတုဒ္ဒိသာသံဃိက ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းရသော ကုသိုလ်ရဲ့ အကျိုးသည် အသက်ပင်

http://www.dhammadownload.com



သေချင်သေပါစေ၊ ငါဆောက်တည်ထားတဲ့ သရဏဂုံတော့ အပျက်မခံနိုင်ဘူးလို့ ဆောက်တည်ထားတဲ့ သရဏဂုံကုသိုလ်ရဲ့ အကျိုးကို နှစ်ရာငါးဆယ်ခြောက်စိတ်စိတ် တစ်စိတ်မျှလောက် မမီပါဘူး"လို့ ဟောပါတယ်။

"ဗုဒ္ဓသာသနာတော်အစ သရဏဂုံက"လို့ ဆိုနိုင်ပါတယ်၊ "သောတာပန် အစလည်း သရဏဂုံက"လို့ ဆိုနိုင်ပါတယ်။

"သရဏဂုံကုသိုလ်ဟာ ဗုဒ္ဓသာသနာတော်မှာ အခြေခံအုတ်မြစ်အကျဆုံး အရေးအကြီးဆုံးကုသိုလ်ပါ။

အခုနေ လူတစ်ယောက်က လာပြီး "မင်းဟာ ဘုရားမကိုးကွယ်ရဘူး၊ တရားတော် မကိုးကွယ်ရဘူး၊ သံဃာတော်တွေကို မကိုးကွယ်ရဘူး၊ မင်းကိုးကွယ်ရင် ဟောဒီ သေနတ်နဲ့ ပစ်သတ်မယ်လို့ပြောပြီး ချိန်ပေမယ့်...

"အမယ်လေး ပစ်သတ်ချင်သတ်ပါ၊ တစ်ဘဝ တစ်ခါ ဒီလို သေနတ်နဲ့ ပစ်သတ်ခံရတဲ့ ကံပါလာလို့ သေရချင် သေရပါစေ၊ အမြတ်ဆုံးဖြစ်တဲ့ သရဏဂုံပန်းကုံးကိုတော့ မစွန့်နိုင်ပါ၊ မဖျက်နိုင်ပါ"

လို့ ဆိုပြီး အသက်စွန့် တည်ဆောက်တဲ့ သရဏဂုံကုသိုလ်ဟာ စာတုဒ္ဒိသာ သံဃိကကျောင်းကုသိုလ်ထက် အကျိုးကြီးပါတယ်။

http://www.dhammadownload.com



## သရဏဂုံတင်တယ်ဆိုတာ

အေး...၊ ဒီနေရာမှာ သရဏဂုံနှင့်စပ်ပြီးတော့ ပြောချင်ပါသေးတယ်၊ ယခုအခါ လူတွေဟာ သေပြီဆိုရင် အရေးတကြီးပဲ ဘုန်းကြီးပင့်ပြီး အသေကောင်ကို သရဏဂုံတင်နေကြတယ်၊ မေးကြည့်တော့ အသေအချာသိသူ အတော်တယ်ရှားတယ်။

## အမှန်အတိုင်းပြောရရင်

"ဗုဒ္ဓဘာသာအစ သရဏဂုံက" သို့မဟုတ် "ဗုဒ္ဓသာသနာအစ သရဏဂုံက" လို့ ပြောနိုင်ပါတယ်၊ ဘုရားရှင်မပွင့်ခင် လူတွေဟာ ကိုးကွယ်ချင်ရာ ကိုးကွယ်နေကြတာပါ၊ ဘုရားရှင် ပွင့်လာတဲ့အခါ ဘုရားဖူးရ တရားနာရ အားထုတ်ရတော့ အမှန်သိပြီး မိမိတို့ စိတ်စေတနာ သဒ္ဓါမှန်နဲ့ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' လို့ ဘုရားရှင်ရှေ့မှာပဲ မိမိတို့ကိုယ်ကိုမိမိတို့ သရဏဂုံတင်လိုက်ကြပါတယ်။

အဲဒီလို ကိုယ့်ဘာသာကိုယ် မတင်တတ်ရင်လည်း ဆရာသမားများကို တင်ခိုင်းကြပါတယ်၊ ဘယ်လိုပဲ တင်တင်ပေါ့

http://www.dhammadownload.com



လေ၊ သရဏဂုံဟာ အဲဒီလို အသက်ရှိစဉ် ကိုယ့်အသိနဲ့ကိုယ် မိမိတို့ကိုယ်မှာ သရဏဂုံမြဲအောင် တင်ကြရပါမယ်။

အဲဒီလို အသက်ရှိစဉ် အသိနှင့်တင်ထားတဲ့ သရဏဂုံဟာ စာတုဒ္ဒီသာ သံဃိက ကျောင်းကုသိုလ်ထက် အရေးကြီးပါတယ်၊ အကျိုးကြီးပါတယ်။

အဲဒီ သရဏဂုံဟာ ပျက်ခြင်း ၂-မျိုးရှိပါတယ်၊ အသက်ရှင်စဉ် ပျက်တယ်၊ သေရင်ပျက်တယ်လို့ ပျက်ခြင်းနှစ်မျိုး ရှိပါတယ်။

အသက်ရှင်စဉ်ပျက်တာက အဲဒီ မိမိ အမြတ်တနိုးထားတဲ့ ရတနာသုံးပါးမှတစ်ပါး အခြား မကိုးကွယ်သင့်တာတွေကို အမြတ်တနိုးထားပြီး ကိုးကွယ်လိုက်ရင် အသက်ရှင်စဉ် သရဏဂုံ ပျက်ပါတယ်။

အသက်ရှင်စဉ်မှာ ရတနာသုံးပါးမှတစ်ပါး အခြားမကိုးကွယ်သင့်တာတွေ အမြတ်တနိုး မကိုးကွယ်ဘဲ ရတနာသုံးပါးသာ အမြတ်တနိုးကိုးကွယ်ဆည်းကပ်သော်လည်း သေရင် သရဏဂုံ ပျက်ပါပြီ။

သို့သော်လည်း အသက်ရှင်စဉ်က သရဏဂုံမပျက်ခဲ့ရင် အဲဒီသေသူဟာ တခြားကုသိုလ်တွေ မပါနဲ့ဦးတော့ အဲဒီ သရဏဂုံကုသိုလ်ကြောင့် အနည်းဆုံး နတ်ရွာတော့ ရောက်နိုင်ပါတယ်။

http://www.dhammadownload.com



အသေကောင်ကို သရဏဂုံတင်တဲ့အခါ ရည်ရွယ်ချက် နှင့်တကွ တင်ပုံကို သိဖို့တော့ အလွန်တရာ အရေးကြီးပါ တယ်၊ မသိရင်အရာမရောက်ပါ၊ ရည်ရွယ်ချက်ကဘယ်လိုလဲ။

"အမောင်...အမိ...သင့်မှာ လူ့ဘုံဌာန၊ လူ့လောက က ဆောက်တည်ထားတဲ့ သရဏဂုံဟာ သင်ဝိညာဉ်ချုပ်တဲ့ အချိန်အခါမှာ ပျက်သွားပါပြီ သရဏဂုံကျေးဇူးဟာ အင်မတန် ကြီးပါတယ်၊ သင့်မှာ ယခု သရဏဂုံမရှိတော့ပါ၊ ဒါ့ကြောင့် အသင်ဟာ ရောက်ရာအရပ် ရောက်ရာဘုံဌာနကလာပြီး တို့နှင့် အတူတကွ သရဏဂုံအသစ် ပြန်ယူပါလော့"

လို့ အဲဒီလို ရည်ရွယ်ပြီး သရဏဂုံတင်ရင် သိပ်ကောင်း ပါတယ်၊ တင်လို့သာ တင်ရပါသော်လည်း ရဖို့ရာကတော့ မသေချာပါဘူး၊ ဒါကြောင့် အကောင်းဆုံးကတော့ အသက်ရှင် စဉ်မှာ တကယ့် အသိရှေ့သွားပြီး သရဏဂုံမြဲအောင် ကြိုးစား ထားကြပါ။

ဘုန်းကြီးကတော့ အကြောင်းတိုက်ဆိုင်လို့ သရဏဂုံ တင်တာနဲ့ ပတ်သက်ပြီးပြောတဲ့အခါ အားရပါးရ ကျေကျေ နပ်နပ်ရှိအောင် ဖြစ်အောင်...

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

http://www.dhammadownload.com



ဓမ္မော မေ သရဏံ အညံ နတ္ထိ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃော မေ သရဏံ အညံ နတ္ထိ
သံဃံ သရဏံ ဂစ္ဆာမိ။

လို့ အဲဒီလို ကိုယ့်ကိုယ်ကိုအသက်ရှင်စဉ် အမြဲ သရဏဂုံ တင်ပါလို့ တိုက်တွန်းတယ်၊ အဲဒီ အဓိပ္ပာယ်က ဘယ်လိုလဲ ဆိုရင်...

"အကျွန်ုပ်မှာ မြတ်စွာဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိပါ၊ မြတ်စွာဘုရားကို ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

"အကျွန်ုပ်မှာ တရားတော်မှတစ်ပါး ကိုးကွယ်ရာမရှိပါ၊ တရားတော်ကို ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

"အကျွန်ုပ်မှာ သံဃာတော်မှတစ်ပါး ကိုးကွယ်ရာမရှိပါ၊ သံဃာတော်ကို ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏"

လို့ အဓိပ္ပာယ်အချုပ်ကို မှတ်ထားပါ၊ ပါဠိလိုပဲ ဆိုဆို၊ မြန်မာလိုပဲဆိုဆို ရပါတယ်၊ ဆိုတဲ့အတိုင်း ဘုရား တရား

http://www.dhammadownload.com



သံဃာ ရတနာ ၃–ပါးမှတစ်ပါး အခြားဘာကိုမှ ကိုးကွယ်ရာ အဖြစ်နဲ့ မကိုးကွယ်ပါနဲ့။

သို့မဟုတ်လို့ရှိရင် အဲဒီ သရဏဂုံက တစ်ကြိမ်သောက် တည်ပြီးရင် မြဲနေပါတယ်၊ အဲဒီလို မြဲနေပါရင် အဲဒီမြဲမှုကို အကြောင်းပြုပြီးတော့ ဒီလို အောင်ဆုပန်ပါ။

"နတ္ထိ မေ သရဏံ အညံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန
ဟောတု မေ ဇယ မင်္ဂလံ။ ။

"အကျွန်ုပ်မှာ ဘုရားရှင်မှတစ်ပါး ကိုးကွယ်ရာ မရှိပါ၊ ဘုရားရှင်သည် အကျွန်ုပ်၏ အမြတ်ဆုံးသော ကိုးကွယ်ရာ ဖြစ်ပါ၏၊ ဤမှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်မှာ အောင်မြင်စရာမှန်သမျှ အောင်မြင်ပါစေသတည်း။

"နတ္ထိ မေ သရဏံ အညံ၊
ဓမ္မော မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန
ဟောတု မေ ဇယ မင်္ဂလံ။ ။

"အကျွန်ုပ်မှာ တရားတော်မှတစ်ပါး ကိုးကွယ်ရာမရှိပါ၊ တရားတော်သည် အကျွန်ုပ်၏ အမြတ်ဆုံးသော ကိုးကွယ်ရာ

http://www.dhammadownload.com



ဖြစ်ပါ၏၊ ဤမှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်မှာ အောင်မြင်စရာမှန်သမျှ အောင်မြင်ပါစေသတည်း။

"နတ္ထိ မေ သရဏံ အညံ၊
သံဃော မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန
ဟောတု မေ ဇယ မင်္ဂလံ။ ။

"အကျွန်ုပ်မှာ သံဃာတော်မှတစ်ပါး ကိုးကွယ်ရာမရှိပါ၊ သံဃာတော်သည် အကျွန်ုပ်၏အမြတ်ဆုံးသောကိုးကွယ်ရာ ဖြစ်ပါ၏၊ ဤမှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်မှာ အောင်မြင်စရာမှန်သမျှ အောင်မြင်ပါစေသတည်း။

လို့ ရွတ်ဆိုရင် သရဏဂုံကိစ္စလည်းပြီး ကိုယ်အောင်မြင်ချင်တဲ့ အောင်မြင်စရာမှန်သမျှလည်း ပြီးပါတယ်။

## သရဏဂုံစွမ်းအင်

အေး...၊ သရဏဂုံမြဲရင် သေတဲ့အခါ အပါယ်မကျဘဲ နတ်ရွာသုဂတိသို့ ရောက်ဖို့ သေချာပါတယ်၊ သရဏဂုံမြဲရင် ဗုဒ္ဓဘာသာဝင်အစစ် ဖြစ်တယ်၊ သရဏဂုံမြဲရင် မြွေတောင် မကိုက်ဘူး။

http://www.dhammadownload.com



ဘုန်းကြီး ကိုရင်ဝတ်က လက်တွေ့တွေ့ခဲ့တဲ့ သာဓက တစ်ခုကို ပြောပြပါမယ်၊ ကိုရင်ဝတ်က မြေနီနီလေးတစ်ကောင် ကိုက်ခံရဖူးပါတယ်၊ ဘုန်းကြီး ပြေးမိပြေးရာ ပြေးတာပေါ့၊ ကိုရင်ပဲဟာ။

အဲဒီလို ပြေးရင်းနဲ့ နောက်ပြန်ကြည့်တော့ မြွေက အနား ရောက်နေပြီ၊ ဒီတော့ ကြောက်အားလန့်အားနဲ့ အခြားအား ကိုးရာလည်းမရှိတော့ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ လို့ ၂,ပုဒ်ပဲဆိုရသေးတယ်၊ နားထဲမှာ ဘယ်လိုကြား လိုက်သလဲဆိုရင် 'ဟင်...သူ သရဏဂုံ မြဲတယ်'လို့ ကြားပြီး မြွေလည်း နောက်ပြန်သွားပါတယ်။

## မြွေလက်ဖွဲ့

နောက်တစ်ခု အတွေ့အကြုံရှိပါသေးတယ်၊ လွန်ခဲ့တဲ့ (၂၇)နှစ်ကပေါ့၊ ဒီနှစ်ဟာ ဘုန်းကြီး စတင်ပြီး တရား အားထုတ်တဲ့နှစ်ပါ၊ ဟင်္သာတမြို့နယ်ထဲက ကြာဂယက်ဆိုတဲ့ ရွာမှာ ဘုန်းကြီး ဝတ်သွားစောင့်ပါတယ်။

အဲဒီဝတ်ပွဲမှာ ဆရာတော်ကြီးတစ်ပါးက မြွေလက်ဖွဲ့တွေ ထုံးပေးနေပါတယ်၊ တစ်နေ့ ဘုန်းကြီး ဆဲဒီဆရာတော်ကြီး အနား ရောက်သွားတော့ ဆရာတော်ကြီးက အမိန့်ရှိပါတယ်။

http://www.dhammadownload.com



"ဒါ မြွေလက်ဖွဲ့ထိုးတာပါ၊ အပ်ချည် တစ်ဖက် ကိုးပင်၊ ၂, ဖက်ဆိုတော့ ၁၈–ပင်ပေါ့၊ ၂,ပင် လိမ်ကျစ်ပြီး "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဆိုပြီး တစ်ထုံးထုံး၊ "ဓမ္မံ သရဏံ ဂစ္ဆာမိ" ဆိုပြီး တစ်ထုံးထုံး၊ "သံဃံ သရဏံ ဂစ္ဆာမိ" ဆိုပြီး တစ်ထုံး ထုံး၊ ဒုတိယမ္ပိနဲ့ ၃,ထုံးထုံး၊ တတိယမ္ပိနဲ့ ၃,ထုံးထုံး၊ အားလုံး ၉, ထုံးထုံးပြီးရင် သမန္တာ၁က နေပြီး ခန္ဓသုတ်ဆုံးအောင် ရွတ်ပြီး ဒီလက်ဖွဲ့ ပေးလိုက်တယ်။

"အဲဒီ လက်ဖွဲ့ချည်ဆွဲပြီး လယ်ရိတ်ရင် မြွေမကိုက်ဘူး၊ လက်ဖွဲ့မရှိတဲ့လူ မြွေကိုက်က ဒီလက်ဖွဲ့ချည်ဆွဲပြီး ကုရင် အသေအပျောက် မရှိဘူး"

လို့ အမိန့်ရှိပါတယ်၊ အဲဒီမှာကြည့်ရင်ဘာပါလဲ၊ သရဏဂုံ ပဲ မဟုတ်လား၊ သရဏဂုံရေးထားတာ မဟုတ်ဘဲ သရဏဂုံ ဆိုပြီး ထုံးထားတဲ့ ချည်ထုံးကလေးကတောင် ဒီလောက် အစွမ်းထက်ရင် အမြဲ သရဏဂုံရွတ်နေမယ် ဆိုနေမယ်ဆိုရင် ဆိုဖွယ်ရာမရှိ အစွမ်းထက်မှာပါ။

## သရဏဂုံနှင့်ပဉ္စသီလ

အေး...၊ သရဏဂုံနှင့်ပတ်သက်ပြီး ပြောရင် ပြောစရာ တွေ အများကြီးရှိပါသေးတယ်၊ သိပ်ပြီးတော့ ကျယ်သွားမှာ စိုးလို့ ဒီလောက်နဲ့ပဲ အစသတ်ကြပါစို့၊ ဘုန်းကြီးတို့ ပရိသတ်

http://www.dhammadownload.com



လည်း သရဏဂုံကျေးဇူးသိပြီး အသက်သေပါစေ၊ သရဏဂုံတော့ အပျက်မခံဘူးဆိုပြီး သရဏဂုံမြဲအောင် ထိန်းနိုင်ပါစေ၊ ဘုရားရှင်က...

"သူဌေးကြီး၊ အသက်ကိုပင် မငဲ့ကွက်ဘဲ သရဏဂုံ အပျက်မခံ မြဲမြံအောင်ဆောက်တည်ရတဲ့ သရဏဂုံကုသိုလ်ရဲ့ အကျိုးသည် သရဏဂုံသုံးပါးနှင့်တကွ အသက်ပင်သေပါစေ၊ ငါးပါးသီလအပျက်မခံဘူးဆိုပြီး မြဲမြံစွာဆောက်တည်ထားတဲ့ သီလကုသိုလ်ရဲ့ အကျိုးကို နှစ်ရာငါးဆယ့်ခြောက်စိတ်စိတ် တစ်စိတ်မျှလောက် မမီပါဘူး"

လို့ ဆက်လက်ပြီးဟောပြပါတယ်၊ ဘုန်းကြီးတို့ပရိသတ်တွေ သရဏဂုံသီလမြဲပါစေ အကျိုး အင်မတန်ကြီးပါတယ်ဆိုတာ ဒီမှာ လက်တွေ့ပဲ။

## မကိုးကွယ်သင့်တာ

ဘုန်းကြီး ပြောချင်တာက သရဏဂုံအပျက်ခံပြီးတော့ မကိုးကွယ်သင့်တာတွေ မကိုးကွယ်ပါနဲ့၊ သရဏဂုံပျက်ရင် အပါယ်ကျမယ်၊ တချို့အိမ်တွေမှာလေ ဘုရားစင်ပေါ်မှာ ရှုပ်ထွေးနေတာပဲ၊ ဘာရုပ်တွေလဲမသိဘူး။

ဘုရားစင်ပေါ်မှာ ဘုရားရှင်ကို ကျောခိုင်းပြီးတော့ တင်ပျဉ်ခွေကတစ်မျိုး၊ မတ်တပ်ရပ်ကတစ်သွယ်၊ ဟသ်ာစီး

http://www.dhammadownload.com



တာကတစ်ဖုံ၊ အို…အရုပ်တွေကို စုံလို့ပဲ၊ များလိုက်တာ ဘုရားတောင် ကွယ်နေတယ်။

အေး…မှတ်ထားပါ၊ တကယ်အစွမ်းသတ္တိထက်တဲ့အရုပ်များဆိုရင် အသက်ဝင်တယ်၊ ဘုရားရှင်ကို ကျောခိုင်းမနေနိုင်ဘူး၊ ပူလို့ ဘုရားဘက် မျက်နှာလှည့်ပြီး ဘုရားရှင်အောက် နှိမ့်ထားမှ နေနိုင်တယ်။

အေး…၊ ဘုရားစင်ပေါ်မှာ ဘုရားရှင်ကို ကျောပေးပြီး တင်ထားလို့မနေနိုင်တဲ့ အရုပ်မှန်သမျှ တစ်ရုပ်မှ မစွမ်းဘူး၊ တန်ခိုးမရှိဘူး၊ အကုန်သာ ကန်ချလိုက်ပါ၊ သူတို့ ပွဲတင်လည်း ပွဲဖိုးပိုက်ဆံကုန်ရုံပဲရှိမယ်၊ သူတို့က မ,မနိုင်ပါဘူး၊ သူတို့ တောင် သူများတင်တဲ့ပွဲလေး စောင့်စားနေရတာ ဘယ်က လာပြီး မ,နိုင်မှာလဲ။

သာသနာတော်နဲ့ တွေ့ကြုံဖို့ဆိုတာ လွယ်တာမဟုတ်ပါ၊ သာသနာတော်နဲ့တွေ့မှ သရဏဂုံကုသိုလ်ရင် ယူနိုင်တာပါ၊ သရဏဂုံမပါတဲ့ သီလကလည်း အချိန်မရွေးရနိုင်ပါတယ်၊ ကမ္ဘာတိုင်း ဘဝတိုင်း ရနိုင်ပါတယ်၊ သရဏဂုံပါတဲ့ သီလ ကတော့ ဘဝတိုင်း ကမ္ဘာတိုင်း မရနိုင်ပါဘူး။

ရနိုင်တဲ့ အခုလိုဘဝမျိုးမှာ အမြတ်တနိုး အားကိုးတစ်ခု အနေနဲ့ သရဏဂုံသီလ အပျက်မခံဘဲ ကြိုးစားပါ၊ မကိုးကွယ် သင့်တဲ့ အရုပ်တွေ ဘုရားစင်ပေါ်တင်ပြီး မကိုးကွယ်ပါနဲ့။

http://www.dhammadownload.com



## မ,တယ်ဆိုတာ

ဘုန်းကြီးတို့ ပရိသတ်တွေက အမ, အစ ခံချင်ကြတယ်၊ မ,စ, တာကို မျှော်ကိုးပြီးတော့ အကိုးကွယ် လွဲကြတယ်၊ တကယ်သာ မ,ရင် အဲဒီလူတွေ အကုန်သူဌေးဖြစ်ကုန်ပြီ၊ ဘုန်းကြီးတို့ ဘုရားဟောပါဠိကို မန်လည်ဆရာတော်ဘုရားကြီးက...

"သိကြားနတ်သျှင်၊ ကုသိုလ်ရှင်အား၊ မမြင်ရှောင်ကာ၊ မနေသာတည့်၊ မြင်ပါလျက်ကဲ့၊ ကုသိုလ်မဲ့က၊ တိမ်းငဲ့မျက်နှာ၊ မရှုသာတည့်"

လို့ ရေးခဲ့ပါတယ်၊ တကယ်မှန်ပါတယ်၊ အခု လူတွေ ယုံကြည်တဲ့ ဝိဇ္ဇာတွေ မရှိဘူးလား၊ ရှိပါတယ်၊ နတ်ကောင်း နတ်မြတ်တွေ ရှိပါတယ်၊ သူတို့ဟာ ဘယ်သူ့ကို မ,စ, နိုင်မလဲ၊ သူတို့နဲ့ နီးစပ်တဲ့ ကုသိုလ်ရှင်အားသာ မ,စ, နိုင်ပါတယ်။

မ,စ, တယ်ဆိုတာလည်း အစုလိုက် အပြုံလိုက် အပုံလိုက် မ,မစ နိုင်ပါဘူး မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေတဲ့ အလုပ်အကိုင်တွေ အဆင်ပြေအောင် ချောမောအောင်လောက်ပဲ မ,နိုင်ပါတယ်။

http://www.dhammadownload.com



အဲဒီလို တကယ့် နတ်ကောင်း နတ်မြတ်တွေ၊ ဝိဇ္ဇာတွေ ဆိုတာ ပွဲတင်စရာ မလိုပါဘူး၊ သူတို့ ပွဲမစားပါဘူး၊ ပွဲစား တယ်ဆိုတာ အသူရကာယ်ဘုံသားတွေပါ၊ ဘုန်းကြီးတို့ ပရိသတ်တွေ မယုံနိုင်လျှင် ကြုံဆုံတဲ့အခါမှာ မေးကြည့်ပါ၊ အရမ်း မယုံပါနှင့်။

ဘုန်းကြီးက အရမ်းပြောနေတာမဟုတ်ပါ၊ ကိုယ်တိုင် တွေ့ဖူးကြုံဖူးလို့ ပြောနေတာပါ၊ တချို့တွေက ဘုန်းကြီးက သက်သက်မယ့် သူတို့ ကိုးကွယ်တာတွေ ဖျက်လိုဖျက်ဆီး ဟောတယ်၊ ရေးတယ်ထင်တယ်၊ မဟုတ်ပါဘူး၊ ဘုန်းကြီးက လက်တွေ့ကျကျ အပြုသဘောနဲ့ ဟောတာ ရေးတာပါ။

## သရဏဂုံသီလရှိ

ကဲ...အဲဒါတွေထားပါတော့၊ သရဏဂုံသီလအကျိုးကြီး တာနဲ့ပတ်သက်ပြီး ဆက်ပြောရအောင်၊ အဆင့်ဆင့် အကျိုး ကြီးတဲ့ ကုသိုလ်တွေ ပြောလာတာ ယခု သရဏဂုံသီလ ကုသိုလ် ရောက်လာပြီ၊ ယခု ယောဂီတွေ တစ်ရာကျော်၊ ရှင်ရဟန်း ယောဂီတွေပါနှင့်ဆိုရင် နှစ်ရာကျော်ပါ။

အေး...၊ လူယောဂီတွေမှာ သရဏဂုံ ၃-ပါးနှင့်တကွ ရှစ်ပါးသီလ ကုသိုလ်ရှိထားတယ်၊ တစ်နေ့ ၃-ခါတောင်

http://www.dhammadownload.com



ဆောက်တည်ပြီး အချိန်ပြည့် တရားအားထုတ် တရားနာနေတော့ သီလတွေဟာ အင်မတန် စင်ကြယ်နေပါတယ်၊ အင်မတန် အကျိုးကြီးတဲ့ ကုသိုလ်ကြီးတွေ ရနေပါတယ်။

ယခု လှူနေရတဲ့ အလှူရှင်တွေဟာ တကယ့် သရဏဂုံ သီလရှိသူ ယောဂီတွေနဲ့ အရိယာနွယ်ဝင် သံဃာတော်အရှင်သူမြတ်တွေကို ပေးလှူနေရတာ အင်မတန်အကျိုးကြီးပါတယ်၊ ဝမ်းမြောက်စရာ အင်မတန်ကောင်းပါတယ်။

ဝေလာမ ပုဏ္ဏားကြီးရဲ့ အလှူကြီးမှာ သရဏဂုံတည်သူ ပဉ္စသီလတည်သူမျှ မရပါဘူးတဲ့၊ ဘုန်းကြီးတို့ သတိထားကြည့်ရင် သိပါတယ်။

အခု ပရိသတ်တွေလည်း အလှူတွေ တော်တော်များများ တော်တော်စုံစုံ လှူခဲ့ဖူးကြပါတယ်၊ အဲဒီမှာ လာပြီးတော့ အလှူခံစားသောက်တဲ့ ပုဂ္ဂိုလ်တွေ ပြန်သတိပြုပါ၊ အခုလို သရဏဂုံ သီလရှိသူတွေလားမေးရင် အဖြေရခက်ပါတယ်၊ ဘာဖြစ်လို့လဲ၊ အိမ်မှာလည်း မကိုးကွယ်သင့်တာတွေ ကိုးကွယ်လို့ သရဏဂုံပျက်၊ သီလမဆောက်တည်လို့ သီလလည်း မရှိကြတာ များပါတယ်။

အခု အလှူပွဲ လာစားသောက်တဲ့အခါမှာလည်း ဘာ သရဏဂုံသီလမျှ မခံယူမတည်ဆောက်မီ စားသောက်ပြီးလို့

http://www.dhammadownload.com



ဘာတရားမှတို့ မနာဘဲ ပြန်သွားကုန်ပြီ၊ အဲဒါမျိုးတွေပဲဖြစ်နေကြပါတယ်၊ သေသေချာချာ စဉ်းစားကြည့်ရင် ဝေလာမအလှူပမာ ဖြစ်နေကြပါတယ်။

အခု ဒီ (၁၀)ရက်စခန်းမှာ လှူရတာ အားလုံး အလှူခံပုဂ္ဂိုလ်တွေဟာ သရဏဂုံသီလရှိသူချည်းပါပဲ၊ ဝေယျာဝစ္စလုပ်သူတွေ၊ အလှူရှင်တွေလည်း သရဏဂုံသီလရှိသူတွေချည်းပါပဲ၊ တချို့ဝေယျာဝစ္စလုပ်သူတွေဟာ သရဏဂုံ ၃-ပါးနှင့်တကွ ရှစ်ပါးသီလ ရှိကြပါတယ်။

## အရပ်ထဲမှာ မလွယ်ပါ

အရပ်ထဲမှာ အဲဒီလိုပြည့်ဝတဲ့ သရဏဂုံသီလရှိသူတွေ အကျင့်ရှိသူတွေ လှူဖို့ရာ မလွယ်ကူပါဘူး၊ ဘုန်းကြီး တစ်ခါကကြုံဖူးတယ်၊ ဘုန်းကြီးရဲ့ ဒကာကြီးတစ်ယောက်က...

"ဦးပဥ္စင်း၊ တပည့်တော်ရဲ့ မြေးတွေ တူတွေ ရှင်ပြုမလို့ အဲဒါ ဦးပဥ္စင်း တပည့်တော်အလှူ အကျိုးကြီးအောင် စီမံပေးပါ"လို့ လျှောက်တယ်၊ ဒါနဲ့ ဘုန်းကြီးက စဉ်းစားပြီးတော့ ဒကာကြီးကို ဘုန်းကြီးပြောပေးတဲ့အတိုင်း ဖြစ်နိုင်ပါ့မလား မေးတော့ ဖြစ်နိုင်ပါတယ်ဆိုတာနဲ့ ဘုန်းကြီးက...

"ကဲ...ဒီလိုဆိုရင် ဒကာကြီးရဲ့ အလှူမှာ ဘုန်းကြီး စောစောကြွလာမယ်၊ ဦးစွာ လူတွေကို ရှစ်ပါးသီလပေးမယ်၊

http://www.dhammadownload.com



ပြီးရင် တရားအားထုတ်ခိုင်းမယ်၊ ပြီးမှ ထမင်းကျွေးမယ်၊ ပြီးရင် တရားဟောမယ်၊ ရေစက်ချ အလှူပြီးပေါ့”လို့ ပြောပေးလိုက်တယ်၊ အဲဒီ အစီအစဉ်အတိုင်းပဲ လှူပါတယ်၊ အလှူလာတဲ့လူတွေဟာ မျက်နှာမသာယာကြပါ၊ အောင့်သက်သက်ဖြစ်နေပုံရပါတယ်၊ အလှူပြီးတဲ့ ညနေဘက်မှာ သတင်းကြားရတယ်...

“ကွာ...ငါ ဒီလိုမှန်းသိရင် သင်းအလှူ ဘာသွားမလဲကွ၊ သင်းအလှူ သွားမယ့်အစား ကိုယ့်အိမ်မှာကိုယ် ငါးပိချက်နဲ့ စားရတာမှ ကောင်းသေး၊ ထမင်းကလေးတစ်လုတ်စားရဖို့အရေး ရှစ်ပါးသီလလည်းယူရသေး၊ တရားလည်းအားထုတ်ရသေး”လို့လဲ ပြောသံကြားရပါတယ်။

အေး...အဲဒါကြောင့် မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်ဆိုတာ နေရာတကာမှာ မရနိုင်ပါ။ အလှူတိုင်းမှာ မရနိုင်ပါ၊ အခု (၁၀)ရက်စခန်းအလှူမှာ မြင့်မြတ်တဲ့ သရဏဂုံသီလရှိသူ အလှူခံတွေချည်းပဲမို့ ဝမ်းသာစရာအလွန်ကောင်းပါတယ်။

ဒီယောဂီတွေကလည်း အခုခေတ် အရပ်ထဲမှာ ပြောသလို စားကြောလိုက်ရအောင်လာတာမဟုတ်ပါ၊ တရားအားထုတ်ရအောင် လာကြတာပါ၊ အစားအစာက တရားအားထုတ်နိုင်ရုံမျှသာ စားကြတာပါ။

http://www.dhammadownload.com



အေး...တရားပွဲကျင်းပတဲ့ ပုဂ္ဂိုလ်တွေကလည်း အဓိက အားဖြင့် တရားအလှူပေးတာပါ၊ တရားအလှူကို ချမ်းချမ်း သာသာ အလှူခံနိုင်အောင် ကျွေးမွေးတာပါ။

ဒါကြောင့် ဒီအလှူပွဲကြီးမှာ အလှူရှင်နှင့် အလှူခံပုဂ္ဂိုလ် တွေရဲ့ သဘောထားဟာ နို့ရည်နှင့်ရေ ရောဘိသကဲ့သို့ ခွဲခြားမရ တစ်သဘောထားတည်းမို့ ဝမ်းသာ အားရစရာ ကောင်းပါတယ်။

## မေတ္တာဘာဝနာ

"အေး...၊ အဲဒီအခန်း ဒီလောက်နဲ့ပဲ ရပ်ပြီးတော့ ရှေ့ ဆက်ပြီး ဘုရားရှင်ဟောကြား မြွတ်တရားကို နာကြားကြ ရအောင်ပါ၊ အနန္တ မဟာကရုဏာရှင်ဖြစ်တဲ့ ဘုန်းကြီးတို့ ဘုရားရှင်က...

"သူဌေးကြီး၊ သရဏဂုံ၊ ပဉ္စသီလကုသိုလ်ရဲ့ အကျိုး သည် သွေးထားပြီးသားဖြစ်တဲ့ နွားသကို အသာကလေး တို့ယူပြီး ရှူလိုက်ရတဲ့ နွားသာတစ်ရှူခန့်မျှ 'သတ္တဝါအားလုံးတို့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ'လို့ မေတ္တာပို့သလိုက်ရာ မေတ္တာဘာဝနာပွားလိုက်ရတဲ့ ကုသိုလ်ရဲ့အကျိုးကို နှစ်ရာ ငါးဆယ့်ခြောက်စိတ်စိတ် တစ်စိတ်မျှလောက် မမီပါဘူး"

http://www.dhammadownload.com



လို့ ဟောပေးပါတယ်၊ သိပ်ဝမ်းသာစရာကောင်းပါတယ်၊ ဘုန်းကြီးတို့ အခု (၁၀) ရက်စခန်းမှာ တစ်နေ့တစ်နေ့ ခုနစ်ကြိမ် ထိုင်ပြီး အားထုတ်ကြပါတယ်။

"အဲဒီလိုထိုင်ပြီး အားထုတ်တာက ဝိပဿနာဘာဝနာ တရားပါ၊ အဲဒီ ဝိပဿနာဘာဝနာတရားကို ထိုင်ပြီး အားမထုတ်မီ ရှေးဦးစွာ ယူသင့်ယူထိုက် ပွားများသင့်ပွားများထိုက်တဲ့ သဗ္ဗတ္ထကမ္မဋ္ဌာန်းဖြစ်တဲ့ ဗုဒ္ဓါနုဿတိဘာဝနာနဲ့ မေတ္တာဘာဝနာကို တွဲကာ...

"ဘေးရန်ခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား၊ သတ္တဝါအားလုံးတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ"

လို့ (၃)ကြိမ် (၃)ကြိမ် ပွားပါတယ်၊ တစ်နေ့မှာ ခုနစ်ကြိမ်ထိုင် အားထုတ်တော့ တစ်ကြိမ်မှာ (၃) ကြိမ်ဆိုတော့ (၂၁)ကြိမ် ပွားရပါတယ်၊ အေး...နွားတစ်ရှူးခန့်မျှလောက် ပွားတဲ့ မေတ္တာရဲ့အကျိုးဟာ အတိုင်းအဆမရှိ ကြီးပါတယ် ဆိုရင် ဘုန်းကြီးတို့ ပရိသတ်တွေ ပွားတဲ့ မေတ္တာအကျိုးဟာ ဆိုဖွယ်ရာ မရှိတော့ပါ။

ဒီနေရာမှာ ယောဂီလယ်သမား ဒကာကြီးတစ်ယောက်ရဲ့ ကိုယ်တွေ့ လက်တွေ့ လျှောက်ထားချက်တစ်ခုကို ဘုန်းကြီးတို့ ပရိသတ် ဝမ်းသာရအောင် ပြောပြပါမယ်...

http://www.dhammadownload.com



"ဘုန်းကြီးဘုရား၊ "ဘေးရန်ခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား၊ သတ္တဝါအားလုံးတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ"ဆိုတဲ့ ဘာဝနာပွားမှုဟာ အတော်တန်ခိုးထက်ပါတယ် ဘုရား။

"တပည့်တော်လယ်ထဲမှာ စပါးတွေကို ကြွက်တွေကိုက်တာ ရစရာမရှိပါဘူး။ လယ်စောင့်ကောင်လေးဟာ အဲဒီကြွက်တွေကို ထောင်တယ်၊ တူးတယ်၊ အမျိုးမျိုး နှိမ်နင်းတယ်၊ မရတဲ့အဆုံး တပည့်တော် လာပြောတယ်။

"တပည့်တော် သွားကြည့်တဲ့အခါ ရစရာမရှိအောင် ဆိုးရွားနေတာတွေ့ရပါတယ်၊ ဒါနဲ့ တပည့်တော် အဲဒီဘာဝနာစာတန်းကို စာရွက်မှာရေးပြီး တပည့်တော်လယ်ရဲ့ ဘေးထောင့် ငုတ်ရိုက်ပြီး ကြိုးချည်ပြီး ဆွဲထားပါတယ်။

"တပည့်တော် လယ်ကိုပတ်ပြီး အဲဒီဘာဝနာကို အခါခါပွားပါတယ်၊ ကြွက်တွေအားလုံး ဘယ်ဆီရောက်ကုန်တယ် မသိပါ၊ အကုန်ပျောက်သွားပါတယ်။ စပါးတွေလည်း အပျက်အစီးမရှိတော့ပါ။ ပြန်ကောင်းပါတယ်"လို့ လျှောက်ထားပါတယ်။

"အဲဒီလို သူလျှောက်ထားနေစဉ်မှာပဲ ဘေးက ဒကာတစ်ယောက်ကထပ်ပြီးတော့ လျှောက်ထားချက်က ထောက်ခံချက်တစ်ခုပေါ့။

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား။ တပည့်တော်ကလည်း အခက်ကြုံနေတုန်း သူက အဲဒီလိုလုပ်လို့ ပျောက်သွားတယ်ဆိုတော့ တပည့်တော်လည်း အဲဒီလိုလုပ်ပါတယ်၊ တပည့်တော်တို့ လယ်ထဲမှာလည်း အားလုံး ပျောက်ကုန်ပါတယ်ဘုရား"

လို့ လျှောက်ပြန်တယ်၊ အေး...ဘုန်းကြီးတို့ ပရိသတ်တွေ တရားကိုအားကိုးကြပါ၊ တရားတော်ဟာ အားကိုးခံပါတယ်၊ အခု ကြွက်ကျတာနဲ့ ပတ်သက်ပြီး သတိထားကြည့်ပါ၊ တူးတယ်၊ ထောင်တယ်၊ သတ်တယ်၊ ပိုဆိုးတယ်။

မတူး မထောင် မသတ်ဘဲ ဘာဝနာစာတန်းလေးကို စာရွက်မှာရေးပြီး လယ်လေးထောင့်မှာ ချိတ်ဆွဲတယ်၊ လေးဘက်ပတ်ပြီး ပွားတယ်၊ ပျောက်ကုန်တယ်၊ တရားတော်နဲ့ ပြောရရင်...

"မာနပြိုင်တု၊ အကြမ်းမှုကို၊ အနုဖြင့်သာ အောင်စေရာ၏"

ဆိုတဲ့ သဘောပေါ့။

ဘုန်းကြီးတို့ ယခု ဝိပဿနာမပွားမီ "ဘေးရန်ခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား"လို့ ပွားတာက ဗုဒ္ဓါနုဿတိ ဘာဝနာပွားတာပါ။ ဗုဒ္ဓါနုဿတိဘာဝနာဆိုတာ သမထ ကမ္မဋ္ဌာန်းထဲမှာ အမြတ်ဆုံးပါ။

အဲဒီ ဗုဒ္ဓါနုဿတိဘာဝနာပွားတဲ့သူမှာ မိမိ၏စိတ်ဆန္ဒ အလိုရှိသမျှ ပြည့်စုံပါတယ်လို့ အချုပ်ကိုပဲ မှတ်ထားပါ။

http://www.dhammadownload.com



မေတ္တာဘာဝနာအကျိုးကလည်း သိပြီးသားအတိုင်း အကျိုး အင်မတန် ကြီးပါတယ်။

ယခု (၁၀)ရက်စခန်း တရားပွဲမှာ ကျွေးရမွေးရ ဝေယျာဝစ္စ လုပ်ပေးရတာပါ။ အကျိုးဘယ်လောက်ကြီးမလဲဆိုတာ မှန်းသာ ကြည့်ပါတော့။

ဗုဒ္ဓါနုဿတိပွားတဲ့ ယောဂီဟာ သဒ္ဓါထက်လာမယ်၊ သဒ္ဓါထက်ထက်နဲ့ ဝိပဿနာဆက်ပွားရင် မြန်မြန်ရမယ်၊ မေတ္တာပွားတဲ့ ယောဂီမှာ ဒေါသပယ်နိုင်မယ်၊ ဒေါသကင်းရှင်းစွာနဲ့ ဝိပဿနာ ဆက်ပွားရင်လည်း မြန်မြန်ရမယ်ဆိုတော့ အကျိုးကျေးဇူးတွေ ဆင့်ကဲဆင့်ကဲပေါ့။

အထူးသဖြင့် မေတ္တာဘာဝနာဟာ တောထဲမှာ တရားအားထုတ်တဲ့အခါမှာ ပိုပြီး သိသိသာသာ အကျိုးထူးတာ သိရပါတယ်၊ ဘုန်းကြီးတို့ ဘုရားရှင် မေတ္တာသုတ် ဟောရတာလည်း တောနေပြီး တရားအားထုတ်တဲ့ ရဟန်းတော်တွေ အကြောင်းပြုပြီး ဟောရတာပါ။

ဘုန်းကြီးတို့ သပိတ်အိုင်တောရဆိုတာ တော အင်မတန်နက်ပါတယ်။ ရွာကနေ မိနစ်(၄၀) သွားရပါတယ်။ အဲဒီမှာ (၁၀)ရက်စခန်း တရားပွဲကျင်းပတာ ယခုနှစ်ပါဆိုရင် (၅)ကြိမ် ရှိပါပြီ၊ ယောဂီတွေ သစ်ပင်အောက်မှာ ကျောက်တုံး ခေါင်းအုံး

http://www.dhammadownload.com



အိပ်ပြီး အားထုတ်နေကြတာ။ ဘာအန္တရာယ်မှ မရှိပါဘူး။ အဲဒါ မေတ္တာဘာဝနာရဲ့ သတ္တိပေါ့။

## မေတ္တာနှင့်ဝိပဿနာ

ဘုန်းကြီးတို့ ပရိသတ်တွေ ဘုရားရှင်ရဲ့ တရားတော်တွေဟာ ကောင်းတယ်။ အလွန်ကောင်းတယ်၊ အလွန့်အလွန် ကောင်းတယ်၊ အကုန်လုံး မလိုက်နာနိုင်တာတစ်ခုပဲ ခက်နေတယ် ဆိုတာမျိုးတော့ မဖြစ်ပါစေနဲ့ ဘုရားရှင်က အဆင့်ဆင့် အကျိုးရပုံတွေကို ဆက်လက်ပြီးတော့ အနာထပိဏ်သူဌေးကြီးကို...

"သူဌေးကြီး၊ သွေးပြီးသားနို့သာကို လက်နဲ့ကော်ယူပြီး ရှူတဲ့ နံ့သာ တစ်ရှူခန့်မျှ မေတ္တာဘာဝနာပွားရတဲ့ အကျိုးသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်၊ လက်ဖျစ် တစ်ကွက်တီးမျှ အနိစ္စသညာ ဝိပဿနာ ဘာဝနာ ရှုပွားရတဲ့ အကျိုးကို နှစ်ရာ့ငါးဆယ့်ခြောက်စိတ်,စိတ် တစ်စိတ်မျှလောက် မမီဘူး" လို့ ဟောပါတယ်။ ယခုယောဂီတို့ ရှုပွား အားထုတ်နေတာဟာ အနိစ္စသညာ ဝိပဿနာဘာဝနာပဲပေါ့။ တစ်နေ့ ဘယ်နှစ်ကြိမ် ပွားလဲဆိုရင် ခုနစ်ကြိမ်ပါ၊ ထိုင်ပွားချိန်က ခုနစ်ကြိမ်၊ စင်္ကြံနဲ့ ပွားချိန်က ခုနစ်ကြိမ်၊ တရားနာချိန်က နှစ်ကြိမ်ဆိုတော့

http://www.dhammadownload.com



တစ်နေ့မှာ ကိုးကြိမ်ပေါ့၊ အေး...လက်ဖျစ်တစ်ကွက်မျှ အနိစ္စ သညာ ပွားတဲ့ အကျိုးသည်ပင်လျှင် တွက်မပြနိုင်အောင် ကြီးကျယ်များပြားနေပါရင် ယခု ယောဂီတို့ ရှုပွားတဲ့အကျိုးကို ဘုန်းကြီး ဘယ်လိုလုပ်ပြီး ရေတွက်ပြနိုင်မှာလဲ။

ယောဂီတို့ ပွားများတာက လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ လေးပါး ဣရိယာပုတ်လုံး ရှုပွားနေတာဆိုတော့ အကျိုးကို တွက်မပြနိုင်တာပေါ့၊ အင်မတန် ကြီးကျယ်များမြတ်တဲ့ကုသိုလ် အစုအပုံကြီး ဖြစ်နေတယ်လို့ပဲ တွက်ပြနိုင်ပါမယ်။

အဲဒီလောက်များမြတ်တဲ့ ကုသိုလ်အစုအပုံကြီး ဖြစ်အောင် ရှုပွား အားထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ်တွေ လှူရတာဟာ ဘယ်မျှလောက် အကျိုးကြီးမလဲ ဆိုတာလဲ တွက်မရပါ။

## အလှူအင်္ဂါ ၆–ပါး

ဘာဖြစ်လို့ တွက်မရလဲဆိုရင် ဘုရားရှင်ဟောကြားထား တဲ့ အလှူအင်္ဂါ ၆–ပါးရှိပါတယ်။ အလှူခံအင်္ဂါ ၃–ပါ၊ အလှူရှင် အင်္ဂါ ၃–ပါးအားဖြင့် ၆–ပါးရှိပါတယ်။ အဲဒီ ၆–ပါးမှာ အလှူခံပုဂ္ဂိုလ် အင်္ဂါ ၃–ပါးကို ဆိုကြည့်စမ်းပါ။

၁။ ရာဂကင်းမှန်၊ မကင်းပြန်၊ ကင်းရန်ကျင့်သူ ဖြစ်ရမည်။

၂။ ဒေါသကင်းမှန်၊ မကင်းပြန်၊ ကင်းရန်ကျင့်သူ ဖြစ်ရ မည်။

http://www.dhammadownload.com



၃။ မောဟကင်းမှန်၊ မကင်းပြန်၊ ကင်းရန်ကျင့်သူ ဖြစ်ရမည်...တဲ့။

ကဲ...အခု ရဟန်း ယောဂီ၊ ရှင်ယောဂီ၊ သီလရှင်ယောဂီ အမျိုးသား၊ အမျိုးသမီးယောဂီအားလုံးတို့ဟာ ရာဂဒေါသ၊ မောဟကင်းသူတို့ မှန်ပါသလားဆိုရင် မမှန်ပါ၊ တကယ့်အမြွတ်ဆုံးအင်္ဂါကတော့ ရာဂ၊ ဒေါသ၊ မောဟကင်းသူဖြစ်ရမယ်၊ ယခု ယောဂီအားလုံး မဖြစ်သေးပါ။

ဒါဖြင့် ဘာကြောင့် အကျိုးကြီးလဲဆိုရင် ရာဂကင်းရန်၊ ဒေါသကင်းရန်၊ မောဟကင်းရန် ကျင့်ကြံကြိုးကုတ် အားထုတ်နေသူ အလှူခံပုဂ္ဂိုလ် ဖြစ်ရမယ်ဆိုတဲ့ အချက်မှာ အပြည့်အဝ ဝင်နေပါတယ်။

ဟုတ်တယ်လေ၊ ယောဂီအားလုံးတို့ဟာ မေတ္တာဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို ရာဂ၊ ဒေါသ၊ မောဟ ကုန်ခန်းရန် ရည်မှန်းရန် ကြိုးစားပွားများ အားထုတ်နေကြတာ အမှန်ပါ။

အဲဒီလို ကြိုးစားပွားများ အားထုတ်ပြီးမှ နံနက်ဆွမ်း၊ နေ့ဆွမ်း၊ ညဥ့်အဖျော်ရည်များ သောက်ကြရတာပါ၊ အလွတ်မဲ့ သက်သက် သုံးဆောင် စားသောက်ရတယ်လို့ မရှိပါ။ အဲဒီလို အမြွတ်ဆုံးအလုပ်ကို လုပ်နေသူ၊ အားထုတ်နေသူ ယောဂီတို့ကို လှူရတဲ့အကျိုးကို ဘယ်လိုလုပ်ပြီး ရေတွက်ပြလို့

http://www.dhammadownload.com



ရနိုင်ပါ့မလဲ၊ စင်စစ်တော့ ရေတွက်မရတဲ့ ရေတွက်မပြနိုင်တဲ့ အင်မတန် ကြီးကျယ်တဲ့ ကောင်းမှု အစုအနဲ့ကြီးပဲလို့သာ ပြောပြနိုင်ပါတော့တယ်။

မိမိတို့ အိမ်ဂေဟာမှာ လှူတဲ့အခါ အဲဒီလိုကျင့်သူတွေ ရွေးဖိတ်ပြီး လှူတာ မဟုတ်ပါ။ မကင်းရာ မကင်းကြောင်း မကောင်းတတ်လို့ စသည်ဖြင့် ရွေးဖိတ်တယ်၊ ရောက်လာ တော့လဲ သီလမျှ တောင်မယူဘဲ၊ တရားနာမှုမပြုဘဲ စားပြီး ပြန်သွားကြပါတယ်။ အဲဒီလို အလှူခံပုဂ္ဂိုလ်တွေ ကျွေးမွေးရ တာဟာ မမြတ်ဘူးဆိုတာ သေချာပါတယ်။

အေး...အခု ပြောဟောခဲ့တာ အလှူအင်္ဂါ ၆–ပါးမှာ အလှူခံပုဂ္ဂိုလ်ဘက်က ၃–ပါးသာ ပြောရသေးတယ်၊ အလှူရှင် ဘက်က ၃–ပါးကို ပြောရအောင် လိုက်ဆိုစမ်းပါဦး။

၁။ မလှူမီခင်၊ ရွှေဖို့တွင်၊ ကြိုတင် ဝမ်းမြောက်ရပေမည်။

၂။ လှူဒါန်းဆဲမှာ၊ နှစ်သက်ကာ၊ ဝမ်းသာ ဝမ်းမြောက် ရပေမည်၊

၃။ လှူဒါန်းပြီးမှာ၊ နှစ်သက်ကာ၊ ဝမ်းသာ ဝမ်းမြောက် ရပေမည်တဲ့။

ကဲ...အဲဒီ အင်္ဂါသုံးပါးနဲ့ ယခု (၁၀)ရက် စခန်း တရားပွဲ ကြီးမှာ လှူဒါန်းကြတဲ့အလှူ့ဒကာ အလှူ့ဒကာမများမှာ ပြည့်စုံ ကြတယ် မဟုတ်လား။

http://www.dhammadownload.com



အချို့ အလှူဒကာ ဒကာမများဟာ ဒီနှစ် (၁၀)ရက် စခန်းအတွက် ပြီးခဲ့တဲ့ (၄)ကြိမ်မြောက် စခန်းအပြီးကတည်း က ဝမ်းမြောက် ဝမ်းသာ ပြင်ဆင်ကြိုးစားခဲ့ကြပါတယ်၊ မလှူမီ ရှေ့အဖို့ ကြိုတင်မှုအား သိပ်ကောင်းပါတယ်။

လွန်ခဲ့တဲ့နှစ်က စခန်းအတွေ့အကြုံအရ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေတဲ့ ရှေးဦးစေတနာနဲ့ ယခု (၅)ကြိမ်မြောက် စခန်းမှာ ရှင်ရဟန်း ယောဂီဦးရေကော၊ သီလရှင်နှင့် အမျိုး သား၊ အမျိုးသမီး ယောဂီဦးရေကော တိုးတက်ပြီး လှူသူတွေ လည်း တိုးလာတယ်၊ တရားနာတဲ့ လူတွေလည်း တိုးလာ တယ်၊ လှူဆဲ စေတနာလည်း ဘယ်လောက် နှစ်သက် ဝမ်းမြောက်မလဲဆိုတာ မှန်းနိုင်ပါတယ်။

အဲဒီလို လှူဒါန်းဆဲမှာ မြင်ကွင်းကြားကွင်းက သိပ်ကောင်း ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး လှူနေရရင် လှူဒါန်းပြီးတဲ့ နောက်ပိုင်း စေတနာကတော့ ဆိုဖွယ်ရာ မရှိပါ။ သေသည့် တိုင်အောင် မေ့ပျောက်နိုင်စရာ အကြောင်းမရှိပါ။

အဲဒီလိုဆိုတော့ ဒီ(၁၀)ရက်စခန်း အလှူရှင်တွေမှာ စေတနာဆိုတဲ့ မိုးသုံးပါး ညီညွတ်သဖြင့် လှူနတ်နိဗ္ဗာန် သုံးတန် ချမ်းသာဆိုတဲ့ အသီးအနှံများ ဖွံ့ထွားအောင်မြင်စွာ ဝမ်းမြောက်

http://www.dhammadownload.com



ဝမ်းသာစွာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာစားသုံးရမှာ လွဲပါဦး မလားဆိုရင် စဉ်းစားသာကြည့်ပါ။ ဘယ်လိုမှ မလွဲနိုင်ပါ။

အေး...အလှူအကျိုး ကြီးတယ်ဆိုတာ ဘယ်လိုမှ အကျိုး ကြီးလဲဆိုရင် အခု ပြောခဲ့တဲ့ အကြောင်း အင်္ဂါရပ်ဖြစ်တဲ့ အလှူရှင်၊ အလှူခံပုဂ္ဂိုလ်တွေမှာ ပြည့်စုံရမယ့် အချက်အလက် တွေ ပြည့်စုံရင် အလှူအကျိုး ကြီးပါတယ်။

## အချုပ်ပြမယ်

ဘုန်းကြီးတို့ ပရိသတ်တွေ မှတ်မှတ်သားသား သိထင် ရှားအောင် နာကြားကြပါ။ အခု ပြောခဲ့တဲ့ အကျိုးအဆင့် ဆင့်ကြီးတဲ့ ကုသိုလ်တွေကို ပြန်ပြီးတော့ စာရင်းချုပ်ကာ အချုပ်ပြပါမယ်။

ဝေလာမ ပုဏ္ဏားကြီး အလှူဟာ ကြီးကျယ်ပါတယ်၊ ဒါနကုသိုလ်ပါ၊ အဲဒီ ဒါနကုသိုလ်ထက် အဆင့်ဆင့်အကျိုး ကြီးတဲ့ ဒါနကုသိုလ် သောတာပန် ပုဂ္ဂိုလ်တစ်ယောက်ကို လှူတဲ့အလှူမှ စတုဒ္ဒိသာသံဃိကကျောင်း အလှူအဆုံး(၁၃)မျိုး ရှိပါတယ်။

ပြီးတော့ (၁၄)က သရဏဂုံကုသိုလ်၊ (၁၅)က ပဉ္စသီလ ကုသိုလ်ဆိုတော့ သီလကုသိုလ်ပေါ့၊ ဒါဖြင့် ဒါနကုသိုလ်ထက် သီလကုသိုလ် မြတ်တယ်ပေါ့။

http://www.dhammadownload.com



အဲဒီ သီလကုသိုလ်အထက်က မေတ္တာ ဘာဝနာ ကုသိုလ်ဆိုတော့ သီလကုသိုလ်ထက် သမထကုသိုလ်က မြတ်တယ်ပေါ့။

အဲဒီ မေတ္တာ ဘာဝနာ ကုသိုလ်အထက်က ဝိပဿနာ ဘာဝနာကုသိုလ်ဆိုတော့ သမထကုသိုလ်ထက် ဝိပဿနာ ဘာဝနာကုသိုလ်က မြတ်တယ်ပေါ့။

ဒါဖြင့် (၅)ကြိမ်မြောက် ဓမ္မဒူတတောရ (၁၀)ရက်စခန်း မှာ ရှင်၊ ရဟန်း၊ သီလရှင်၊ လူယောဂီများ အဓိကအားဖြင့် ကြိုးစားအားထုတ်နေတဲ့ ကုသိုလ်ဟာ ဘာကုသိုလ်လဲမေးရင် အမြတ်ဆုံးဝိပဿနာကုသိုလ်ပါ။

အဲဒီအမြတ်ဆုံး ဝိပဿနာကုသိုလ်ကို ကြိုးစားအားထုတ် ရင်းနဲ့ သမထသီလ၊ ဒါနကုသိုလ်တွေလည်း ကြိုးစားပြီးပွားများ ဆောက်တည်၊ လှူဒါန်းမှု ပြုကြပါတယ်။ ဒါကြောင့် ဒီယောဂီ တွေမှာ ဝိပဿနာ၊ သမထ၊ သီလ၊ ဒါနရယ်လို့ ကုသိုလ် ၄–မျိုး စုံစွာ စစ်မှန်စွာ ရပါတယ်။

ကုသိုလ်စုံမှ အကျိုးပေးစုံပါတယ်၊ ကုသိုလ်စုံမှလည်းပဲ နိဗ္ဗာန်အမြန်ရောက်ပါတယ်။ ဒါကြောင့် အမြတ်စားကုသိုလ်ကို အဦးအမှူးထားပြီး ကုသိုလ်စုံအောင် ကြိုးစားပါလို့ တိုက်တွန်း ပါတယ်။

http://www.dhammadownload.com



မိမိတို့ နောက်နောက်က ကိုယ့်အိမ်ဂေဟာမှာ လှူခဲ့တဲ့ အလှူတွေ မကြီးကျယ်ဘူးလား၊ ကြီးကျယ်ပါတယ်။ ဒါန၊ သီလ ကုသိုလ်လောက်ပဲ ပြီးသွားတယ်။ သမထ၊ ဝိပဿနာ ပါခဲပါတယ်။ ပါလည်း အခိုက်အတန့် အတုအယောင်မျှသာ ပါ,ပါတယ်။ အစစ်အမှန် ပါခဲပါတယ်။

အတုအယောင်ဆိုတာက အခုလိုစနစ်တကျ ကိုယ်တိုင် သိပြီး ဉာဏ်နှင့် ရှုပွားတာမျိုး မဟုတ်ဘဲ ချပေးလို့သာ လိုက်ဆိုရတဲ့ ဝိပဿနာ ပွားများနည်းကို ဆိုတာပါ။

သမထနှင့် ဝိပဿနာကလည်း အယောင်ဆောင် ဖြစ်ခဲ့ တယ်၊ ဟိုတုန်းက ပြောတာပါ၊ ဒါနကလည်း မပြောင်တဲ့၊ အဲဒီဟာ လယ်တီဆရာတော်ဘုရားကြီးရဲ့ စကားပါ၊ သီလ ကလည်း ခပ်ကြောင်ကြောင်တဲ့၊ ဘာဝနာကလည်း အယောင် ဆောင်တဲ့၊ သိပ်မှန်တဲ့ ဆရာတော်ဘုရားကြီး စကားပါ။

မိမိတို့ ပြုခဲ့တဲ့ ဒါနတွေမှာ ဂုဏ်ပကာသနတွေ လွှမ်းပြီး အတီးအမှုတ်၊ အက၊ အခုန်တွေနဲ့ သတ်မှုဖြတ်မှု အရက်မှု တွေနဲ့ စုံလို့ပဲ၊ ဒါနကလည်း မပြောင်ဆိုတာ အဲဒါကြောင့် ဆိုတာပါ။

ကဲ... အဲဒါတွေထားပါ၊ ဘုန်းကြီးတို့ ပရိသတ်တွေ လုပ်နေတဲ့ ကုသိုလ်ဘယ်နှစ်မျိုးလဲ အချုပ်ပြောပါဆိုရင် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာရယ်လို့ ၄–မျိုးရှိပါတယ်။

http://www.dhammadownload.com



အဲဒီ ၄–မျိုးမှာ ဒါနကို လူတိုင်းပြုဖူးကြပါတယ်။ ဒါန ထက် သီလဆောက်တည်သူ နည်းသွားပြီး သီလထက် သမထပွားသူ ပိုနည်းသွားပြီး သမထထက် ဝိပဿနာပွားသူ တွေဟာ အလွန်နည်းသွားပြီ။

ဥပမာ ဘာနဲ့တူလဲဆိုရင် သူငယ်တန်း၊ အလယ်တန်း၊ အထက်တန်း၊ ဒီဂရီတန်းရယ်လို့ လောကီကျောင်းတွေမှာ လေးမျိုးခွဲထားသလို ခွဲကြည့်ရင်...

၁။ ဒါနဆိုတာ သူငယ်တန်းနှင့် တူတယ်၊

၂။ သီလဆိုတာ အလယ်တန်းနှင့် တူတယ်၊

၃။ သမထဆိုတာ အထက်တန်းနှင့် တူတယ်၊

၄။ ဝိပဿနာဆိုတာ ဒီဂရီတန်းနှင့် တူတယ်။

လို့ အဲဒီလို ခွဲကြည့်နိုင်ပါတယ်။ သူငယ်တန်းမှာ နေဖူးတဲ့ ကျောင်းသားဟာ ရာနှုန်းပြည့်လောက်ရှိပါတယ်၊ များပါတယ်။ အလယ်တန်းမှာ ကျောင်းသားဦးရေ နည်းသွားပြီ၊ အထက် တန်းရောက်တော့ ပိုနည်းသွားပြီး ဒီဂရီတန်းမှာတော့ အလွန် ပို၍နည်းသွားပြီ။

အဲဒီလိုသေသေချာချာ တွေးကြည့်ပါ၊ အရည်အချင်း မြင့်တက်လာလေ အရည်အတွက် နည်းလာလေပဲဆိုတာ သိနိုင်ပါတယ်။ ဒါနပြုနိုင်သူရဲ့ အရည်အချင်းထက် သီလ

http://www.dhammadownload.com



ဆောက်တည်နိုင်သူက သာပါတယ်၊ သီလဆောက်တည် နိုင်သူရဲ့ အရည်အချင်းထက် သမထ ဘာဝနာပွားနိုင်သူရဲ့ အရည်အချင်းက သာပါတယ်။ သမထ ဘာဝနာပွားနိုင်သူ အရည်အချင်းထက် ဝိပဿနာ ဘာဝနာပွားနိုင်သူရဲ့ အရည် အချင်းက သာပါတယ်။

မူလတန်းသမားဟာ အလယ်တန်း၊ အထက်တန်း၊ ဒီဂရီ တန်းတွေ တက်ဖို့ရာ အလွန်တရာ ခက်ခဲသော်လည်း ဟိုဒီဂရီ သမားက အထက်တန်း၊ အလယ်တန်း၊ မူလတန်းတွေကို မမှုပါ၊ အလွယ်တကူပဲ မခက်ခဲပါ။

အဲဒီဥပမာအတူပဲ ဒါနလောက်သာစွမ်းနိုင်သူဟာ သီလ၊ သမထ၊ ဝိပဿနာတွေ တက်ဖို့ရာ ခက်ခဲသော်လည်း ဝိပဿနာ လုပ်ဖူးသူက ဒါန၊ သီလ၊ သမထတို့အတွက် မမှုတော့ပါ။ အလွယ်တကူ ပေါ့ပေါ့ပါးပါးပါပဲ၊ မခက်ခဲပါ။

## ကုသိုလ် ၄–မျိုး

အခုကြည့်လေ ဒီမှာ (၁၀)ရက်စခန်း တရားဝင်တယ် ဆိုတာ ဝိပဿနာ အဓိကပါ၊ အဲဒီဝိပဿနာတရားပွားများတဲ့ ယောဂီတွေဟာ ဒါနလည်းပြုကြတယ်၊ သီလလည်း ဆောက် တည်ကြတယ်၊ သမထလည်းပွားကြတယ်၊ နေ့စဉ် ကုသိုလ် ၄–မျိုး ဖြစ်နေကြတယ်။

http://www.dhammadownload.com



အဲဒီလို ဖြူစင်နေတဲ့ ကုသိုလ်ရှင်တွေကို မိမိတို့က လှူရ၊ ဝေယျာဝစ္စ လုပ်ပေးရတာ ဘယ်လောက် အကျိုး ကြီးလဲဆိုတာ တွက်သာကြည့်တော့၊ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်။

သေသေချာချာ တွက်ကြည့်ရင် မိမိတို့ လှူရိုးလှူစဉ် အလှူ (၁၀၀) က ဒီကနေ့ ယောဂီတွေကို လှူတဲ့အလှူ တစ်လှူ ကို မီဖို့မလွယ်ပါ၊ အလှူမပြောနဲ့၊ ယောဂီပုဂ္ဂိုလ်တစ်ယောက် စာကို ကျွေးမွေးလှူဒါန်းရတဲ့ အလှူတောင် မမီပါဘူး။ အဲဒီ လောက် ကွာပါတယ်။

ဘာဖြစ်လို့ကွာလဲမေးရင် သာသနာတွင် တရားအစစ် အမှန်ဖြစ်တဲ့ ကုသိုလ် ၄-မျိုးမှာလည်း အထွတ်အထိပ်ဖြစ်တဲ့ ဝိပဿနာ ဘာဝနာ ကုသိုလ်ကြီးကို သာသနာ လွတ်မြောက် ရေးအတွက် စိတ်စေတနာ ဖြူစင်စွာနဲ့ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကို လှူရလို့ ကွာပါတယ်။

အဲဒါကြောင့် အလှူ ၁၀၀-ထက် ဒီတစ်လှူက သာတယ် ဆိုပြီးဝမ်းသာရမယ်။ ဝေယျာဝစ္စလုပ်ပေးရတာလည်း သာပါတယ်။

## သူဌေးကြီး ဆက်လှူ

အေး...ဘုရားရှင်ဟာ အနာထပိဏ်သူဌေးကြီးကို အဆင့် ဆင့် ကုသိုလ်တွေ အကျိုး ကြီးမြင့်ပုံကို အခုလို ဟောပေး လိုက်တော့ သူဌေးကြီးဟာ စိတ်ချမ်းသာ

http://www.dhammadownload.com



ကိုယ်ချမ်းသာ ဖြစ်ပြီး ဝမ်းမြောက်ဝမ်းသာ ဆက်လက်ပြီး လှူမြဲလှူပါတယ်။

သူဌေးကြီးဟာ စီးပွားမရှာဘဲ ဆက်လက်ပြီး လှူမြဲလှူနေတော့ ရှေးကထက်ပိုပြီး ဆင်းရဲသွားပါတယ်။

## မိစ္ဆာနတ်သြဝါဒပေးခြင်း

လူများဟာ အများအားဖြင့် ကိုယ်ရေးကိုယ်တာ အတွက်သာ အဝိကထားသလို ဦးစားပေးသလို ဒီမိစ္ဆာနတ်ကလည်း သူ့ရဲ့ ကိုယ်ရေးကိုယ်တာ ဘုံဗိမာန်မှာ ချမ်းသာစွာ နေရရေးကို ရှေးရှုပြီး သူဌေးကြီးကို သြဝါဒပေးချင်နေတယ်။

ဒါပေမယ့်...မိစ္ဆာဒိဋ္ဌိနတ်ဟာ သူဌေးကြီးချမ်းသာနေစဉ် သူဌေးကြီးနှင့် စကားမပြောရဲပါ။ ဒါကြောင့် ကိုယ်စားလှယ် အမှုလုပ်ကြီးနှင့် သားကြီး သြရသတို့ထံ ချဉ်းကပ်ပြီး သူဌေးကြီးအတွက် သြဝါဒပေးပါတယ်။

ကိုယ်စားလှယ် အမှုလုပ်ကြီးနှင့် သားကြီး သြရသတို့က မောင်းထုတ်လို့ ပြန်လာခဲ့ရတယ်၊ သူတို့ကလည်း သူဌေးကြီးကို ဒီအကြောင်း မပြောကြပါ။

သူတို့က မပြောတော့ ဘုရားရှင်နှင့် သံဃာတော်များ သူဌေးကြီးအိမ်မှာ ဝင်မြဲဝင်နေကြတော့ သူ့မှာ မချမ်းမသာ ဖြစ်နေပါတယ်။

http://www.dhammadownload.com



နတ်သားအထင်က ရှေးတုန်းကတော့ အနာထပိဏ်သူဌေးကြီးဟာ ချမ်းသာနေလို့ ငါ့စကားနားထောင်မှာ မဟုတ်ဘူး။ အခုအခါမှာတော့ သူဌေးကြီးမှာ ဆင်းရဲမွဲတေသွားပြီဖြစ်၍ ငါ့စကား နားထောင်ကောင်း နားထောင်လိမ့်မယ်လို့ ထင်တယ်။

အဲဒီလို သူ့အထင်နှင့်သူ အချိုးကျနေတဲ့ မိစ္ဆာနတ်ဟာ သူဌေးကြီးကို ငါသွားပြောမယ်လို့ ဆုံးဖြတ်ချက်ချပြီး တစ်နေ့ ညဉ့်သန်းခေါင်ယံအချိန်မှာ သူဌေးကြီးအိပ်တဲ့ အိပ်ရာတိုက်ခန်းထဲဝင်ကာ အပေါ်က ကိုယ်ထင်ပြ ရပ်နေပါတယ်။

သူဌေးကြီးက အိပ်ရာမှနိုးလို့ မြင်တော့ 'အသင် ဘယ်သူလဲ'လို့ မေးပါတယ်။ အဲဒီလို မေးတဲ့အခါ မိစ္ဆာနတ်က 'ငါသည် တခြားက မဟုတ်ပါ၊ ဒီအိမ်မှာ စောင့်နေတဲ့ စတုတ္ထတံခါးမုခ်စောင့်နတ်ပဲ'လို့ ပြောပါတယ်။

အဲဒီလိုပြောတဲ့အခါ သူဌေးကြီးက စတုတ္ထတံခါးစောင့်နေတဲ့နတ်က 'အချိန်မတော် သန်းခေါင်ကျော်ကြီး ငါ့ထံဘာကိစ္စ လာတာလဲ'လို့ မေးတော့ 'အသင်သူဌေးကြီးကို ဩဝါဒပေးချင်လို့'ပါတဲ့။

အဲဒီလို ပြောတဲ့အခါ ဩဝါဒကို အစဉ်လိုလားတဲ့ သူဌေးကြီးက 'အသင်နတ်၊ ဩဝါဒပေးချင်လို့ လာတယ်ဆိုရင်

http://www.dhammadownload.com



ဩဝါဒပေးပါ၊ အကျွန်ုပ်တို့ကား ဩဝါဒကို လိုလားလှပါ တယ်'လို့ ပြောတော့ နတ်သားက–

"သူဌေးကြီး၊ သင်သည် နောင်ရေး နောင်ခါ နောင် ကာလကိုလည်း မကြည့်ဘူး၊ သားတွေ သမီးတွေရဲ့ အရေး လည်း မကြည့်ဘူး။

"သင်ဟာ ရဟန်းဂေါတမရဲ့ သာသနာ၌ အတိုင်းမသိ များပြားတဲ့ ဥစ္စာတွေ စွန့်လွှတ် လှူဒါန်းနေတယ်၊ ကုန်ကူးသန်း ရောင်းဝယ်မှု ဘာတစ်ခုမှ မလုပ်ဘဲ လှူနေတဲ့ သင့်မှာ ရဟန်းဂေါတမကို မှီပြီး သင်မွဲနေပြီ။

"သူဌေးကြီး၊ သင်ဟာ အဲဒီလို မွဲနေသော်လည်း လှူမြဲ လှူနေတုန်းပဲ ရှိသေးတယ်၊ သင့်ပစ္စည်းတွေ ရဟန်းဂေါတမ နှင့် လူ့သာဝကတွေ ယူသွားတာ ကုန်တာပဲရှိတယ်၊ သင့်မှာ ဘာတစ်ခုမှလည်း မရပါလား။

"သူဌေးကြီး၊ ဒါကြောင့် သင်ဟာ ဒီနေ့မှစ၍ ရဟန်း ဂေါတမနှင့် သူ့သာဝကတွေထံ မသွားနှင့်၊ သူတို့လည်း သင့်အိမ်သို့ မလာစေနှင့်၊ မဝင်စေနှင့်။

"သူဌေးကြီး၊ သင်သည် ရဟန်းဂေါတမနှင့် သူ့သာဝက တွေကို ပြန်မကြည့်တော့ဘဲ ရောင်းဝယ်မှုကို ပြန်ပြုပါ။ ဥစ္စာ စီးပွား ပြန်စုပါ"

http://www.dhammadownload.com



လို့ နတ်မိစ္ဆာက ဩဝါဒပေးပါတယ်။ အဲဒီလို ပေးတဲ့အခါ သူဌေးကြီးက 'နတ်သား၊ ဒါ သင့်ရဲ့ဩဝါဒလား'လို့ မေးပါတယ်။ နတ်မိစ္ဆာက 'ဟုတ်ပါတယ်၊ အကျွန်ုပ်ရဲ့ ဩဝါဒပါပဲ' လို့ ဖြေတဲ့အခါ သူဌေးကြီးက...

"ဟယ်...နတ်မိစ္ဆာ၊ သင်လိုနတ် ဆရာအထောင်အသောင်း၊ အသိန်းတို့ မတုန်လှုပ်စေနိုင်အောင် ငါ့ကို ရှင်တော်မြတ်ဘုရားက ပြုထားတာကို သင် မသိသလော။

"မှန်ပါတယ် နတ်မိစ္ဆာ၊ ငါရဲ့ မြတ်စွာဘုရားသာသနာတော်၌ ယုံကြည်မှုသဒ္ဓါတရားဟာ မြင်းမိုရ်တောင်ကဲ့သို့ မတုန်မလှုပ်နိုင်ပါ။ မြဲမြံစွာ တည်နေပါတယ်။

"ဟယ်...မိစ္ဆာနတ်၊ ငါ လှူဒါန်းပေးကမ်း နေတာဟာ အကျိုးတရားကို မပွားတဲ့ အညတိတ္ထိယသာသနာမှာ လှူဒါန်းပေးကမ်းနေတာ မဟုတ်ပါ။

"ဟယ်...မိစ္ဆာနတ်၊ ငါ လှူဒါန်းပေးကမ်းနေတာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာဖြစ်သော ရတနာသာသနာတော်သို့ လှူဒါန်းပေးကမ်းနေတာပါ။

"ဟယ်...မိစ္ဆာနတ်၊ သင်သည် ငါ့ကို မသင့်တင့်တဲ့စကားလာပြောတယ်၊ သင်ဟာ ဗုဒ္ဓသာသနာတော်ကို စော်ကားပုတ်ခတ်တယ်။

http://www.dhammadownload.com



"ဟယ်...မိစ္ဆာနတ်၊ သင်လို မကောင်းကျင့်ရှိတဲ့ သီလ မရှိတဲ့ ယုတ်မာတဲ့နတ်ဟာ ငါ့အိမ်မှာ ငါနှင့်အတူ မနေသင့်၊ ယခုချက်ချင်း ငါ့အိမ်မှ အမြန်ထွက်သွားပါ၊ ငါ့အိမ်မှ တခြား သွားချင်ရာ သွားလော့"

လို့ ပြောဆိုကာ သူဌေးကြီးဟာ နတ်မိစ္ဆာကို နှင်ထုတ် လိုက်ပါတယ်။ နတ်မိစ္ဆာဟာ သောတာပန် အရိယာဖြစ်တဲ့ အနာထပိဏ်သူဌေးကြီးရဲ့ စကားကို ကြားတဲ့အခါ မနေနိုင် တော့ဘဲ ချက်ချင်းပဲ သူဌေးကြီးရဲ့ အိမ်မှ သားသမီးများ လက်ဆွဲကာ ထွက်သွားရရှာပါတယ်။

## သိကြားမင်းအကြံ

ဘုန်းကြီးတို့ပရိသတ်၊ အနာထပိဏ်သူဌေးကြီးက ဘယ်သူ့ကို အိမ်ပေါ်မှ နှင်ချလိုက်သလဲ၊ နတ်မိစ္ဆာကို နှင်ချ လိုက်တယ်။ ဘုန်းကြီးတို့ ပရိသတ်တွေကတော့ နတ်မိစ္ဆာ တွေ အိမ်ပေါ်တင် ကိုးကွယ်ထားတယ်နော်။

အခု အနာထပိဏ်သူဌေးကြီးက နတ်မိစ္ဆာကို 'ဟဲ့...မိစ္ဆာ နတ်၊ နင်နဲ့ငါနဲ့ တစ်အိမ်တည်းမှာ အတူနေခြင်းငှာမသင့်ဘူး။ သင် ဗုဒ္ဓသာသနာတော် စော်ကားတယ်။ အဲဒါကြောင့် အခု ချက်ချင်း ငါ့အိမ်ပေါ်ကဆင်းသွား' လို့ နှင်ချလိုက်တယ်။

http://www.dhammadownload.com



'ဆင်းသွား'ဆိုတဲ့ စကားလည်းသုံးရော မိစ္ဆာနတ်ဟာ ဘာ ဆင်ခြေဆင်လက်မှ မတက်သာနိုင်ဘဲ သားသမီးတွေ လက်ဆွဲပြီးတော့ အိမ်ပေါ်က ဆင်းသွားရပါတယ်။

သူဌေးကြီးကို သွားပြောတုန်းက ဘုရားရှင်နှင့် သံဃာ တော်တွေ မကြွတော့ရင် သူ့ဘုံဗိမာန်ပေါ်မှာ အချိန်ပြည့် စိမ်နှင့်နေရမလားဆိုပြီး သွားပြောပါတယ်။ အခုတော့ နှင်ချ လိုက်လို့ ဘယ်သွားရမှန်း မသိဘူး၊ နတ် ဘုံပျောက်သွားပြီး ဘုံပျောက်တယ်ဆိုတာ အဲဒီ နတ်မိစ္ဆာရဲ့ပြဿနာကနေ ပေါ် လာတဲ့စကားပါ။

ဘုန်းကြီးတို့ပရိသတ်၊ နတ်မိစ္ဆာဟာ အနာထပိဏ်သူဌေး ကြီး နှင်ထုတ်လို့ ဘုံပျောက်သွားပြီနော်၊ သားသမီးတွေ လက်ဆွဲပြီး ဘုံပေါ်က ဆင်းခဲ့ရပေမယ့် ဘယ်သွားရမှန်းလဲ မသိဘူး သွားစရာလဲ မရှိဘူး၊ နေစရာလည်း မရှိဘူး။

နတ်မိစ္ဆာမှာ သားသမီးတွေ တစ်ပြုံတွေကြီးနှင့် ဘုံပေါ်က ဆင်းလာရသော်လည်း နေစရာ ဗိမာန်မရှိ၊ ဘုံမရှိ ဖြစ်နေ လို့ ဒုက္ခအကြီးအကျယ် ရောက်နေပါတယ်။

အခုမှ သူမပြောသင့်တာ ပြောမိတယ်၊ ငါမှားသွားပြီလို့ နောင်တ ရနေပါတယ်။ ဘုန်းကြီးတို့ပရိသတ်၊ နောင်တဆိုတာ လွန်မှ တ,တယ်ဆိုတာကို သတိပြုပါ။

http://www.dhammadownload.com



အဲဒီလို မှားမှန်းသိတော့မှ သူဌေးကြီးကို ကန်တော့ တောင်းပန်ပြီး ပြန်နေရန် ကြိုးစားမှုပဲလို့ စိတ်ကူးနဲ့ မြို့စောင့် နတ်ထံ သွားပြီး ရှိခိုးကာ ရပ်နေပါတယ်။

မြို့စောင့်နတ်က မေးတော့ သူပြောခဲ့တာတွေ ပြောပြ တယ်။ သူဌေးကြီးက နှင်ချလိုက်လို့ ဆင်းလာခဲ့ရပါတယ်။ မှားပါတယ်။ ပြန်နေခွင့်ရရန် သူဌေးကြီးကို လိုက်တောင်းပန် ပေးပါလို့ မြို့စောင့်နတ်ကို ပြောတဲ့အခါ မြို့စောင့်နတ်က "သင်က သာသနာတော် ပုတ်ခတ်စော်ကားခဲ့တာ ငါမလိုက်ဝံ့ ဘူးလို့' ပြောပြီး ငြင်းလိုက်တယ်။

အဲဒါနဲ့ နတ်မိစ္ဆာဟာ စတုမဟာရာဇ် နတ်မင်းကြီး (၄)ယောက်ထံ သွားပြန်ရော သွားပြန်ရော။ နတ်မင်းကြီး တွေက မေးတဲ့အခါ သူကလည်း အကုန်ရှင်းပြတယ်။

ပြီးတော့ သူက 'ကျွန်ုပ်မှာ သူဌေးကြီးက နှင်ချလိုက်လို့ ဘုံပျောက်သွားတဲ့အတွက် အနာထပိဏ်သူဌေးကြီး ဒီဘုံလေး ပြန်နေခွင့်ပေးဖို့ အရှင်နတ်မင်းကြီးများ လိုက်ပြီး တောင်းပန် ပေးပါလို့ ပြောတဲ့အခါ နတ်မင်းကြီး (၄)ယောက်ကလည်း 'ဟ... သင့်အလုပ်ကမဟုတ်ဘူး၊ သင်က သာသနာတော်ကို ပုတ်ခတ်စော်ကားခဲ့တာ၊ တို့လည်း လိုက်မတောင်းပန်ရဲဘူး' လို့ ပြောတယ်။

http://www.dhammadownload.com



ဒါနဲ့ ကြံရာမရ ဖြစ်နေတဲ့ နတ်မိစ္ဆာဟာ သိကြားမင်းထံ သွားပြီး ရှိခိုးကာ အကူအညီ တောင်းပန်တယ်၊ သိကြားမင်းကလည်း "ဟ...နတ်သား၊ သင့်အလုပ်က မဟုတ်ဘူး၊ သင်ဟာ သာသနာတော်စော်ကားလာခဲ့တာ၊ ငါလည်းလိုက်ပြီး သူဌေးကြီးကို မတောင်းပန်ရဲဘူး"

ကဲ...ဘုန်းကြီးတို့ ပရိသတ်၊ သိကြားမင်းကတောင် သူဌေးကြီးကို မတောင်းပန်ရဲဘူး၊ 'လူမင်းဘုန်းကြီး နတ်မင်းမနေသာ' ဆိုတာ ကြားဖူးကြပါတယ်။

အေး...ဘုန်းကြီးတို့ ပရိသတ်မှာတော့ ဘယ်သူ့ကို တောင်းပန်နေရသလဲ၊ ကိုယ်ကချည်းပဲ တောင်းပန်နေရတယ်။ ကိုယ်ပြန်ပြီး တောင်းပန်ရမယ့် အလှည့်ပဲ မကျတော့ဘူး။ အဲဒါ ဟန်မကျသေးပါဘူး၊ ကိုယ့်အလှည့်လေး ဘာလေး ကျအောင် ကြိုးစားကြပါဦး။

နတ်က ကန်တော့တောင်းပန်ခံရအောင်လဲ လုပ်ပါဦး၊ အခု ဒီမှာကြည့်၊ အို...နတ်မိစ္ဆာ 'ငါလိုက်ပြီး သူဌေးကြီးကို မတောင်းပန်ရဲဘူး'လို့ ပြောပြီးတော့ ဘာဆက်ပြောလိုက်လဲ 'ငါ အကြံတစ်ခုပေးလိုက်မယ်။ အဲဒီအကြံအတိုင်းဆက်လုပ်' လို့ပြောတဲ့အခါ နတ်မိစ္ဆာကလည်း 'ပြောပါအရှင်သိကြားမင်း' လို့ ပြောတဲ့အခါ...

http://www.dhammadownload.com



"အနာထပိဏ် သူဌေးကြီး အရောင်းအဝယ် လုပ်စဉ်က သူ့ထံမှ စာရင်းနှင့်တကွ ချေးထားတဲ့ ပြန်မပေးဘဲ အမေ့ခံထားတဲ့ ငွေတွေဟာ (၁၈) ကုဋေတောင်ရှိတယ်။

"အဲဒီငွေတွေကို အနာထပိဏ်သူဌေးကြီးရဲ့ ကိုယ်စားလှယ်ယောင်ဆောင်ပြီး သင့်မိတ်ဆွေ သူငယ်ချင်း နတ်တွေခေါ်ပြီး လိုက်တောင်းပြီး သူဌေးကြီးရဲ့ ကျိုထဲ ဘဏ္ဍာတိုက်ထဲ ဖြည့်ပေးလိုက်ပါ။

"ပြီးတော့ သူဌေးကြီး အရောင်းအဝယ် လုပ်ငဲ့က အပိုအလျှံငွေတွေကို အစီရဝတီ မြစ်ကမ်းနားမှာ မြှုပ်ထားတာလည်း (၁၈) ကုဋေရှိတယ်။

"အဲဒီ ၁၈ ကုဋေသော ငွေတွေဟာလည်း အစီရဝတီမြစ်ကမ်းပြိုလို့ သမုဒ္ဒရာထဲ မျောပါသွားပြီ၊ အဲဒီ (၁၈) ကုဋေလည်း သင့်မိတ်ဆွေ သူငယ်ချင်းနတ်တွေ ခေါ်ယူပြီး ပင်လယ်ထဲမှာ ငုပ်ယူကာ သူဌေးကြီးရဲ့ ကျိုထဲ ဘဏ္ဍာတိုက်ထည့်ပါ။

"ပြီးတော့ သူဌေးကြီးအိမ်ရဲ့ အနီးအနား ပတ်ဝန်းကျင်မှာပဲ ရှေးက သူဌေးဟောင်းတွေ မြှုပ်သွားခဲ့တဲ့ ပိုင်ရှင်မဲ့ ဖြစ်နေတဲ့ (၁၈)ကုဋေသော ငွေတွေရှိတယ်။

"အဲဒီ ၁၈ ကုဋေသော ငွေတွေကိုလည်း သင့်မိတ်ဆွေ သူငယ်ချင်းဖြစ်တဲ့ နတ်တွေကို အကူအညီခေါ်ပြီးတော့

http://www.dhammadownload.com



လိုက်ရှာတူးကာ သူဌေးကြီးရဲ့ ဘဏ္ဍာတိုက်ထဲ ကျိုထဲ ထည့်ပေးရမယ်။

"စုစုပေါင်း အဲဒီ ၅၄ကုဋေသော ကန်တော့ပွဲကို ဘဏ္ဍာတိုက်ထဲ ကျိုထဲထည့်ပြီး သူဌေးကြီးကို သွားပြီး ကန်တော့တောင်းပန်ပါ။ အဲဒီလို ကန်တော့ တောင်းပန်လျှင် သင့်ဘုံဗိမာန်မှာ ပြန်ပြီး နေရကောင်း နေရပါလိမ့်မယ်"လို့ သိကြားမင်းကအကြံပေးလိုက်ပါတယ်။ နတ်မိစ္ဆာလည်း သိကြားမင်းရဲ့ အကြံပေးချက်ကို လိုက်နာရုံမှ တစ်ပါး တခြား နည်းလမ်း သူ့မှာ မရှိတော့လို့ အဲဒီအကြံပဲ ဝန်ခံလိုက်နာပြီး ပြုလုပ်ဆောင်ရွက်ရပါတယ်။

ဘယ်လောက် ဟန်ကျသလဲနော်၊ နတ်ကို ကြွေးတောင်း နိုင်းတယ်။ ဘုန်းကြီးတို့ ပရိသတ်တွေ ဒီခေတ်မှာ ဘုန်းကြီး တွေ့ရ ကြားရတာတော့ နတ်,ကဖို့ ကြွေးလိုက်ချေးရတယ်၊ ကြွေးချေးပြီး နတ်ကို ပျော်ပွဲဆက်သတဲ့။

အခု ဒီမှာကြည့်၊ လူမင်းဘုန်းကြီး နတ်မင်း မနေသာ သဘောအရ သူဌေးကြီး ကြွေးတွေကို နတ်က လိုက်တောင်း ပေးရတယ်။ သူ့မိတ်ဆွေ နတ်တွေကို ခေါ်ပြီး သူဌေးကြီး အိမ်က ကိုယ်စားလှယ် အမှုလုပ်ယောင်၊ အလုပ်သမားတွေ ယောင်ဆောင်ပြီး လိုက်တောင်း၊ တမောတကောပဲ။ တောင်း လို့ (၁၈)ကုဋေရပြီး ဘဏ္ဍာတိုက်ထဲ ထည့်။

http://www.dhammadownload.com



နောက် အစီရဝတီမြစ်ကမ်းနားမှာ မြှုပ်ထားတဲ့ ကမ်းပြိုလို့ မျောသွားတဲ့ (၁၈)ကုဋေသော ငွေတွေကိုလည်း သူ့မိတ်ဆွေ သူငယ်ချင်း နတ်တွေကို အကူအညီခေါ်ပြီး လိုက်ရှာဇုပ်ကာ ဘဏ္ဍာတိုက်ထဲ ထည့်ပေးရတယ်။

နောက် ဘုန်းမွဲ ကံမွဲတဲ့ ရှေးက သူဌေးဟောင်းတွေဟာ ပစ္စည်းကိုရှာသာ ရှာတတ်တယ်၊ မယူသွားတတ်လို့ ကျန်နေရစ်ခဲ့တဲ့ မြှုပ်ထားတဲ့ ပိုင်ရှင်မဲ့ (၁၈)ကုဋေသော ငွေတွေလည်း မိတ်ဆွေ သူငယ်ချင်းနတ်တွေကို အကူအညီခေါ်ကာ လိုက်ရှာတူးပြီး သူဌေးကြီးရဲ့ ဘဏ္ဍာတိုက်ထဲ ထည့်ပေးရတယ်။ အမယ်လေး ဘယ်လောက် ဒုက္ခကြီးလဲဆိုတာ အဲဒါသာ ကြည့်ပါ။

## ၅၄–ကုဋေကန်တော့ပွဲ

အေး...အားလုံး (၁၈)ကုဋေသုံးလီ ဘယ်လောက်ရလဲ ဆိုတော့ (၅၄)ကုဋေသော အသပြာငွေတွေလည်း ရရော ဘဏ္ဍာတိုက်ထဲ အသီးသီးထည့်ပြီး တစ်နေ့သော ညဉ့်သန်းခေါင်ယံအချိန်မှာ အနာထပိဏ်သူဌေးကြီးရဲ့ အိပ်ရာ တိုက်ခန်းထဲကို သွားပြီး ကိုယ်ထင်ပြ၍ မတ်တတ်ရပ်နေတယ်။

သူဌေးကြီးနိုးတော့ နတ်ကိုမြင်တဲ့အခါ 'အသင် ဘယ်သူလဲ'လို့ မေးတယ်။ နတ်မိစ္ဆာက 'အကျွန်ုပ် သူဌေးကြီးအိမ်ရဲ့

http://www.dhammadownload.com



စတုတ္ထ တံခါးမုခ်မှာ စောင့်နေတဲ့ နှင်ထုတ်ခံရတဲ့ နတ်ပဲ'လို့ ပြောတယ်။

အဲဒီလိုပြောတဲ့အခါ သူဌေးကြီးက 'ငါနှင်ထုတ်လိုက်တာ ဘာဖြစ်လို့ ပြန်လာရသလဲ'လို့ မေးပါတယ်။ အဲဒီလို မေးတဲ့ အခါ နတ်မိစ္ဆာက 'အရှင်သူဌေးကြီး၊ ထကြည့်စမ်းပါ၊ ၅၄ ကုဋေ အသပြာငွေကို ကန်တော့ပွဲအဖြစ် သူဌေးကြီးရဲ့ ဘဏ္ဍာ တိုက်ထဲ ထည့်ထားပြီးပါပြီ။

"အရှင်သူဌေးကြီး၊ အဲဒီ(၅၄)ကုဋေသော အသပြာငွေ ကန်တော့ပွဲဖြင့် အလှူရှင် သူဌေးကြီးကို အကျွန်ုပ် ကန်တော့ ပါတယ်၊ တောင်းပန်ပါတယ်"

ဘုန်းကြီးတို့ပရိသတ် ဘယ်သူက ဘယ်သူ့ကို ကန်တော့ ရတာလဲ၊ တောင်းပန်ရတာလဲ၊ နတ်မိစ္ဆာက အနာထပိဏ် သူဌေးကြီးကို ကန်တော့ရတာနော်၊ တောင်းပန်ရတာနော်။

အခုခေတ်မှာ ဘုန်းကြီးတို့ ပရိသတ်က အသေကောင် တွေကို ထွက်ရပ်ပေါက် ဝိဇ္ဇာဆိုပြီး ကန်တော့ပွဲနဲ့ ကန်တော့ နေကြတယ်။ နတ်မိစ္ဆာတွေကို ဝါဝင်ကန်တော့တယ်။ ဝါထွက် ကန်တော့နေကြတယ်။ ကန်တော့ပွဲကလည်း သိပ်ခမ်းနားပါ တယ်။

ဘုန်းကြီးတို့ပရိသတ်၊ အလိမ်အညာ မထိပါစေနဲ့၊ ထွက်ရပ်ပေါက် ဝိဇ္ဇာအစစ်ဟာ ပွဲမစားပါဘူး၊ ပွဲတင်စရာ

http://www.dhammadownload.com



မလိုပါဘူး။ သူတော်ကောင်းလည်း ဖြစ်မယ်၊ သူတော်ကောင်း ဖြစ်တဲ့ အဲဒီပုဂ္ဂိုလ်နှင့် သူတို့နှင့်လည်း ဘ၀နီးစပ်ရင် စောင့်ရှောက်ပါတယ်။ စောင့်ရှောက်တာ ပြောတာနော်၊ မ,တာကို ပြောတာ မဟုတ်ပါဘူး၊ မ,တယ်ဆိုတာလဲ အဲဒီ သူတော်ကောင်းက သိပ်ကောင်းနေရင် သူ့လုပ်ငန်းအောင်မြင်အောင် ကူညီသလောက် မ,နိုင်ပါတယ်။ ဘာမှမလုပ်ပါနဲ့ ထိုင်နေ၊ ရွှေဖြစ် ငွေဖြစ် မမ,နိုင်ပါ။

## သာသနာပွဲတဲ့

တချို့က ကိုယ့်ဘာသာကိုယ် နတ်ပွဲထိုးချင် ထိုး၊ ဘိုးတော်၊ မယ်တော်ပွဲ ထိုးချင် ထိုးတာ မဟုတ်သေးဘူး၊ သာသနာထဲ လာရှုပ်သေးတယ်။ သာသနာပွဲတဲ့၊ သာသနာပွဲ ထိုးတယ်တဲ့။ သာသနာဟာ ပွဲထိုးစရာမလိုပါဘူး။ သာသနာဟာ ပွဲမလိုပါဘူး။

အဲဒီကန်တော့ပွဲဟာ နတ်ကတော့ပွဲကနေ ကူးစက်လာတာပါ၊ သာသနာမှာ ကန်တော့ပွဲဆိုတာက ဖယောင်းတိုင်ရှေ့ချကန်တော့ရင် အဲဒီ ဖယောင်းတိုင်ဟာ ကန်တော့ပွဲပါ၊ ပန်း ရှေ့ချကန်တော့ရင် အဲဒီပန်းဟာ ကန်တော့ပွဲပါ၊ သက်န်း ရှေ့ချကန်တော့ရင် အဲဒီသက်န်းဟာ ကန်တော့ပွဲပါ။ ဆွမ်း ရှေ့ချကန်တော့ရင် အဲဒီဆွမ်းဟာ ကန်တော့ပွဲပါ။

http://www.dhammadownload.com



ငှက်ပျောသီးဟာ နံနက်သာ စားကောင်းပါတယ်။ အဲဒီ ငှက်ပျောသီးကန်တော့ပွဲနဲ့ ဘုရားစင်မှာ သာသနာပွဲထိုးတယ် ဆိုပြီး အမြဲတင်ထားရင် မသူတော် ဖြစ်ပါတယ်၊ ငှက်ပျောသီး ကန်တော့ပွဲနဲ့ ကန်တော့ရင် နံနက်ပဲတင်ပြီး နံနက်ပဲဖျက်သိမ်း ရပါမယ်။ မဖျက်သိမ်းဘဲ အမြဲတင်ထားရင် မသူတော်ဖြစ်ပါ တယ်။

အဲဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်တွေ 'သူများယောင် လို့ယောင် အမောင် တောင်မှန်းမြောက်မှန်းမသိ' ဆိုတာလို မဖြစ်ပါစေနဲ့၊ သာသနာမှာ ပွဲမရှိပါ။ သာသနာပွဲဆိုပြီး အမြဲ တမ်း ဘုရားစင်မှာ ကန်တော့ပွဲ မထိုးပါနဲ့၊ မဟုတ်တရုတ် မလုပ်ပါနဲ့။

အခု ဒီမှာကြည့်လေ၊ သူဌေးကြီးကို ကန်တော့ဖို့ရာ ကန်တော့ပွဲအဖြစ် သိကြားမင်းက (၅၄)ကုဋေသော ငွေကို ကန်တော့ပွဲအဖြစ် စီမံပေးလိုက်တယ်။ ငှက်ပျောသီး၊ အုန်းသီး တွေ စီမံပေးလိုက်တာ မဟုတ်ပါ။

ပြီးတော့ ဒီနတ်မိစ္ဆာပြစ်မှားတာလည်း သူဌေးကြီးကို ပြစ်မှားတာလား၊ သာသနာတော်ကို ပြစ်မှားတာလားဆိုရင် သာသနာတော်ကို ပြစ်မှားတာလို့ မြို့စောင့်နတ်တွေ၊ နတ် မင်းကြီး ၄–ယောက်တို့နှင့် သိကြားမင်းပါသိပါတယ်၊ သိလို့ မတောင်း ပန်ရဲဘူးတဲ့။

http://www.dhammadownload.com



ကန်တော့ပွဲစီမံပေးပြီး ကန်တော့ခိုင်းတယ်။ ကန်တော့ပွဲဟာ သာသနာကန်တော့ပွဲပါ။ ငှက်ပျောသီး၊ အုန်းသီး မပါပါ၊ (၅၄)ကုဋေသော အသပြာငွေ ကန်တော့ပွဲနဲ့ ကန်တော့ပါတယ်။

အဲဒီလို ကန်တော့ခိုင်းလို့ ကန်တော့တဲ့အခါ သူဌေးကြီးက အဲဒီနတ်ကို ချက်ချင်း ကန်တော့မခံသေးဘဲနဲ့ ကြံစည်စဉ်းစားတယ်။

"အဲဒီ နတ်မိစ္ဆာဟာ ငါ့ကိုသာ ပြစ်မှားတာ မဟုတ်ပါ၊ မြတ်စွာဘုရားရှင် သံဃာတော်တွေပါ ပြစ်မှားတာ၊ သာသနာတော်ကို စော်ကားပြစ်မှားတာ။ အခု ဒီနတ်က သူ့အပြစ်တွေ ကျေစေဖို့ရာ ပျောက်စေဖို့ရာ (၅၄) ကုဋေ အသပြာငွေနဲ့ ကန်တော့တယ်။ ဒဏ်ထမ်းတယ်။ အပြစ်ကို ဝန်ခံတယ်။

"သူပြစ်မှားတာကလဲ ငါ့ကိုမဟုတ်၊ သာသနာတော်ကို ပြစ်မှားတာ ဖြစ်တော့ သူ့ကို ငါဘုရားရှင်ထံ ခေါ်သွားပြီး ကန်တော့ခိုင်းမယ်။ ငါ့ဂုဏ်ကျေးဇူးလဲ သိစေမယ်။ ဒါကြောင့် ဒီနတ်မိစ္ဆာကို မြတ်စွာဘုရားအား ပြအံ့"

လို့ ကြံစည်စဉ်းစားပါတယ်၊ အဲဒီလို ကြံစည်စဉ်းစားပြီးတော့ သူ့အကြံအစည်ကို နတ်မိစ္ဆာအား ပြောကြားပါတယ်။

http://www.dhammadownload.com



"အသင်နတ်၊ သင်ပြစ်မှားတာ ငါ့ကိုသာ ပြစ်မှားတာ မဟုတ်ပါ။ သာသနာတော်ကို ပြစ်မှားတာပါ။ ဒါကြောင့် ငါ့ကို ကန်တော့လျှင် ဒီမှာ မကန်တော့ပါနဲ့။ ဘုရားရှင်ရဲ့ ရှေ့တော်မှောက်မှာ ကန်တော့ပါ"

လို့ နတ်သားကိုပြောပြတယ်။ နတ်သားလည်း ဘာတတ်နိုင်မှာလဲ၊ သူဌေးကြီးက စျေးကိုင်ထားတာ နတ်သားလိုက်လျှောရတယ်။ ဘုန်းကြီးတို့ ပရိသတ်မှာတော့ နတ်ကို ကန်တော့လိုက်ရတာ အမောပဲ၊ နတ်က မကျေဘူးဆိုရင် တောင်းပန်လိုက်ရတာ အမောပဲ။

အဲဒီလို ဘုရားရှင်ရှေ့မှာ ကန်တော့ပါလို့ ပြောတော့ နတ်မိစ္ဆာက အကျွန်ုပ် ဘုရားရှင် ရှေ့မသွားရဲပါ။ အသင်သူဌေးကြီး ခေါ်သွားရင်တော့ အကျွန်ုပ် လိုက်ပါပြီး ဘုရားရှင်ရှေ့မှာ ကန်တော့ပါမယ်တဲ့။

အေး...အဲဒီမှာ သတိပြုပါ။ ဘုန်းကံနည်းပါးသူများဟာ ဘုန်းကံကြီးမားသူများရဲ့ ရှေ့မှောက်သို့ မသွားရဲဘူး။ ဘုန်းကံကြီးမားသူများနှင့် စကားမပြောရဲဘူး။

တချို့ယောဂီတွေရှိတယ်၊ တရားစစ်ချိန်မှာ ဘုန်းကြီးဆီ မလာရဲဘူး။ ဘုန်းကြီးကပြောတယ်၊ ဘုန်းကြီးကြောက်တယ်ဆိုတော့ ဒီယောဂီဟာ ဘုန်းကံနည်းတယ်။ သရဲလောင်းလား၊ တစ္ဆေလောင်းလား မသိလို့ ပြောရတယ်။

http://www.dhammadownload.com



အခု နတ်ကတော့ မိစ္ဆာနတ်မို့ပါ၊ ဘုရားရှင်ရှေ့သို့ မသွားရဲပါ၊ ဘုန်းကြီးတို့ ပရိသတ်တွေ၊ ယောဂီတွေက သမ္မာဒိဋ္ဌိတွေပဲ၊ ဘာဖြစ်လို့ ဘုန်းကြီးဆီ မသွားရဲ၊ ဘုန်းကြီးနှင့်စကားမပြောရဲ ဖြစ်ရမလဲ။ မဖြစ်နဲ့၊ သရဲလောင်း ဖြစ်နေမယ်နော်။

## တရားဟောမြဲ

မိစ္ဆာနတ်ကို သူဌေးကြီးက သူကန်တော့ပါမယ် ပြောလို့ ဘုရားထံခေါ်သွားမယ်လို့ အာမခံထားတဲ့အတိုင်း နောက်နေ့ နံနက်လင်းတာနဲ့ တစ်ပြိုင်နက် ခပ်စောစောပင် ဘုရားရှင်ထံ ခေါ်သွားပါတယ်။ ရောက်တယ်ဆိုရင်ပဲ ဘုရားရှင် အရိုအသေ ရှိခိုးပြီး ထိုင်တယ်။

ဘုရားရှင်တို့ မည်သည် ပြဿနာကို သိလျက်သားနဲ့ တရားဟောရန်အတွက် စကားစ,ရရန် 'ဘယ့်နှယ်လဲ သူဌေးကြီး...ဘယ်ကနေ ဘယ်လို ဒီနတ်သားကို ခေါ်လာတာလဲ' လို့ မေးတဲ့အခါ...

"မြတ်စွာဘုရား...ဒီနတ်သားဟာ တပည့်တော်ရဲ့ အလှူဒါနကို ပိတ်ပင်တားဆီးပါတယ်။ အခု သူ့အပြစ်ကို သူသိသွားလို့ အဲဒီအပြစ်ကို ဘုရားရှင်ရဲ့ ရှေ့မှောက်မှာ ကန်တော့ရန် တပည့်တော် ခေါ်လာပါတယ်ဘုရား"

http://www.dhammadownload.com



စသည်ဖြင့် နတ်သား ပြောသမျှစကားတွေ၊ သူဌေးကြီး ပြောတဲ့စကားတွေ အကုန်လုံး ဘုရားရှင်ကို လျှောက်ထားပါတယ်။ အဲဒီအခါ ဘုရားရှင်က နတ်သားကို 'ဟုတ်သလား' လို့မေးတော့ နတ်သားက ဟုတ်ကြောင်းဝန်ခံတယ်၊ အဲဒီအခါ ဘုရားရှင်က...

"နတ်သား မကောင်းမှု အကုသိုလ်ကို ပြုလုပ်ပြောဆို ကြံစည်နေသူရဲ့ မကောင်းမှု အကုသိုလ်ကံဟာ အကျိုးမပေးသေးခင်တော့ ကောင်းကျိုးကို တွေ့နေရပါတယ်။

"နတ်သား မကောင်းမှု အကုသိုလ်ကံကို ပြုလုပ်ပြောဆို ကြံစည်သူရဲ့ မကောင်းမှု အကုသိုလ်ကံဟာ အကျိုးပေးပြီဆိုရင်တော့ မကောင်းကျိုးပဲ တွေ့ရပါလိမ့်မယ်။

"နတ်သား...ကုသိုလ်ကောင်းမှုကို ပြုလုပ်ပြောဆိုကြံစည်သူရဲ့ ကောင်းမှုကုသိုလ်ကံဟာ အကျိုးမပေးသေးခင်တော့ မကောင်းကျိုးကို တွေ့နေရပါသေးတယ်။

"နတ်သား ကောင်းမှုကုသိုလ်ကံကို ပြုလုပ်ပြောဆို ကြံစည်နေသူရဲ့ ကောင်းမှု ကုသိုလ်ကံဟာ အကျိုးပေးပြီဆိုရင်တော့ ကောင်းကျိုးပဲ တွေ့ရပါလိမ့်မယ်"လို့ ဟောပါတယ်။

http://www.dhammadownload.com



ဘုန်းကြီးတို့ ပရိသတ် အဲဒီတရားကို သေသေချာချာ စဉ်းစားပါ၊ ဒီတရားဟာ တိုကျဉ်းလိုရင်း ကျပါတယ်။ တစ်နည်း ပြောရရင် ဒီတရားဟာ တိုကျဉ်းနဲ့ ရှင်းပါတယ်။

မကောင်းမှု အကုသိုလ်ကံရဲ့ အကျိုးဟာ မကောင်းကျိုးဘဲဖြစ်ရမှာနော်၊ အဲဒီမကောင်းမှုကံ အကျိုးမပေးသေးခင် ကောင်းကျိုးကို တွေ့နေရသေးတယ်ဆိုတာဟာ ဥပမာ လူတစ်ယောက်က သူများပစ္စည်း ခိုးတယ်ဆိုပါတော့၊ အဲဒီ မကောင်းမှုဘဲ၊ အဲဒီ မကောင်းမှု အကျိုးမပေးသေးခင် သူ သုံးရ, စွဲရ, စားရ, သောက်ရနဲ့ ကောင်းကျိုးကို တွေ့နေရသေးတယ်ပေါ့။

အဲဒီ မကောင်းမှုကြီး ပေါ်ပြီလည်းဆိုရော အဖမ်းအဆီး၊ အချုပ်အနှောင် ခံရရော၊ ပစ္စည်းတွေလည်း အသိမ်းအဆည်း ခံရရော၊ အဲဒါမကောင်းမှုရဲ့ မကောင်းကျိုးပေါ့။

ကောင်းမှုကုသိုလ် ပြုလုပ်၊ ပြောဆို၊ ကြံစည်နေသူမှာ အဲဒီကောင်းမှုက အကျိုးမပေးသေးခင် မကောင်းကျိုး တွေ့နေရသေးတယ် ဆိုတာက ကုသိုလ်လုပ်ရလို့ ပင်ပန်းတယ်၊ အအိပ်ပျက်တယ်၊ ငွေကုန်တယ် ဆိုတာတွေဟာ မကောင်းကျိုးတွေပေါ့။

အေး...အဲဒီကောင်းမှုကုသိုလ်က အကျိုးပေးပြီ ဆိုတော့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတယ်၊ အိပ်ပျော်စားဝင် ရှိတယ်၊

http://www.dhammadownload.com



ပစ္စည်းဖြစ်တယ် ဆိုတာတွေဟာ ကောင်းကျိုးတွေပေါ့...။

အခု လက်တွေ့ကြည့်ပေါ့၊ အနာထပိဏ်သူဌေးကြီး ကုသိုလ်တွေဟာ အကျိုးပေးသေးခင် ပစ္စည်းတွေ ကုန်သွားတယ်။ သူဌေးကြီးမှာ ကောင်းကောင်းတောင် မလှူနိုင်ရှာလို့ စိတ်မချမ်းမသာ ဖြစ်ရှာတယ်။

အခု သူဌေးကြီးရဲ့ ကုသိုလ်တွေက အကျိုးပေးချိန် တန်တော့ (၅၄)ကုဋေသော အသပြာငွေတွေ ရပါတယ်။ ကုသိုလ်ကံ အကျိုးပေးချင်လာတော့ နတ်မိစ္ဆာက ပြစ်မှား ပေးရသလို ဖြစ်နေပါတယ်။

ဟုတ်တယ်လေ၊ နတ်မိစ္ဆာက သူဌေးကြီးကို ပြစ်မှား မိတော့ ပြစ်မှားပြစ် ကျေအောင် ဘုံဗိမာန် ပြန်ရအောင် (၅၄)ကုဋေ အသပြာငွေနဲ့ ကန်တော့ရတယ်။ မဟုတ်ရင် သူဌေးကြီးရဲ့ ကုသိုလ်တွေဟာ အကျိုးပေး ဆိုင်းနေဦးမှာ၊ ခုတော့ သူဌေးကြီးမှာ ဟန်ကိုကျလို့နော်...။

## နတ်သားသောတာပန်ဖြစ်ပြီ

ဘုန်းကြီးတို့ပရိသတ်၊ ဟို...နတ်မိစ္ဆာလည်း သိပ်တော့ အထင်မသေးနဲ့နော်၊ သူလည်းသိပ်တော့မညံ့ဘူး၊ ဘုရားရှင်က သူ့ကို တရားဟောပေးတယ်။

http://www.dhammadownload.com



သူလည်း လက်တွေ့ ဒုက္ခရောက်ထားတော့ သံဝေဂ ရှေ့ထားပြီး တရားနာရင်း တရား အားထုတ်လိုက်တာ သောတာပန် ဖြစ်သွားပါတယ်။ နတ်သား မညံ့ဘူးနော်...။

အေး...အနာထပိဏ် သူဌေးကြီးက နတ်မိစ္ဆာကတော့ တရားတော်ကို တစ်ကြိမ်ပဲ နာကြားအားထုတ်လိုက်ရတယ်၊ သောတာပန် ဖြစ်သွားပြီ၊ ကျွတ်သွားပြီ။

ဘုန်းကြီးတို့ ပရိသတ်တွေရဲ့ အိမ်က နတ်မိစ္ဆာတွေ၊ ဘိုးတော်၊ မယ်တော်တွေဟာ ဒီလောက် တရားတွေ နာရ အမျှတွေယူပါလျက်နဲ့ မကျွတ်သေးဘူးဆိုတော့ ဘယ်လောက် မျှ ဆိုးတေနေလဲ မသိဘူးနော်။

သို့မဟုတ်ရင် ရှေးနတ်မိစ္ဆာတွေက ကျွတ်သွားတဲ့နေရာ မှာ နောက်ထပ် အတုအယောင်တွေက ဝင်ပြီး နေရာယူနေ သလားမသိဘူး။ စဉ်းစားပြီး ကြည့်လည်းလုပ်ကြပါဦး၊ ရမ်းပြီး အထင်ကြီးမနေကြပါနဲ့ဦး။

## နတ်သားကန်တော့ပြီ

အေး...အဲဒါတွေထားလိုက်ပါတော့၊ ဟို...နတ်မိစ္ဆာ သောတာပန်ဖြစ်သွားတော့ ဘုရား၊ တရား၊ သံဃာကို သိပ် ကြည်ညိုသွားပြီကိုး။ အစကလည်း ကန်တော့ရအောင်သွား

http://www.dhammadownload.com



တာ၊ သွားတုန်းကတော့ မကန်တော့ရင် မဖြစ်လို့သာ သူ့ခမျာ အောင့်သက်သက်နဲ့ ကန်တော့ရမှာပါ။

အခုတော့ အောင့်သက်သက်နဲ့ ကန်တော့ရမှာမျိုး မဟုတ်ဘဲ တကယ့်ကို ကြည်ညိုသဒ္ဓါနဲ့ အပြစ်ကို အပြစ်အားလျော်စွာ သိပြီး ကျေဖျောက်ချင်တဲ့ စိတ်စေတနာနဲ့ ကြည်ဖြူစွာပဲ ဘုရားရှင်ရဲ့ ခြေတော်ရင်းမှာ ဝပ်စင်းပြီး...

"မြတ်စွာဘုရား...၊ ဘုရားတပည့်တော်သည် ရာဂဖြင့် တပ်မက်သည့်အလျောက်၊ ဒေါသဖြင့် ပြစ်မှားမိသည့်အလျောက်၊ မောဟဖြင့် တွေဝေသည့်အလျောက်၊ အဝိဇ္ဇာဖြင့် ကန်းသည့်အလျောက်၊ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်၊ ကျေးဇူးတော်တွေကို မသိသည့်အလျောက် ရှင်တော်မြတ်ဘုရားနှင့် ဘုရားသံဃာတော်ကို ပြစ်မှားမိပါတယ်ဘုရား။ မြတ်စွာဘုရား တပည့်တော် ထိုပြစ်မှားပြစ်ကို အနာမယူ သည်းခံ ခွင့်လွှတ်တော်မူပါဘုရား"

လို့ လျှောက်ထားပြီး ကန်တော့ပါတယ်။ ဘုရားရှင်ကလဲ နတ်သားရဲ့ မိုက်သည့်အလျောက်၊ မလိမ္မာသည့်အလျောက်၊ တွေဝေသည့်အလျောက် ပြစ်မှားမိတဲ့ အပြစ်ကို သတိတရား အသိတရားနဲ့ ကန်တော့တာကို အနာမယူ သည်းခံခွင့်လွှတ်လိုက်ပါတယ်။

http://www.dhammadownload.com



## သူဌေးကြီး ကြွားပြီ

အေး...သူတော်ကောင်းဟာ ကောင်းတဲ့အလုပ်ကို လုပ်ရမှာ ဝန်မလေးဘူးနော်၊ အခု နတ်သားဟာ သောတာပန် ဖြစ်သွားပြီဆိုတော့ သူတော်ကောင်းပေါ့၊ အစကလည်း ကန်တော့ရအောင် လိုက်လာတာဆိုတော့ အခု သောတာပန် ဖြစ်သွားတော့ ကြည်ဖြူစွာနဲ့ အနာထပိဏ်သူဌေးကြီးကိုလည်း ကန်တော့ပါတယ်။ သူဌေးကြီးကလည်း အပြစ်ကို ခွင့်လွှတ်ပါတယ်။

နတ်က လူကို ကန်တော့ရတာနော်၊ ဘာဖြစ်လို့လဲ၊ ပြစ်မှားလို့ အခု ဘုန်းကြီးတို့ပရိသတ်မှာတော့ နတ်ကိုချည်းပဲ ကန်တော့နေရတယ်။ တစ်ခါမှ နတ်က ကန်တော့ခံရတာ မတွေ့သေးဘူး၊ အေး...တရားအားထုတ်တဲ့ ယောဂီတွေကိုတော့ တစ်ခါ တစ်ခါ နတ်တွေလာကန်တော့တာ ရှိပါတယ်။ ဘိုးမင်းခေါင်က လာကန်တော့တာလည်း ရှိပါတယ်။

အေး...အဲဒါ ထားပါတော့၊ သူဌေးကြီးကို နတ်မိစ္ဆာမှ သောတာပန်ဖြစ်သွားသူ နတ်က ကန်တော့ပြီးတဲ့အခါ သူဌေးကြီးက...

"မြတ်စွာဘုရား၊ ဒီနတ်သားက တပည့်တော်ကို မလှူဒါန်းနဲ့၊ မပေးကမ်းနဲ့၊ ကျောင်းလည်း မသွားနဲ့၊ သင့်အိမ်လည်း

http://www.dhammadownload.com



ရဟန်းဝေါ်တမနဲ့ သူ့သာဝကတွေ မဝင်စေနဲ့၊ မလာစေနဲ့၊ ကိုယ့်အလုပ် ကိုယ်ပြန်လုပ်"

စသည်ဖြင့်ပြောဆိုပြီး ဒီနတ်သားက တပည့်တော်ကို တားသော်လည်း တားမရဘဲ တပည့်တော် လှူဒါန်းပေးကမ်းနေတာဟာ တပည့်တော်ရဲ့ ဂုဏ်ကျေးဇူးမဟုတ်ပါလားဘုရားလို့ သူ့ရဲ့ဂုဏ်ကျေးဇူးကို ဘုရားရှင်ရဲ့ ရှေ့မှာ ထုတ်ကြွားနေတယ်။

အေး...တဏှာ မကုန်သေးရင်တော့ ကြွားချင်ကြဦးမှာပဲနော်။ သူဌေးကြီးမှာ သောတာပန်ပဲ ဖြစ်သေးတာ၊ တဏှာမှ မကုန်သေးတော့ ကြွားသေးတာပေါ့။ အဲဒီလို ကြွားတဲ့အခါ ဘုရားရှင်က...

"သူဌေးကြီး သင်က သောတာပန်ပုဂ္ဂိုလ်၊ မတုန်လှုပ်တဲ့ သဒ္ဓါရှိတယ်၊ စင်ကြယ်တဲ့ ဉာဏ်မြင်ရှိတယ်၊ ဒီနတ်က တန်ခိုးနည်းတဲ့နတ်ပါ၊ အဲဒီနတ်က သင့်ကိုတားတာ သင်မတုန်လှုပ်တာ အံ့ဩစရာ မဟုတ်သေးဘူး။

"ရှေးက ပညာရှိဟာ ဘုရားမပွင့်မီအခါ ဉာဏ်မရင့်ကျက်သေးမီအခါ ကာမာဝစရ နတ်ပြည်ကို အစိုးရတဲ့ မာရ်နတ်က ကောင်းကင်မှာ ကိုယ်ထင်ပြရပ်ပြီး မလှူနဲ့၊ လှူရင် ဟောဒီ ရှားမီးကျီးတွင်းထဲကျပြီး ကျက်မယ်လို့ပြောပြီး အတောင်

http://www.dhammadownload.com



(၈၀)နက်တဲ့ ရှားမီးတွင်းကြီး ဖန်ဆင်းပြီး မလှူရအောင် တားတာတောင် လှူတာကမှ အံ့ဩစရာပဲ”

လို့ မိန့်ကြားလိုက်ပါတယ်။ အဲဒီအခါ သူဌေးကြီးက လက်အုပ်ချီမိုး ရှိခိုးကာ ဘုရားရှင်ကို...

“မြတ်စွာဘုရား။ ဟိုရှေးက ပုထုဇဉ်သာဖြစ်တဲ့ ပညာရှိကို ကာမာဝစရနတ်ပြည်ကို အစိုးရတဲ့ မာရ်နတ်က ကိုယ်ထင်ပြပြီး မလှူနဲ့ လှူရင် ဒီမီးကျီးတွင်းထဲကျပြီး ကျက်သေလိမ့်လို့ တားသော်လည်း လှူဒါန်းတဲ့အကြောင်းကို တပည့်တော်အား ပြန်ပြောင်း ဟောကြားပေးတော်မူပါဘုရား”

လို့ လျှောက်ထားပါတယ်။ အဲဒီလို လျှောက်ထားတဲ့အခါ ဘုရားရှင်က အတိတ်အကြောင်းကို ဟောပြပါတယ်။

ဟို...အတိတ် ရှေးအခါတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုစဉ်အခါက ဘုရားအလောင်းတော်ဟာ သူဌေးဖြစ်ပါတယ်။ သူဌေးဝမ်းထဲမှာ ပဋိသန္ဓေနေတော့ သူဌေးဖြစ်တာပေါ့။

အလောင်းတော် သူဌေးသားဟာ နတ်သားကဲ့သို့ ကြီးပွားပါတယ်။ အရွယ်ရောက်တဲ့အခါ အတတ်ပညာ သင်ပါတယ်။ ဖခင်ဖြစ်သူ သူဌေး ကွယ်လွန်သွားတဲ့အခါမှာ သူဌေးအရာကို ရပါတယ်။

http://www.dhammadownload.com



သူဌေးအရာ ရတာနဲ့တစ်ပြိုင်နက် မြို့တံခါး ၄ခု၊ မြို့လယ်နှင့် သူ့နေရာ အိမ်အားဖြင့် ၅–ဌာနမှာ အလှူမဏ္ဍပ်ကြီး ၆–ခုထိုးပြီး နေ့စဉ် အလှူပေးနေပါတယ်။

အလောင်းတော် သူဌေးဟာ အလှူဒါနနဲ့ ပျော်ပါတယ်၊ သီလနှင့်လည်း မွေ့လျော်ပါတယ်။ ဥပုသ်စောင့်သုံးမှုကိုလည်း နှစ်ခြိုက်ပါတယ်။

## ပစ္စေကဗုဒ္ဓကြွ

အဲဒီလိုနေရာမှ တစ်နေ့မှာ ဘုရားအလောင်းတော်အတွက် အထူးထူးမြတ်သော အရသာရှိတဲ့ နှစ်သက်ဖွယ်ကောင်းတဲ့ ဘောဇဉ်တွေကို စီရင်ကြပါတယ်။ အဲဒီလို စီရင်ပြီး အလောင်းတော် စားသုံးချိန်မှာ ပြင်ဆင်ပြီး ထမင်းပွဲတည်ထားဆက်ကပ်ပေးကြပါတယ်။ အဲဒီအချိန်မှာ နိရောဓသမာပတ် ဝင်စားရာမှ ထတော်မူတဲ့ ပစ္စေကဗုဒ္ဓအရှင်မြတ်က...

"ငါသည် ဒီကနေ့ ဘယ်သူ့ကို ဆွမ်းအလှူခံသောအားဖြင့် ချီးမြှောက်ရပါမည်နည်း။ ဘယ်သူသည် ငါဆွမ်းအလှူခံသောအခါ စိတ်၊ စေတနာ သဒ္ဓါထက်သန်စွာနှင့် လောင်းလှူပါမည်နည်း"

http://www.dhammadownload.com



လို့ ကြည့်တော်မူပါတယ်၊ အဲဒီလို ကြည့်တဲ့အခါ ဗာရာဏသီသူဌေးကို မြင်တော်မူပါတယ်၊ ဒီအချိန်မှာ သူဌေး အတွက် ထမင်းပွဲ တည်ထားပြီး နေပြီ။

ပစ္စေကဗုဒ္ဓ အရှင်မြတ်က အားလုံးမြင်ပါတယ်။ သူဟာ ထမင်း စားသုံးမည့်ဆဲဆဲ 'ငါသွားရင် လောင်းမလား မလောင်းဘူးလား' လို့ ကြည့်တဲ့အခါ လောင်းမယ်လို့ မြင်ပါတယ်။

အလောင်းတော်ပဲ၊ ဒါန အစရှိတဲ့ ပါရမီ (၁၀)ပါးအပြား (၃၀)ကို ဖြည့်ကျင့်ခဲ့တဲ့ ဘဝပဲ၊ လောင်းလှူမှာပေါ့၊ လောင်းလှူ မယ်လို့ သိတော့ ပစ္စေကဗုဒ္ဓအရှင်မြတ်က ဒီအချိန်ဟာ ကြွသင့်တဲ့အချိန်ပဲ ဆိုပြီး ကြွသွားပါတယ်။

ပစ္စေကဗုဒ္ဓအရှင်မြတ်က ဟိမဝန္တာကနေ ကောင်းကင် ခရီးနဲ့ ကြွလာတာပါ၊ သူဌေး အိမ်အနီးအနားရောက်မှ ကောင်းကင်က ဆင်းပြီး ခြေကျင်ကြွလာတာပါ။

ကြွလာပြီး သူဌေးရဲ့အိမ်ခြံတံခါးဝမှာ ဆွမ်းရပ်နေပါတယ်။ အလောင်းတော်သူဌေးဟာ သူ့အတွက်တည်ထားတဲ့ ထမင်းပွဲမှာ ထိုင်နေရင်းနဲ့ ဆွမ်းရပ်နေတဲ့ ပစ္စေကဗုဒ္ဓ အရှင်မြတ်ကို လှမ်းပြီးတော့ မြင်လိုက်ပါတယ်။

သူတော်ကောင်းဟာ ကောင်းတဲ့ အလုပ်ကို လုပ်ဖို့ရာ ဝန်မလေးပါဘူး၊ ချက်ချင်းပဲ ပစ္စေကဗုဒ္ဓ အရှင်မြတ်ကို ထပြီး အရိုအသေ ပြုပါတယ်။

http://www.dhammadownload.com



အဲဒီလို အရိုအသေ ပြုပြီးတော့ သူ့ရဲ့ အလုပ်အကျွေး ယောက်ျား တစ်ယောက်ကို လှမ်းကြည့်လိုက်ပါတယ်။ ထို ယောက်ျားက 'အရှင်သူဌေးမင်း၊ အကျွန်ုပ် ဘာလုပ်ပေးရ ပါမည်လဲ'လို့ မေးတဲ့အခါ 'ဟိုမှာ အိမ်ဝမှာ ပစ္စေကဗုဒ္ဓအရှင် မြတ် ဆွမ်းရပ်နေပါတယ်။ ဆွမ်းလောင်းရအောင် အရှင်မြတ် သပိတ် သွားယူပါချေ'လို့ ပြောလိုက်တယ်။

အလုပ်အကျွေး ယောက်ျားကလည်း ပြောပြောချင်း သပိတ်ယူရန်ဆိုပြီး အလျှင်အမြန် ထသွားပါတယ်။ အဲဒီ ခဏမှာ ကာမာဝစရ နတ်ပြည်ကို အစိုးရတဲ့ မာရ်နတ်က...

"ငါသည် ဒီကနေ့ ဒီပစ္စေကဗုဒ္ဓရဲ့ ဆွမ်းအန္တရာယ် လုပ်အံ့၊ ဒီနေ့ ဒီပစ္စေကဗုဒ္ဓ ဆွမ်းအာဟာရ မရလျှင် ခုနစ် ရက် ဆွမ်းအာဟာရ မဘုဉ်းပေးဘဲ နိရောဓသမာပတ် ဝင်စား ရာမှ ထလာပြီး ဆွမ်းခံကြွလာတာ၊ ဒီကနေ့ ဆွမ်းမရလျှင် ပျက်စီးပြီ၊ ဒီပစ္စေကဗုဒ္ဓလည်း ပျက်မယ်၊ ဒီသူဌေးလည်း ဒီပစ္စေက ဗုဒ္ဓကို အလှူဒါန မပြုနိုင်အောင် သူဌေးကြီးရဲ့ အလှူလည်း ဖျက်မယ်"

လို့ အကောက်ဉာဏ်နှင့် ကြံစည်စဉ်းစားပြီး သူဌေးကြီးရဲ့ အိမ်ခြေနင်းခုံနှင့် အရှင်မြတ်ရဲ့အကြား ရှားမီးကျီးတွင်းကြီး ဖန်ဆင်းထားပါတယ်။

http://www.dhammadownload.com



အေး…မိုးကျိုးတွင်းမှ ပွင့်သောကြာ တရားတော်ဆိုတော့ အခုမှ မိုးကျိုးတွင်း ရောက်သေးတာနော်၊ တရားအစပဲရှိသေး တယ်၊ နာရီကလည်း ပြည့်ခါနီးတော့ တရားလည်းစ၊ တရားလည်းဆုံးရော ဖြစ်မှာနဲ့ တူပါတယ်။

အောင်မယ်လေး…ရှားမိုးကျိုးတွင်းကြီးကလည်း အရောင် တပြောင်ပြောင် တောက်လို့၊ ဥပမာပြောရရင် မဟာအဝီစိ ငရဲကြီးကဲ့သို့ပါပဲ။

ဘုန်းကြီးတို့ပရိသတ် မကောင်းတဲ့သူဟာ မကောင်းဘူး၊ မကောင်းတာကို လွှယ်လွှယ်ပဲ လုပ်လိုက်တယ်။

အဲဒီလို ရှားမိုးကျိုးတွင်းကြီး ဖန်ဆင်းပြီးတော့ ဒီမာရ်နတ် ကိုယ်တိုင်ကလည်း ကောင်းကင်မှာ ရပ်တည်နေပါတယ်။

အေး…သူဋ္ဌေးကြီးရဲ့ နိုင်းစေချက်အရ အရှင်မြတ်ရဲ့ သပိတ် သွားယူတဲ့ ယောက်ျားဟာ မမြင်စ,ဖူး အထူးကြောက် ဖွယ်ကောင်းတဲ့ အလျှံတပြောင်ပြောင်တောက်နေတဲ့ ရှားမိုး ကျိုးတွင်းကြီးလည်းမြင်ရော ကြောက်အားလန့်အားနဲ့ ပြန်ပြေး လာပါတယ်။

အဲဒီလို ကြောက်အား လန့်အားနဲ့ ပြန်ပြေးလာတာကို ဘုရားအလောင်းတော် သူဋ္ဌေးက မြင်တော့ ဘာကြောင့် ပြန်ပြေးလာတာလဲ၊ ဘာဖြစ်လို့ သပိတ်မယူခဲ့တာလဲလို့ မေးတဲ့

http://www.dhammadownload.com



အခါ 'အောင်မယ်လေး…အရှင်သူဌေးအိမ် ခြေနင်းခုံကြားနဲ့ အရှင်မြတ်အကြားမှာ ရှားမီးကျီးတွင်းကြီး ရဲရဲပြောင်နေတာပဲ' လို့ ပြောတယ်။

အဲဒီလိုပြောတဲ့အခါ သူဌေးက 'ငါ့အိမ် ငါတစ်သက်လုံး နေလာခဲ့တာ ဘယ်ကလာပြီး ရှားမီးကျီးတွင်းကြီး ရှိရမှာလဲ၊ မရှိပါဘူး။ သွားစမ်းတစ်ယောက်၊ အရှင်မြတ်သပိတ်သွားယူ ချေ'လို့ ခိုင်းပြန်တယ်။

နောက်တစ်ယောက်လည်း သွားတယ်၊ အမယ်လေးဆို အော်ပြီး ပြန်ပြေးလာတာပဲ။ 'ဟုတ်ပါတယ်…အရှင်သူဌေး၊ ရှားမီးကျီးတွင်းကြီး ရဲရဲပြောင်လို့ပါပဲ'လို့ ပြောပြန်တယ်။

အေး…နောက်တစ်ယောက်လွှတ်လည်း အဲဒီအတိုင်းပဲ၊ သူဌေးလူတွေသာကုန်သွားတယ်၊ သပိတ်မယူရသေးပါဘူး။ အဲဒီအခါမှာ ဘုရားအလောင်းတော် သူဌေး စဉ်းစားပါတယ်။

"အင်း…ငါ့ရဲ့ ဒါန အန္တရာယ်ပြုလို၍ ဝသဝတ္တီနတ်ပြည် က မာရ်နတ်ဟာ ရှားမီးကျီးတွင်းကြီး ဖန်ဆင်းပြီး နှောင့်ယှက် တယ်နဲ့တူတယ်။ အင်း…ဒီမာရ်နတ်က ငါ့ကို မာရ်နတ် အထောင်အသောင်း မနှောင့်ယှက်နိုင်မှန်း မသိဘူးနဲ့တူတယ်။

"အင်း…ဒီနေ့တော့ မာရ်နတ်ပဲ အားရှိသလား၊ ငါကပဲ အားရှိသလားဆိုတာ မာရ်နတ်အားနဲ့ ငါ့အား ကွဲပြားခြားနား စွာ သိရတော့မှာပဲ"

http://www.dhammadownload.com



လို့ တွေးတောစဉ်းစားတယ်၊ ဘုန်းကြီးတို့ ပရိသတ် 'ပညာရှိတွေး ပြေးကြည့်တာထက်မှန်' ဆိုတာ ဒါမျိုးကို ခေါ်တာနော်။ အခု ဘုရားလောင်း တွေးတာ မှန်နေသားပဲ၊ ပြေးမကြည့်ရသေးဘူး။

အဲဒီလိုတွေးပြီးတော့ သူ့အတွက် တည်ခင်းထားတဲ့ ထမင်းပွဲထဲမှ အဦးအမြတ်ဖြစ်တဲ့ ခွမ်းတွေ ဟင်းတွေပြင်ဆင် ခူးခပ်ပြီး ယူသွားကာ အိမ်ပေါ်မှဆင်း၊ လှေကားခုံပေါ်ရပ်တယ်၊ မီးကျိုးတွင်းအနားပေါ့၊ ရပ်ပြီး ကောင်းကင် မော့ကြည့်လိုက် တယ်၊ လားလား မာရ်နတ်ကိုမြင်တယ်၊ ဟိုကလည်း ကိုယ်ထင် ပြပြီး ရပ်နေတာကိုး၊ အဲဒီအခါ ဘုရားအလောင်းတော်က မေး၊ မာရ်နတ်ကဖြေပေါ့...။

"အသင် ဘယ်သူလဲ"

"ငါမာရ်နတ်ပဲ"

"ဒီ ရှားမီးတွင်းကြီး သင်ဖန်ဆင်းထားတာလား"

"ဟုတ်တယ်၊ ငါဖန်ဆင်းထားတယ်"

"ဘာအကျိုးငှာ ဖန်ဆင်းထားတာလဲ"

"သင်ရဲ့ဒါန အန္တရာယ်လည်းပြုချင်လို့၊ ပစ္စေကဗုဒ္ဓရဲ့ အသက်အန္တရာယ်လည်း ပြုလုပ်ချင်လို့ ဖန်ဆင်းထားတယ်"

ဘုန်းကြီးတို့ ပရိသတ်၊ မာရ်နတ်ကတော့ မကွယ်မဝှက် ပြောင်ပြောင်ပဲနော်၊ အဲဒီလို ပြောတဲ့အခါ သူဌေးက...

http://www.dhammadownload.com



"ဟယ်...မာရ်နတ်၊ အသင့်ကို ငါ့ရဲ့ဒါနအန္တရာယ်နဲ့ ပစ္စေကဗုဒ္ဓရဲ့ အသက်အန္တရာယ်ကို ပြုလုပ်ခွင့် မပေးနိုင်ဘူး"

"ဟယ်...မာရ်နတ်၊ ယနေ့ သင့်ရဲ့အာနုဘော် ကြီးမားသလား၊ ငါ့ရဲ့အာနုဘော် ကြီးမားသလားဆိုတာ သိရောပေါ့" တဲ့၊ အလောင်းတော်က ကြိမ်းလိုက်တယ်၊ ဘုန်းကြီးတို့ ပရိသတ် ကြိမ်းရဲလား ဝေးလာဝေး၊ အိမ်ရောက်ရင်လေ 'အရှင်ကြီး၊ တပည့်တော်အလို တစ်ခုမှမပါပါဘူး။ ဘုန်းကြီး ဟောလို့သာ နာခံခဲ့ရပါတယ်။ ကန်တော့ပါတယ်၊ တောင်းပန်ပါတယ်၊ အမိုက်အမဲလေးမို့ ဖွဲမယူပါနဲ့'လို့ တောင်းပန်ချင် တောင်းပန်နေဦးမလား မသိဘူး၊ သူဌေးကြီးကတော့...

"ဟယ်...မာရ်နတ်၊ သင်ကပဲ ငါ့ဒါနအန္တရာယ် ပြုနိုင်မလား၊ ပစ္စေကဗုဒ္ဓရဲ့ အသက်အန္တရာယ် ပြုနိုင်မလား၊ ငါကပဲ ပေးလှူနိုင်မလားဆိုတာ ကြည့်ပါလော့"

လို့ မာရ်နတ်ကို ပြောပြီးတော့ လက်အုပ်ချီမိုး ရှိခိုးကာ ပစ္စေကဗုဒ္ဓအရှင်မြတ်ကို လျှောက်ထားတယ်။

"အရှင်ပစ္စေကဗုဒ္ဓ အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် အရှင်ဘုရားတို့အား ဒီဆွမ်းကို တကယ်လို့ ပေးလှူလောင်းလှူခဲ့ပါရင် စင်စစ်ကေန် အမှန်အားဖြင့် ဒီရှားမီးကျီးတွင်းဟု ဆိုအပ်သော ငရဲကြီးသို့ ခြေထောက် မိုးမျှော် ဦးခေါင်းစောက်ထိုး အကယ်၍ ကျပြီးသေငြားအံ့။

http://www.dhammadownload.com



"အရှင်ပစ္စေကဗုဒ္ဓ အရှင်မြတ်ဘုရား၊ အဲဒီလို ဦးခေါင်းစောက်ထိုး ခြေထောက်မိုးမျှော်ကျသော်လည်း တပည့်တော်ဟာ မသူတော်တို့ပြုအပ်တဲ့ အလှူမပေးခြင်း၊ သီလမဆောက်တည်ခြင်းဆိုတဲ့ အလုပ်မျိုးကို မပြုလုပ်ပါဘုရား။

"အရှင် ပစ္စေကဗုဒ္ဓအရှင်မြတ်ဘုရား၊ ယခု ဘုရားတပည့်တော် အရှင်ဘုရားတို့အား ဆွမ်းလောင်းလှူပါတော့မယ်ဘုရား။

"အရှင်မြတ်ဘုရားတို့သည် ဘုရားတပည့်တော်ရဲ့အသက်ကို ငဲ့ကွက်ပြီး တပည့်တော်ရဲ့ဆွမ်းကို အလှူမခံဘဲ ကြွမသွားပါနဲ့အရှင်ဘုရား။ ဘုရားတပည့်တော် သေချင်သေပါစေဘုရား၊ ဘုရားတပည့်တော် အသက်စွန့်ပြီး လောင်းလှူပါ့မယ်ဘုရား၊ ဘုရားတပည့်တော်ရဲ့ဆွမ်းကို အရှင်မြတ်ဘုရား အလှူခံတော်မူပါဘုရား"

လို့လျှောက်ထားပြီး ဆွမ်းခွက်ကို မြဲမြံစွာ ကောက်ယူကိုင်လိုက်ပါတယ်၊ ဘယ်နှယ်လဲဘုန်းကြီးတို့ပရိသတ်၊ လောင်းရဲပါ့မလား၊ မပြောတော့ဘူး၊ ပါးစပ်တွေ ပိတ်ကုန်ပြီ။

ဟိုကတော့လေ ဘုရားတပည့်တော် သေချင် သေပါစေ၊ အရှင်ဘုရားတို့အား လောင်းလှူကို လောင်းလှူမှာပါဘုရား ဆိုပြီး ရှားမီးကျိုးတွင်းပေါ် နင်းချလိုက်တယ်။

http://www.dhammadownload.com



အိမ်မှာရှိနေကြတဲ့ လူအားလုံးဟာ အသက်တောင်မရှူရဲ၊ မရှူဝံ့၊ မရှူကြပါ။ သူဌေးကိုလည်း မတားရဲ၊ မတားဝံ့ကြ၊ အင်း...သူဌေးတော့ ရှားမီးကျီးတွင်းကြီးထဲကျပြီး ကျက်ပြီး ပြာကျပြီးသေပြီလို့ တွက်ပြီး ဝိုင်းကြည့်နေကြပါတယ်။

သူဌေးက ဆွမ်းခွက်ကိုင်ပြီး ရှားမီးကျီးတွင်းထဲလည်း နင်းချလိုက်ရော ရှားမီးကျီးတွင်းထဲမှ ပွင့်ချပ်တစ်ရာရှိတဲ့ ကြာပဒုမ္မာကြီး ပေါ်လာပွင့်လာတယ်။

အေး...သူဌေးရဲ့ ခြေထောက်ဟာ မီးကျီးခဲပေါ် မနင်းရတော့ဘဲ ပေါ်လာပွင့်လာတဲ့ ပဒုမ္မာကြာပွင့်ပေါ် နင်းချရတယ်၊ ဘုရားအလောင်းတော် သူဌေးရဲ့ ခြေထောက်ကို ပဒုမ္မာကြာခံတယ်နော်။

အလောင်းတော်ကတော့ နင်းကတည်းက ရှားမီးကျီးကို ဘာမှ မမှုလို့ နင်းချလိုက်တာ၊ ပဒုမ္မာကြာပွင့်လာသော်လည်း သိပ်ကြီးမအံ့သြပါဘူး။ အေး...အိမ်ပေါ်က ဝိုင်းအံ့ပြီးကြည့်နေကြသူတွေအဖို့တော့ အကြီးအကျယ် အံ့သြနေကြတာပေါ့။

သူတို့ရဲ့အထင်နဲ့ အမြင်နဲ့က တလွဲတခြားစီ ဖြစ်နေတာကို။ သူတို့အထင်က သူဌေးတော့ ပြာကျသေပြီ ထင်ထားတယ်၊ ယခု အမြင်က ပဒုမ္မာကြာပွင့်ပြီး ခြေထောက်ကို

http://www.dhammadownload.com



ခံယူတယ်၊ အေး...ဒါ့ကြောင့် ဘုန်းကြီးတို့ပရိသတ် မှတ်ထား ပါ၊ နေရာတကာမှာ ကိုယ်ထင်တိုင်းမဖြစ်ဘူး။

အေး...အဲဒီ သူဌေးရဲ့ ခြေထောက်ကို ခံယူထားတဲ့ ကြာပန်း၏ ဝတ်မှုန်ဝတ်ဆံများဟာ အပေါ်သို့ ပျံတက်ပြီး သူဌေးရဲ့ဦးခေါင်းပေါ်မှ ရေပန်းကရားနှင့် သွန်းဖျန်းပေးနေ သကဲ့သို့၊ ကြဲနေဘိသကဲ့သို့ အေးမြတဲ့ သီတာစန္ဒကူး၊ ရွှေမှုန် များကြဲချလိုက်သလို ကြဲဖျန်းပေးနေပါတယ်။

အေး...ပဒုမ္မာကြာတစ်ပွင့်ပေါ်လာပြီး ပွင့်လာပြီဆိုတော့ သိပ်အားရှိသွားပြီ၊ နောက်တစ်လှမ်းလှမ်းဖို့ရာ သိပ်ပြီး အားတက်သွားပြီပေါ့။ နောက်တစ်လှမ်း လှမ်းတယ်၊ တစ်ပွင့် ပွင့်လာတယ်၊ အဲဒီကြာပွင့်မှ ဝတ်မှုန်ဝတ်ဆံတွေက အပေါ် တက်ကာ ရွှေမှုန်ကြဲသလို ကြဲဖျန်းပေးတယ်။

အဲဒီလို သူဌေးကြီးကိုယ်ကို မပြောထားနဲ့၊ အင်္ကျီ လုံချည် အဝတ်အထည်ရဲ့ ချည်မျှင်ကလေး တစ်မျှင်ကိုသော်မှ အပူ မထိပါဘူးတဲ့၊ လောင်ကျွမ်းဖို့ဆိုတာ ဝေလာဝေးပါ။

အဲဒီနည်းအတိုင်း ခြေလှမ်းတိုင်း ကြာပွင့်ခံ ကြာဝတ်ဆံ မှုန်တွေ ဖြူးလို့ မီးကျီးတွင်းကြီးရဲ့ဟိုဘက်ကမ်း ပစ္စေကဗုဒ္ဓရဲ့ အနီးအပါးသို့ ရောက်သွားပြီ။

http://www.dhammadownload.com



အေး…ရောက်သွားတယ်ဆိုရင်ပဲ ပစ္စေကဗုဒ္ဓ အရှင်မြတ်ကို အရိုအသေ အလေးအမြတ် ရှိခိုး ဦးချပါတယ်၊ ပြီးတဲ့အခါ ပဒုမ္မာကြာချပ်ပေါ်မှာ ရပ်တည်ပြီး အရှင်မြတ်အား ဆွမ်းလောင်းလှူပါတယ်။

အရှင်မြတ်လည်း ဆွမ်းကိုခံယူပြီးတော့ သူဌေးအား အနုမောဒနာ တရားဟောပေးပါတယ်။ အရှင်မြတ်က အနုမောဒနာတရား ဘယ်လို ဟောပေးလည်းတော့ မသိပါ၊ ဘုန်းကြီးကတော့ ဘုန်းကြီးတို့ ပရိသတ်ကို အဲဒီသူဌေးရဲ့ စေတနာကို အတုယူနိုင်အောင် ဒီလိုဟောချင်ပါတယ်။

**ဒါနံ သာသနမူလံဟိ ဗုဒ္ဓကုံရေဟိ သေဝိတံ။**
**အာ ဒိကတ္တာန ဟေဒါ နံ ပူရေန္တု ဒသပါရမီ။**

ဘောဇ္ဇော–ဗုဒ္ဓဘာသာ သာသနာအရောင် မညှိုးရအောင်၊ မာမကာ၊ အခေါင်းတိုးမည်ဟု သည့်ပိုးပေတောင်း။ အို…ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်အပေါင်းတို့။

ဒါနံ–လှူဒါန်းပုည၊ မြတ်ဒါနသည်

သာသနမူလံဟိ–သာသနမူလံဝေ–အရာရာ မလစ်ဟင်းတဲ့အောင်၊ သာသနာ အသစ်နှင်းသဖြင့်၊ အမြစ်ရင်းမူလ၊ ဒါနကြီးလည်း မည်လှပါပေ၏။

http://www.dhammadownload.com



ဗုဒ္ဓကုံရေဟိ–ဗောဓိနွယ်ဝင် သူတော်စင်ကောင်း၊ ဘုရားအလောင်းတို့သည်။

သေဝိတံယထာ–ဂေါစရဘာဝနာ၊ နှစ်ဖြာမလပ်၊ မှီဝဲအပ်သကဲ့သို့။

တထာ–သာသနာတော် အတွက်ဆိုလျှင်၊ အသက်ကိုပင်၊ ပမာဏမထားဘဲ၊ သဒ္ဓါတရား ဝင်းဝင်းလက်လက်နှင့်၊ တွင်းထွက်စိန်မျိုး၊ တစ်သိန်းတိုးမည့်၊ မည်သူ့ရှင်လန်း၊ သင်ဗုဒ္ဓသာသနာဝင် သူတော်စင် ပုဂ္ဂိုလ်အပေါင်းတို့သည်။

ဒါနံ–လှူဒါန်းပုည မြတ်ဒါနကို၊

အာဒိကတ္တာန–ဘဝကောင်းမှု အစပြု၍။

ဒသပါရမီ–ဗုဒ္ဓဝင်လောင်းမြတ်၊ ဗောဓိသတ်တို့၊ မပြတ်ကျင့်ကြောင်း၊ ဆယ်ဖြာသော ပါရမီ အပေါင်းတို့ကို။

ပူရေန္တု–ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။ ဝါ–ပူရေန္တု အရိုးကြေကြေ၊ အရေစုတ်စုတ်၊ မသွေတမ်း နောက်မဆုတ်ဘဲ ဝီရိယဆိုတဲ့ဖွဲ့နဲ့၊ သည်းသည်းမည်းမည်း အမြဲပဲ ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

"သာဓု–သာဓု–သာဓု"

အေး...ဘုန်းကြီးလည်း ဘုန်းကြီးတို့ ပရိတ်သတ်ကို အနုမောဒနာတရားဟောပေးပြီးပြီ၊ အရှင်မြတ်လည်း သူဌေးကို

http://www.dhammadownload.com



အနုမောဒနာတရား ဟောပေးပြီး ကောင်းကင်သို့ ပျံတက်ကြွသွားပါတယ်။ စဉ်းစားသာကြည့်ပါတော့။ အသက်အသေခံပြီး ဆွမ်းလောင်းလိုက်ရတဲ့ သူဌေးဟာ အဲဒီအခြင်းအရာကို မြင်ရတော့ ဘယ်လောက်ဝမ်းသာလိုက်မလဲ၊ အရှင်မြတ်ကလည်း ကောင်းကင်မှာရှိတဲ့ တိမ်ချပ်တိမ်လွှာများကို နင်းသွားသကဲ့သို့ ကြွသွားပါတယ်။

အရှင်မြတ်က သူဌေးမြင်နိုင်အောင် လောကကို ဖွင့်လှစ်တဲ့ တန်ခိုးပြပြီး ဟိမဝန္တာကို ကြွသွားပါတယ်၊ ဂန္ဓမာနတောင် နန္ဒမူလိုဏ်ရောက်ပြီး ဆွမ်းဘုဉ်းပေးသည်အထိ မြင်နိုင်အောင် တန်ခိုးပြပြီး ကြွသွားပါတယ်။

သူဌေးလည်း အားရဝမ်းသာနဲ့ ဖူးမြော်ပြီးပြန်လာတော့လည်း ကြာပဒုမ္မာပေါ်ပဲ နင်းပြီးတော့ ပြန်လာခဲ့ပါတယ်။

ကောင်းကင်ကနေ အခြေအနေကြည့်နေတဲ့ မာရ်နတ်လည်း လုံးလုံးရှုံးပြီးသွားတဲ့အတွက် နှလုံးမသာမယာနဲ့ ပြန်သွားရပါတယ်။

ဘုရားအလောင်းတော်လည်း ပြန်လာလို့ ဒီဘက်အိမ်နားအရောက်မှာ မီးကျီးတွင်းမှ ပဒုမ္မာကြာပေါ်၌ ရပ်တည်ကာ အိမ်ပေါ်ရှိ စုဝေးကြည့်ရှုနေကြတဲ့ သူ့ပရိသတ်ကို ဒါန၊ သီလကို ချီးမွမ်းလျက် တရားဟောပါတယ်။ ဘယ်လိုဟောလဲ...

http://www.dhammadownload.com



"အချင်းတို့ ငါ့ကို ကြည့်ကြကုန်လော့၊ ငါသည် ပစ္စေက ဗုဒ္ဓအရှင်မြတ်အား အသက်စွန့်ပြီး ဆွမ်းလောင်း လှူခဲ့တယ်။ အဲဒီကုသိုလ်စေတနာကြောင့် ရှားမီးကျီးတွင်းထဲမှ ပဒုမ္မာကြာ ပန်းကြီးတွေ ပေါ်ပေါက်လာတယ်။

"အဲဒါတွေကို သင်တို့ကြည့်ကြလော့၊ ဒါနကုသိုလ်ဆိုတာ နောက်ဘဝတောင်မဆိုင်းဘဲ ယခု မျက်မှောက်ဘဝမှာပင် အကျိုးကျေးဇူး အထူးပေးတယ်။

"သင်တို့လည်း စိတ်စေတနာ သဒ္ဓါတရားမွေးပြီး တတ်နိုင်သမျှလောက် လှူဒါန်းကြ၊ သီလလည်းဆောက်တည်ကြ၊ ဥပုသ်သီတင်းလည်း စောင့်သုံးကြ။

"ကောင်းတဲ့ ကုသိုလ်တရားတွေရှိမှ ပြည့်မှ ကောင်းကျိုးတွေရကြမယ်၊ ကောင်းတဲ့ကုသိုလ်တရားတွေ မရှိက မပြည့်က ကောင်းကျိုးတွေ မရနိုင်ကြ"

စသည်ဖြင့် သူ့ပရိသတ်တွေကို တရားဟောပြီး ပရိသတ်များ ခြံရံကာ အားရရွှင်လန်း ဝမ်းမြောက်စွာနဲ့ အိမ်ထဲဝင်သွားပါတယ်။

တော်သလင်းလဆိုတော့ တော်တော်ကြာ မိုးရွာချလိုက်၊ တော်တော်ကြာ ပူလိုက်နဲ့၊ မိုးရွာတာ ပူတာကို အမှုမထားနိုင်ဘဲ အပြေးအလွှား လုပ်ကိုင်နေကြတာဟာ သာမန်စိတ်

http://www.dhammadownload.com



စေတနာတွေ မဟုတ်ပါဘူး။ သာမန်စိတ် စေတနာနဲ့လည်း မလုပ်နိုင်ပါဘူး။

အေး...အဲဒီလောက်ကြီးကျယ် မြင့်မြတ်တဲ့ စိတ်စေတနာတွေနဲ့ သက်စွန့်ကြိုးပမ်းပြုလုပ်ရတဲ့ ကုသိုလ်ကြီးကလည်း ဝေလာမပုဏ္ဏားကြီးရဲ့ အလှူမှ အဆင့်ဆင့် မြင့်တက်လာလိုက်တာ ခေါင်ထိပ်က ဝိပဿနာ ကုသိုလ်ကြီးပါ။

အဲဒီ ကုသိုလ်ကြီးရဲ့ အကျိုးဟာ ဘယ်ရွေ့ဘယ်မျှ အကြီးအကျယ် အကျိုးပေးမလဲ မဟောနိုင် မပြောနိုင်တော့တဲ့ ကောင်းမှု အစုအပုံကြီး၊ အနန္တကုသိုလ်ပုံကြီးလို့ပဲ မှတ်ယူပြီး ဝမ်းမြောက်ကြပါတယ်နော်။

အေး...ဗာရာဏသီသူဌေး၊ အလောင်းတော်လည်း သူ့ရဲ့ အံ့ဩဖွယ် စေတနာကြောင့် မျက်မှောက်အကျိုးပေးကိုမြင်ပြီး ဝမ်းသာ အားရနဲ့ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတွေ ပြုကာ ကံအားလျော်စွာ လားပါတယ်။

ဘုရားရှင်က အနာထပိဏ်သူဌေးကြီးကို 'သူဌေးကြီး ယခု သင့်အဖြစ်အပျက်က အံ့ဩဖွယ် မဟုတ်သေး၊ ဟိုကမှ အံ့ဩဖွယ်ပဲ'လို့ ဟောပြီး သစ္စာပြုကာ ဇာတ်တော် ပေါင်းလိုက်တဲ့ အခါ ပဉ္စကဗုဒ္ဓအရှင်မြတ်ကတော့ ပရိနိဗ္ဗာန် စံသွားပါပြီ၊ ဗာရာဏသီသူဌေးဟာ ယခုအခါ ဗုဒ္ဓဖြစ်လာပါတယ်။

http://www.dhammadownload.com



အေး...ဒီတရားတော်ကို စိတ်မချမ်းမသာ ဖြစ်နေတဲ့ ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးအား ဘုရားရှင် ဟော ကြားပေးတာပါ။ သူဌေးကြီးလည်း ဒီတရားတော် နာကြားရ တော့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အိမ်ပြန်သွားပါတယ်။

သူဌေးကြီးမှာ မွဲနေစဉ်ကတောင် လှူဒါန်း ပေးကမ်းနေ တာ၊ အခု (၅၄)ကုဋေ အသပြာငွေတွေလည်းရပြီး ဘုရားရှင် ကလည်း ဝမ်းမြောက်ဖွယ် တရားတွေ ဟောပေးလိုက်တယ် ဆိုတော့ ရှေးကထက် ပိုပြီး သဒ္ဓါထက်ကာ လှူမြဲ ဆက်ပြီး တော့ လှူနေပါတယ်။

အေး...အဲဒီမှာ ကြည့်ပါ၊ အကျိုးပေးချင်းတော့လေ၊ ကြိကြိဖန်ဖန် နတ်မိစ္ဆာက ပြစ်မှားပေးရတယ်၊ ပြစ်မှားတဲ့ အတွက် ပြစ်မှား ပြစ်ကို ဒီနတ်ဟာ ဒဏ်ထမ်းရတယ်။ (၅၄)ကုဋေနဲ့ ကန်တော့ရတယ်ပေါ့။

အေး...တစ်ဖက်ကကြည့်ရင် ဒီနတ်လည်း ပြစ်မှားပြစ်ကို ကန်တော့ရအောင် ဘုရားရှင်ထံမှောက် ရောက်လာတဲ့အတွက် တရားနာရလို့ သောတာပန် ဖြစ်သွားတယ်။ နတ်လည်း ကျေးဇူးများသွားပါတယ်။

ဘုန်းကြီးတို့ပရိသတ်လည်း အင်မတန်ကျေးဇူးကြီးကျယ် များပြားတဲ့ တရားအလှူပွဲကြီးနှင့် အဲဒီတရားအလှူပွဲကြီးသို့

http://www.dhammadownload.com



အလှူခံရန် ကြွရောက်လာကြတဲ့ ယောဂီသူတော်စင်တို့အား အာမိသ ဒါန၊ ပစ္စယဒါန အလှူပွဲကြီးကို လှူလိုက်ရလို့ မရေမတွက်နိုင်တဲ့ အကျိုးကျေးဇူးတွေ ရသွားကြပါပြီ။

အဲဒီအကျိုးတွေ ဘုန်းကြီးတို့ ပရိသတ်တွေမှာတော့ ရရှိပါပြီ။ မရသေးတဲ့ ပုဂ္ဂိုလ်၊ သတ္တဝါအများ ရှိပါသေးတယ်။ အေး...အဲဒီ မိမိတို့ကဲ့သို့ ကုသိုလ်မရသေးသော လူတို့ကို မိမိတို့ကဲ့သို့ ကုသိုလ်အဖို့ဘာဂ ရကြပါစေလို့ စေတနာမေတ္တာ ရှေ့ထားပြီး ရေစက်သွန်းချ အမျှဝေကြရအောင်ပါ။

ရေစက်သွန်းချ အမျှဝေတယ်ဆိုတာ အဓိကအားဖြင့် အများအတွက်ပါ။ ကိုယ့်အတွက်ကတော့ ရပြီးသားပါ၊ အေး အဲဒီ ကုသိုလ်မျိုးကို မပြုလုပ်ရသေးလျှင် ပြုလုပ်နိုင်ကြပါစေ၊ ပြုလုပ်ဖူးသူများကလည်း ဆက်လက်ပြီး ပြုလုပ်နိုင်ကြပါစေ သတည်းလို့ ဆုတောင်းရင်း နိဂုံးချုပ် ရေစက်သွန်းချကြပါစို့။

**ဗောဓိယာ ပစ္စယော ဟောတု၊ ဣဒံနော ပုညမင်္ဂလံ။**
**ပုညဘာဂံ သုလဘန္တု၊ ပမောဒန္တု သဒေဝကာ။**

နော–မြင့်မြတ်သာကြည်၊ ပါရမီရင့်ကျူး၊ ဇာနည်ထူး သူတော်စင် ကုသိုလ်ရှင် အကျွန်ုပ်တို့၏။

http://www.dhammadownload.com



ဣဒံပုညမင်္ဂလံ–ဗုဒ္ဓဟောကြား တရားဒေသနာ၊ မြတ်ဩဝါကို၊ နာခံမှတ်သား၊ ပြန်ဟောကြား၍ ပွားများကျင့်ကြံ အဖန်ဖန်ကြိုးကုတ်၊ အားထုတ်ရသည့် ဤကုသိုလ် မင်္ဂလာသည်။

ဗောဓိယာ–သစ္စာလေးအင်၊ နိုင်သဇင်ကို၊ ပြိုင်ယှဉ်ဆွတ်ခူး၊ ထွက်ဖူးရင့်သန်၊ ဗောဓိဉာဏ်အား။

ပစ္စယော–ဥပနိဿယ၊ အမိရ၍၊ မုချရကြောင်း။ ကောင်းမြတ်သော အထောက်အပံ့သည်။

ဟောတု–စင်စစ်မသွေ၊ ဖြစ်ပါစေသတည်း။

ဣဒံဘာဝံစ–ဗုဒ္ဓဟောကြား၊ တရားဒေသနာ၊ မြတ်ဩဝါကို၊ နာခံမှတ်သား၊ ပြန်ဟောကြား၍၊ ပွားများကျင့်ကြံ၊ အဖန်ဖန်ကြိုးကုတ်၊ အားထုတ်ရသည့်၊ ဤကုသိုလ်ပုညမင်္ဂလာ၏ အဖို့ဘာဂကိုလည်း။

သဒေဝကာ–ကမ္ဘာမှာနေသမျှ ဝေနေယျများစွာ၊ သတ္တဝါ အနန္တ မှန်သမျှတို့သည်။

သုလဒ္ဓံ–ရွှင်လန်းကြည်မြေ့၊ ဝါဂွမ်းပုံဆီတွေ့သကဲ့သို့ ပီတိတွေ စိတ်မှာထုံလျက် ဣဋ္ဌာရုံ အတွေ့ထူးမို့ ကြည်နူး ကိုယ်ပိုင် ရရှိနိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



သုလဒ္ဒါ–ကိုယ်စိကိုယ်စီ၊ အလိုညီလျက်၊ ကြည်သာရွှင်ပြုံး၊ အားလုံးမျှတူ၊ အရယူကြကုန်ပြီး၍။

ပမောဒန္တု–ကိုယ်စိတ်နှစ်ဖြာ၊ လိုက္ကစ္စာဖြင့်၊ ကြည်သာရွှင်ပျ၊ ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

ဝါ–ပမောဒန္တု–လူ့ပြည်တွင်မက၊ နတ်ပြည်မှဆက်သွယ်လျက်၊ အထက်နယ် ဗြဟ္မာချဉ်းလို့မို့၊ ဖြာသတင်း ကမ္ဘာတုန်အောင် သဒ္ဒါဟုန်လျှမ်းလျှမ်းမောက်ပြီးလျှင်၊ ဝမ်းမြောက်ဝမ်းသာ၊ ပတ္တနာအောင်ဆု ခါခါပြုလျက်၊ သာဓုသံ အောင်နိမိတ်ဖြင့် အောင်ဘိသိက် သွန်းနိုင်ကြပါစေကုန်သော်။

"သာဓု...သာဓု...သာဓု"

ဓမ္မဒူတအရှင်ပညာဇောတ

ဓမ္မဒူတတောရ

တောင်စွန်း၊ ဘီးလင်းမြို့နယ်။

(၁၀–၄–၀၅)

http://www.dhammadownload.com

http://www.dhammadownload.com

# နိဒါန်း

**ရေးစ, ရေးပြီးချိန်။** ။မိမိသည် ဤ "မီးကျီးတွင်းမှ ပွင့်သောကြာ တရားတော်"ကို သာသနာတော်နှစ် ၂၅၂၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၆ခုနှစ် မိုးဦးတု၊ တော်သလင်းလပြည့်နေ့၌ မွန်ပြည်နယ်၊ ဘီလင်းမြို့နယ်၊ တောင်စွန်း ဓမ္မဒူတတောရ (၅)ကြိမ်မြောက် (၁၀)ရက်စခန်း အပြီးနေ့ည၌ အနုမောဒနာအဖြစ် ဟောကြားခဲ့သော တရားတော်ဖြစ်ပါသည်။

ယင်းတရားတော်ကို သထုံမြို့မှ ဒေါ်မူမူသွယ် (အ–ဆ၊ ၆)က တိပ်ခွေမှ စာမူအဖြစ်သို့ ကူးယူပေးထားသည်မှာ ကြာပါပြီ။

ယင်းစာမူကြမ်းကို ၁၃၄၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်နေ့ စတင်၍ ကျင်းပသော ပေါင်မြို့နယ်၊ သပိတ်အိုင်

http://www.dhammadownload.com



တောရ (၅)ကြိမ်မြောက် စခန်းအစနေ့၌ စတင် စာမူချော အဖြစ်သို့ ရေးသားပါသည်။

ယောဂီတွေ့ကများ၊ ညွှန်သည်တွေ့ကများသဖြင့် စာမျက်နှာ (၁၀)ကျော်လောက်ပဲ ပြီးပါသည်။ ယင်းမှ ရေးမြို့နယ်၊ ဆီးဖြူသောင်ရွာ၊ ဘုန်းတော်ကြီးကျောင်း၌ ၁၃၄၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၂ ရက်နေ့မှ စတင်၍ ပထမအကြိမ် အဖြစ် ကျင်းပသော (၁၀)ရက်စခန်း ဒုတိယနေ့မှ စတင်၍ ရေးသားရာ နှောင်းတန်ခူးလဆုတ် (၆)ရက် (၁၀–၄–၈၅) နေ့၌ အပြီးသတ်ပါသည်။

**ကျေးဇူးဆပ်ပါ၏။** ။မိမိမှာ အလုပ်မအားပါ၊ အလုပ်များပါသည်။ အလုပ်များသည့်အကြားမှာ အအားချိန်၊ အနားချိန်မထားဘဲ စာရှုသူ ပရိသတ်များအပေါ် စေတနာ၊ မေတ္တာ၊ ကရုဏာ အပြည့်ဝထားကာ ရေးသားရသော ကောင်းမှုများဖြင့် မိမိအပေါ်တွင် ကျေးဇူးဥပကာရ အထူးရှိကြပေကုန်သော မိဘနှစ်ပါး၊ ဆရာသမားများ၊ ရဟန်းဒကာ ဒကာမများ၊ ပစ္စည်းလေးပါး ဒကာ ဒကာမများ၊ ဆွေမျိုးဉာတကာများ၊ မိတ်ဆွေသင်္ဂဟများတို့အား ကျေးဇူးတုံ့ပြန်အပ်ပါ၏။

အထူးအားဖြင့် မိမိရောက်ရာ၊ တရားဟောရာ၊ တရားပြရာ (၁၀)ရက်စခန်းများ ကျင်းပရာ ဌာနများမှ ဒကာဒကာမ

http://www.dhammadownload.com



များ။ ဆရာတော် သံဃာတော်များက မိမိ၏ စာပေရေးသား နိုင်ရေးအတွက် အကူအညီပေးကြသည်ကို များစွာ ကျေးဇူး တင်ရှိကာ ယင်းကျေးဇူးများကို သိပြီး ပြန်လည်ဆပ်ပါ၏။

**အမျှဝေပါ၏။** ။ ဤရွေ့ ဤမျှ ရက်များတို့ကို အသုံး ချကာ ဝီရိယ၊ ဖွဲ့နိုင်နိုင်ဖြင့် စေတနာ၊ မေတ္တာ၊ ကရုဏာ တရားရင်ဝယ်ထား၍ ကြိုးစားရေးသားရသော ဤ **မီးကျိုးတွင်း မှ ပွင့်သောကြာ** တရားစာအုပ်ကို ရေးသားရသော ကောင်းမှု ကုသိုလ်ကံတို့၏ အဖို့ဘာဂကို...

"မြင်းမိုရ်စက္ကဝါ၊ ပမာဆယ်ခု၊ နှိုင်းမတုအောင်၊ ဗဟု ပကာရ ဂုဏ်ကြီးလှသား၊ မိဘနှစ်ဖြာ၊ မြတ်ဆရာနှင့်၊ ရာဇသေဌ်နှင်း၊ ရောင်းရင်းငယ်ဖော်၊ ဆွေတော်မျိုးစပ်၊ အရပ်နေစု၊ စတုပစ္စယာ၊ ဒါယိကာ ဒါယိကာမ၊ ဂေါစရ ဂါမ်၊ နိယံမပြတ်၊ နိစ္စဘတ်ဖြင့်၊ ယုတ်မြတ်ကြည်ဖြူ၊ ပေးလှူတတ်စွာ၊ မြို့ရွာပတ်ကုံး၊ သိမ်းကျုံးလုံးစုံ၊ နိဂုံဇနပဒ၊ ဝေးနီးစသည်၊ ရှိကြထိုထို၊ များလှူမိုလ်ပါ၊ ကိုယ်ကို စောင့်တတ်၊ နတ်နှင့်တကွ၊ ဘုမ္မရုက္ခစိုး၊ အာကာသစိုး၊ တန့်ခိုးထဟိဒ်၊ ပုညရိဒ်နှင့်၊ ဂုဏ်ဟိတ်မြင့်မား၊ သိကြား သက္က၊ ဝါသဝနှင့်၊ လောကစောင့်လျှင်း၊ နတ်မင်းလေး ဖြာ၊ သာတာဂိရ၊ ဟေမာတ၊ ကုန္တ စိတ္တ၊ စသည်

http://www.dhammadownload.com



တွက်ဖွဲ့၊ နှုတ်ဆက်ရှစ်ဦး၊ နတ်စစ်မှူးဟု၊ အထူးမည်ရ၊ အဒ္ဒဝိသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထို့ပြီတထွေ၊ ရေပင်လယ်သွား၊ သူတော်များအား၊ စောင့်ကြားတတ်သည့်၊ မဏိမေခလာ၊ တစ်ဖြာထိုမှ၊ ဒသက္ကသရ၊ လောကသဟာယ်၊ ဝန်းပတ်ရံခြံ၊ မဟာပြုံတို့၊ ပြောတုံဆူဆူ မိုးသူမိုးသား၊ မြေဖွားရေပေါက်၊ ထိုရွှေ့ လောက်တိ၊ ထက်အောက်ဝန်းကျင်၊ များပုံပင်အား၊ အကြင်ရှိသမျှ၊ မကျန်ရအောင်၊ ဝေငှမသွေ၊ "အမျှ–အမျှ–အမျှ"ဝေပါသည်၊ ရစေငါ့နှယ်အတူတည်း။

**ဆုတောင်းလွှာ**။ ။ဤမီးကျိုးတွင်းမှပွင့်သောကြာ တရားတော်စာအုပ်ကို စေတနာ၊ မေတ္တာ၊ ကရုဏာတရား ရင်ဝယ်ထား၍ ကြိုးစားရေးသားရသော ကောင်းမှုကုသိုလ်တို့ကြောင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို ချမ်းသာသော အကျင့်၊ လျင်မြန်သော အသိဉာဏ်တို့ဖြင့် ထိုးတွင်းသိမြင်၍ သုံးဝင်ဘုံသား၊ ဝေနေယျ သတ္တဝါများကို တရားစည်ကြီး သောင်းထိုက်ဟည်းအောင် ရိုက်တီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အရောက်ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

http://www.dhammadownload.com



**တောင်းပန်တိုက်တွန်းလွှာ။** ။ဤမီးကျီးတွင်းမှ ပွင့်သော ကြာ တရားတော်စာအုပ်၌ သတိမေ့မှား တိမ်းပါးချွတ်ချော်၊ မလျော်ကန်ရာ၊ အဖြာဖြာတို့ အကယ်စင်စစ် သတိလစ်ကာ ပါဝင်မိကုန်ငြားအံ့၊ ယင်းတို့ကို ပညာရှိများ အပြစ်မထားဘဲ ပယ်ရှားနိုင်ကြပါစေကုန်သတည်း။

ဗုဒ္ဓမိန့်ဟ လမ်းစဉ်ကျသည့် အပြစ်ကင်းပ လမ်းပြ ဒေသနာ ကျင့်စရာ အဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ် သတိချပ်၍ အပြတ်ပုံသေ ကျင့်နိုင်ကြပါစေကုန်သတည်း။

ယင်းသို့ ကျင့်ကြံနိုင်ကြသဖြင့် လောကီ လောကုတ် မယုတ်ပွားတိုး ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ ပြည့်ကာ ကြွယ်မောက် ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

ဓမ္မဒူတ–အရှင်ပညာဇောတ

၁၃၄၆–ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၆–ရက်

http://www.dhammadownload.com



# ကြေးကြော်သံ

မမွဒူတ၊ စာပို့ချ၊ သင်ကြကျင့်ကြစေ။

မမွဒူတ၊ စာရေးပြ၊ ဖတ်ကြကျင့်ကြစေ။

မမွဒူတ၊ ဟောဖော်ပြ၊ နာကြကျင့်ကြစေ။

မမွဒူတ၊ တရားပြ၊ ကျင့်ကြကျိုးရစေ။ ။